# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၁၉၄)



နေပြည်တော်ရှိ Aureum Palace ဟိုတယ်အား တွေ့ရစဉ်

# နေပြည်တော်ရှိဟိုတယ်များ ဧည့်မျှော်နေရ ရေရှည်ရပ်တည်ရန် ခက်ခဲသည့်ကိစ္စဖြစ်နေ

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ ဟိုတယ်/ခရီး

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်သည် အစိုးရအဖွဲ့ ရုံးစိုက်ရာနေရာတစ်ခုဖြစ်ပြီး တိုင်းပြည်အတွက် ပြည်သူများရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်တို့ ပြည်သူ့အကျိုးဖော်ထုတ်ဆောင်ရွက်ရာ လွှတ်တော်အသီးသီးတို့ တည်ရှိရာ လည်းဖြစ်သည်။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က စတင်ဖွံ့ဖြိုးစည်ကားလာခဲ့ပြီး သံရုံးများ၊ အဖွဲ့အစည်းများ၊ ဈေးများ၊ ရှော့ပင်းမောများ၊ ဟိုတယ်ကြီးများ၊ တပ်မတော်တပ်ရင်းများ၊ ဝန်ကြီးဌာနရုံးများနှင့် ကမ္ဘာ့အဆင့်မီ အားကစားကွင်းကြီးများက နေပြည်တော်၏ နေရာအနှံ့အပြားစိမ်းလန်းသောသစ်တောများအကြား နေရာယူထားကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆



နေပြည်တော်ပတ်ဝန်းကျင် ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးနေသည့် နိုင်ငံခြားသား ဧည့်သည်များ

# မန္တလေးမြို့တွင် ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း နေ့အပူချိန်မြင့်တက်နိုင်၍ နေထိုင်သွားလာမှုဆင်ခြင်သင့်

မင်းထက်အောင်(မန်းကိုယ်ပွား)

**မန္တလေး ဧပြီ ၁၀**

၂၀၁၆ ခုနှစ်သည် အယ်နီညိုနှစ်ဖြစ်သည့်အတွက် မန္တလေးတွင် ဧပြီ ၅ ရက်နောက်ပိုင်း နေ့အပူချိန်များ မြင့်တက်လာရာ နေထိုင်သွားလာမှုဆင်ခြင်သင့်ပြီး သင်္ကြန်ပွဲတော်ကာလအတွင်းအပူချိန် ၄၃-၄၄ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်ကြောင်း အထက်မြန်မာပြည် မိုး/ဇလဗေဒညွှန်ကြားရေးမှူးဦးကျော်လွင်ဦးက ပြောသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ●

## ထူးခြားသည့်နေ့အပူချိန်များ ၁၀-၄-၂၀၁၆

| | | | |
|---|---|---|---|
| မြင်းခြံမြို့ | ၄၅ ဒီဂရီစင်တီဂရိတ် | မင်းဘူးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ချောက်မြို့ | ၄၅ ဒီဂရီစင်တီဂရိတ် | မကွေးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ရွှေဘိုမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| စစ်ကိုင်းမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | အောင်လံမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မန္တလေးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီးမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီစင်တီဂရိတ် | ဘော်လခဲမြို့ | ၄၃ ဒီဂရီစင်တီဂရိတ် |



# မြန်မာ့အလင်း

## ဂေါ်ဇီလာအယ်နီညိုနှင့် မြန်မာ့ရိုးရာသင်္ကြန်

အိမ်နီးချင်းနိုင်ငံတစ်ခုတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် လူအသေအပျောက်များရှိကြောင်း နိုင်ငံတကာသတင်းများ၌ တွေ့ရှိရချိန်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မြို့တစ်မြို့၏ နေ့လယ်ခင်းအပူချိန်က အိန္ဒိယအပူလှိုင်းထက် မြင့်မားနေသည်ကို ပြည်တွင်းသတင်း၌ တွေ့ရသည်။

ရေတွင်းရေကန်နှင့် ဒေသအလိုက်ရေအရင်းအမြစ်များ၊ ရေထွက်များ ခန်းခြောက်သွားသည့် သတင်းများ၊ ဒေသအနှံ့အပြားတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လာသည့် သတင်းများ၊ ရေကူရေလှူသည့်သတင်းများက အထက်အောက် မြန်မာနိုင်ငံအနှံ့ မြို့ရွာအသီးသီးမှထွက်ပေါ်လာကာ မီဒီယာအသီးသီးတို့ပေါ် ရောက်ရှိလာသည်။ နွေအပူနှင့်အတူ အယ်နီညိုဟူသည့် မြန်မာအမည်မဟုတ်သော အမည်နာမကို ကျေးလက်နေသူတို့ပင် သိရှိရင်းနှီးစပြုလာပြီ။ သို့တိုင်အောင် ယခုနှစ်ကြုံသည့် အယ်နီညိုက ရိုးရိုးအယ်နီညိုမဟုတ်၊ အပြင်းစား အယ်နီညို၊ ဂေါ်ဇီလာအယ်နီညိုဟု မိုး/ဇလပညာရှင်တို့က ဆိုကြသည်။

ကမ္ဘာ့ရေပမာဏ၏ တစ်ရာခိုင်နှုန်းသာလျှင် လူတို့သောက်သုံးနိုင်သည့်ရေဖြစ်ရာ ရေသည်လူတို့အတွက်အရေးပါသော သယံဇာတအရင်းအမြစ်တစ်ခုဖြစ်ကြောင်း သတိမူရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေတိုးပွားလာပြီး မြို့ရွာများတိုးချဲ့လာခြင်း၊ သစ်ပင်သစ်တောများပြုန်းတီးလာခြင်း၊ ရေအရင်းအမြစ်များလျော့နည်းလာခြင်း၊ ရာသီဥတုပူပြင်းလာခြင်းစသည်တို့ကြောင့် သောက်သုံးရေနှင့် စိုက်ရေပျိုးရေလိုအပ်ချက်များလည်း များပြားလာသည့်လက္ခဏာတို့ကို တွေ့မြင်လာရပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ တံလျှပ် တရှိန်ရှိန်ထနေသည့် နေပူပူအောက်မှာ သင်္ကြန်တေးသံတို့က လေပူပူနှင့်အတူ လွင့်မျောလာသည်။

နွေအပူကိုအန်တုကာ ရိုးရာရေသဘင်ပွဲကို နိုင်ငံအနှံ့ ဆင်နွှဲရန် ပြင်ကြပြီ။ အပူထဲမှာ အေးရာအေးကြောင်းကို ရှာကြတော့မည်။ လူငယ်လူရွယ်များက ရေကစားကြကာ သက်ကြီးရွယ်အိုများက ဘုရားရိပ်ကျောင်းရိပ်ခိုပြီး တရားဘာဝနာ ပွားကြတော့မည်။ အပျော်ရှာသူများ အပျော်လွန်ရာမှ ဘေးမတွေ့စေရေးအတွက် ဆိုင်ရာဆိုင်ရာတို့က ကြိုတင်နှိုးဆော်မှုများ ပြုလုပ်ထားကြသည်။ သင်္ကြန်ကာလ မူးယစ်ဆေးဝါးနှင့် လိင်စိတ်ကြွဆေးဝါးတို့၏ အန္တရာယ်ကို သတိမူကြစေရေး၊ သင်္ကြန်ကာလ အမှုအခင်းများ မဖြစ်ပွားရေး၊ သင်္ကြန်ကာလ ယာဉ်မတော်တဆမှုများ ကင်းဝေးရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြရေးစသည်တို့ကို မီဒီယာအသီးသီးမှတစ်ဆင့် အသိပေးလျက်ရှိကြသည်။

ယမန်နှစ်က ရန်ကုန်သင်္ကြန်တွင် ရေဂါလန်သန်းပေါင်း ၁၄၀ ကျော်ခန့် သုံးစွဲခဲ့သည်ဟုဆိုသည်။ မဏ္ဍပ်ကြီးများ၏ ကုန်ကျစရိတ်ကလည်း သိန်းပေါင်းထောင်ချီသကဲ့သို့ အဆိုပါရေကစားမဏ္ဍပ်ကြီးများတွင် ရေကစားကြသူများသုံးစွဲခဲ့သည့် ငွေပမာဏက သည့်ထက်ပို၍ များပြားမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယခုနှစ် မှာတော့ အတိုင်းအတာတစ်ရပ်အထိ ကန့်သတ်လိုက်ပြီဖြစ်သည်။ ငွေကြေးတတ်နိုင်သူတို့က မြန်မာ့ရိုးရာသင်္ကြန်ကို ဟိုတယ်များထဲသို့ ဆွဲသွင်းကာ သရုပ်ဖျက်ရန် စီစဉ်ကုန်ကြသည်။ ရေမဖြုန်း၊ ငွေမဖြုန်းဘဲလည်း ရိုးရာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲ၍ရပါသည်။

သင်္ကြန်ဆိုသည်မှာ ပြောင်းလဲခြင်းဟူသည့် အနက်အဓိပ္ပာယ်ရှိသည်။ ရေကစားမဏ္ဍပ်ကြီးများပေါ်တွင် ဗွီအိုင်ပီများနှင့် ၄င်းတို့၏ မိသားစု ဆွေမျိုးများအတွက် သီးသန့်နေရာပေးကာ ခွဲခြားဆင်နွှဲခဲ့ကြသည့် ဗွီအိုင်ပီသင်္ကြန်၊ ခေတ်ပေါ်ဓာတ်ကသူကြွယ်ကြီးများ၏ ခရိုနီသင်္ကြန်တို့နှင့်တကွ သရုပ်ပျက်သင်္ကြန်၊ မူးယစ်သင်္ကြန်၊ ရေဖြုန်းငွေဖြုန်းသည့်သင်္ကြန်တို့ တစ်စတစ်စ မေးမှိန်ပျောက်ကွယ်ကာ မြန်မာ့ရိုးရာသင်္ကြန်သာ ထာဝရတည်တံ့ပါစေကြောင်း။




### မြန်မာ့ယဉ်ကျေးမှု အတာသင်္ကြန်

လမ်းတစ်လျှောက်
ပန်းပိတောက် ဝင်းရွှေဝါ။
မလေးပျို ဘယ်မမုန်းတယ်
ပင်လုံးညွတ်ဖြာ။
ပန်ဦးကွဲ့ ဆံကေသာ
မင်္ဂလာရှိတဲ့နှစ်သစ်ကူး။
ဆုထူးပန်ခြွေ
ပန်းသပြေရေတစ်ခွက်ရယ်နဲ့
အလန်းနွေ သွေမပျက်အောင်ပ
မြန်မာ့ယဉ်ကျေးမှုအမွေ
ထိန်းသိမ်းကာ ဝတ်စားဆင်လို့
အလှတွင် အယဉ်ဆင့်ဟန်နှင့်
ပြိုင်စံမမီ စာပန်းချီ ခြယ်သီလို့
ဆုံးနိုင်ဘု
ပင်လုံးလှိုင်
ပိတောက်ခိုင် ဝါဝါဝင်းပါလို့
မောင်နှမ အရင်းပမာ
ချစ်ခင်စွာ ရေကစားကြတဲ့သင်္ကြန်ပွဲ
ကျင်းပမြဲ အစဉ်အလာမို့
မာစေ သာစေ တောင်းဆုခြွေ
ဒီနွေသင်္ကြန်ရက်
လောင်းပက်လို့မြူး။ ။

**အောင်မြင့်စိုး(ရေစကြို)**

## မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့်လေ့ကျင့်

**မန္တလေး ဧပြီ ၁၀**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် မန္တလေးမြို့တော် မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုအစီအစဉ်ကို ယနေ့ညနေ ၆ နာရီက မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ရှေ့၌ ကျင်းပကြောင်း သိရသည်။

အစမ်းလေ့ကျင့်မှုကို ကျုံးတောင်ဘက် ၂၆လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားရှိ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင်ကျင်းပရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူ ၁၅၀၀ တို့က တူညီဝတ်စုံများဖြင့် သတ်မှတ်နေရာများတွင် နေရာယူခြင်း၊ ဖွင့်ပွဲနေ့တွင် ဆောင်ရွက်မည့်အစီအစဉ်အလိုက် အစမ်းလေ့ကျင့်ခြင်း၊ ဖွင့်ပွဲသီချင်းသီဆို၍ ကျောင်းသူများနှင့် သင်္ကြန်မဏ္ဍပ်မှ မြို့တော်စည်ပင်ယိမ်းအကအဖွဲ့များမှ ကပြဖျော်ဖြေခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အစမ်းလေ့ကျင့်ရေး အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်း-တင်မောင်**
**ဓာတ်ပုံ-မင်းထက်အောင်**



### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၁.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၁.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၄၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၆၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# လူမျိုးတိုင်းတွင် စာပေယဉ်ကျေးမှုများရှိရမည်၊ စာပေယဉ်ကျေးမှုကွယ်ပျောက်လျှင် လူမျိုးလည်းကွယ်ပျောက်မည်

မြဝတီ ဧပြီ ၁၀

**ကရင်တိုင်းရင်းသူ၊ တိုင်းရင်းသားများအနေဖြင့် ကိုယ့်မြို့ စည်ပင်တိုးတက်အောင်ဆောင်ရွက်ရင်း၊ ကိုယ့်အမျိုး၊ ကိုယ့်စာပေတိုးတက်အောင်ဆောင်ရွက်ရင်းဖြင့် ကိုယ့်ပြည်နယ် တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းရုံး၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။**



နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲအခမ်းအနားတွင် ကရင်တိုင်းရင်းသား တိုင်းရင်းသူများ ရိုးရာအကဖြင့်ဖျော်ဖြေစဉ်

ရှေးဦးစွာ အခမ်းအနားတွင် သဘာပတိ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးစောအေးမြိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လူမျိုးတိုင်း၊ လူမျိုးတိုင်းတွင် ၎င်းတို့၏ စာပေယဉ်ကျေးမှုများရှိရမည်ဖြစ်ပြီး အမြဲတမ်းလည်းတိုးတက်နေရမည်ဖြစ်ကြောင်း၊ လူမျိုး၏ စာပေယဉ်ကျေးမှုများကွယ်ပျောက်လျှင် လူမျိုးလည်း ကွယ်ပျောက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ စာပေယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးသည့် မြဝတီမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းကြီးကိုလည်းကောင်း၊ သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများကိုလည်းကောင်း၊ စိတ်ပါဝင်စားစွာ သင်ယူကြသည့် သင်တန်းသူ သင်တန်းသားများကိုလည်းကောင်း မိမိအနေဖြင့် ဂုဏ်ယူချီးကျူးသည်ဟု ပြောကြားလိုပါကြောင်း။

ယခုအချိန်အခါတွင် မိမိတို့ လူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေတို့ကို တိုးတက်မြင့်မားအောင်၊ ကိုယ့်လူမျိုး တိုးတက်အောင် ဆောင်ရွက်နေသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း၊ လက်ရှိအစိုးရသစ်အနေဖြင့်လည်း တိုင်းရင်းသားများ၏ အခွင့်အရေးများကို ဦးစားပေးဆောင်ရွက်နေသည့် အနေအထားဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစောစိန်ဝင်းက သင်တန်းဖွင့်လှစ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး သဘာပတိအဖွဲ့ဝင် ဦးစောမင်းခင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် တာဝန်ရှိသူများသည် သင်တန်းထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါ သင်တန်းကို မတ် ၁၈ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကြယ်သီးဦးဆောင်သော သင်္ကြန်သံချပ်အဖွဲ့ အနုပညာရှင်များနှင့်အတူ သင်္ကြန်အကြိုဖျော်ဖြေမှု ပြုလုပ်

**ရန်ကုန် ဧပြီ ၁၀**

သီးလေးသီးအဖွဲ့မှ ကြယ်သီး ဦးဆောင်သော သင်္ကြန်သံချပ်အဖွဲ့သည် ဂီတအနုပညာရှင်များနှင့် သင်္ကြန်ကြိုသံချပ်ဖျော်ဖြေမှုများကို ရန်ကုန်မြို့ Junction များ၌ ဧပြီ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပြုလုပ်၍ ပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့ကြောင်းသိရသည်။

"ပထမတော့ Junction တွေ အတွက်ပဲ ရည်ရွယ်ခဲ့တာ။ ဒါပေမယ့် ပြည်သူတွေက သိပ်အားမရဘူးပြောကြတယ်။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ ခေါင်းဆောင် ကိုမောင်အေးက ပရိသတ်တောင်းဆိုတဲ့ ပြည်သူ့ဟာစ်သံပုံစံမျိုးလုပ်ဖို့ပြောတာနဲ့ ပြန်လုပ်ရတာပါ။ အထူးတလည်စဉ်းစားထားတာ။ သိပ်တော့ မပါဘူး။ အရေးတကြီးနဲ့ ပြန်ပြောင်းလိုက်ရတာ။ ပြီးတော့ ခုအစိုးရသစ်ကလည်း ရက်ပိုင်းပဲဆိုတော့ ဘာသရော်ရမှန်းမသိသေးဘူး"ဟု ကိုကြယ်သီး သံချပ်အဖွဲ့မှ ကိုကြယ်သီးက ပြောသည်။

ကြယ်သီးဦးဆောင်သော သံချပ်အဖွဲ့ ၁၆ ဦးသည် ဧပြီ ၈ ရက်တွင် လှည်းတန်း Junction Square ၌ ညနေ ၅ နာရီတွင်လည်းကောင်း၊ Junction mawtin ၌ ည ၇နာရီခွဲတွင် လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ရှစ်မိုင်လမ်းဆုံရှိ Junction ၌ ညနေ ၅ နာရီတွင် လည်းကောင်း၊ ည ၇ နာရီခွဲတွင် Junction Zawana တွင်လည်းကောင်း၊ ယနေ့ ဧပြီ ၁၀ ရက်တွင် လှည်းတန်း Junction Square ၌ လည်းကောင်း၊ ပြည်သူများအား အနုပညာရှင်များဖြစ်သည့် တေးသံရှင် ဇော်ပိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ပန်းရင့်ရောင်၊ မို့မို့ဇော်ဝင်းနှင့် ငြိမ်းငြိမ်းအိတို့က ဖျော်ဖြေခဲ့ကြသည်။

"အရင်တုန်းကလို ပြည်သူကိုမျက်စိဖွင့်၊ နားဖွင့်ပေးတဲ့ သံချပ်ဟစ်ကြွေးသံမျိုးတွေကို ပြန်ကြားချင်သေးတယ်။ ဦးတို့ငယ်တုန်းကဆို အဲဒီလိုနာမည်ကြီးတဲ့ သံချပ်အဖွဲ့တွေကို လှည့်လည်ပြီးတော့ လိုက်ကြည့်တာ။ ရယ်လည်းရယ်ရ ပြည်သူ့အတွက်လည်း မျက်စိဖွင့်ပေးတဲ့ သံချပ်မျိုးတွေဆို အလွန်ပဲနားထောင်လို့ ကောင်းသလို ပြည်သူ့အတွက်လည်း အကျိုးပြုတယ်။ ခုတက်လာတဲ့အစိုးရကလည်း ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီအစိုးရဆိုတော့ နောက်တော့ အဲဒီလိုသံချပ်မျိုးတွေ ပြန်ပြီးတော့ ကြားလာရမယ်လို့ထင်တယ်။ ဒီနှစ်သင်္ကြန်မှာပဲကြည့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်သစ်က သံချပ်တွေနဲ့ပတ်သက်ပြီး ဘာမှပိတ်ပင်တားဆီးတာမျိုး မလုပ်ထားဘူးလို့ ပြောတယ်"ဟု အသက် ၆၀ ကျော် အဘိုးဦးတင့်ကျော်က သင်္ကြန်သံချပ်နှင့် ပတ်သက်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်ရင်ဖွင့်ခဲ့သည်။

**သတင်း-စိန်လွင်အောင် (မြန်မာ့အလင်း)**



ရန်ကုန်မြို့ လှည်းတန်း Junction Square ၌ ကြယ်သီးဦးဆောင်သော သင်္ကြန်သံချပ်အဖွဲ့က မော်တော်ယာဉ်ပေါ်မှ သင်္ကြန်သံချပ်များဖြင့် ပရိသတ်များအား ဖျော်ဖြေစဉ်

ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၅ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၈၃မှု ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၂၈ ဦး၊ သေဆုံးသူ ၁၀၅ ဦးရှိခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။
၈။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီး ဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြား မသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ဘာနီဆန်းဒါးစ်က ဟီလာရီကို အနိုင်ရရန်ပြင်ဆင်နေ

**ဝါရှင်တန် ဧပြီ ၁၀**

ဘာနီဆန်းဒါးစ်သည် အမေရိကန်ဒီမိုကရက်တစ် သမ္မတလောင်းပြိုင်ပွဲအဖြစ် စနေနေ့က ဝိုင်အိုမင်ပြည်နယ်တွင် အနိုင် ရရှိခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသည်။ ၎င်းသည် နယူးယောက်ရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်ဖြစ်သည့် ဟီလာရီ ကလင်တန်ကို အနိုင်ရရှိရန် ပြင်ဆင်ထားသည်။



ဗားမောင့်ဆီးနိတ် လွှတ်တော်အမတ် ဆန်းဒါးစ်သည် နောက်ဆုံး ဒီမိုကရက်တစ် ပြည်နယ်ရွေးကောက်ပွဲရှစ်ခုတွင် ခုနစ်ပြည်နယ် အနိုင်ရရှိထားသည်။ အဓိက ပြိုင်ဘက် ဟီလာရီကလင်တန်ကို အနိုင်ရရှိရန် ဆန်းဒါးစ်၏ ဒီမိုကရက်တစ်တို့က ကြိုးစားလျက်ရှိသည်။

ကလင်တန်နှင့် ဆန်းဒါးစ်တို့သည် လာမည့် ဧပြီ ၁၉ ရက်တွင် နယူးယောက်၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဆန်းဒါးစ်အနေဖြင့် ဟီလာရီကလင်တန်ကို အနိုင်ရရှိရန် ပြင်ဆင်ထားသည်ဟု ဆိုသည်။

(ရိုက်တာ)

# အပူလှိုင်းကြောင့် အိန္ဒိယတွင် လူ ၁၁၁ ဦး သေဆုံး

**နယူးဒေလီ ဧပြီ ၁၀**

တောင်ပိုင်းပြည်နယ်များဖြစ်သည့် တီလန်ဂန်နာနှင့် အန်ဒရာပရာဒေ့ရှ် ပြည်နယ်များတွင် အပူလှိုင်းကြောင့်လူ ၁၁၁ ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

၎င်းပြည်နယ်နှစ်ခု၌ အပူချိန်မှာ ၄၅ ဒီဂရီဆဲလ်စီးရပ်ဖြစ်သည်။ အပူလှိုင်းဖြတ်ပြီး အပူလျှပ်ခြင်းကြောင့် တီလန်ဂန်နာပြည်နယ်တွင် လူ ၆၆ ဦး သေဆုံးခဲ့ပြီး အန်ဒရာပရာဒေ့ရှ်တွင် လူ ၄၅ ဦး သေဆုံးခဲ့သည်။

လွန်ခဲ့သည့်နေ့များအတွင်း အပူချိန်မှာ စံချိန်တင်မြင့်မားခဲ့သည်ဟု မိုးလေဝသဌာနက ပြောသည်။ အဆိုပါ ပြည်နယ်နှစ်ခုအတွင်း ဧပြီလတွင် ပုံမှန်မိုးရွာသွန်းမှုမရှိသည့်အတွက် အပူချိန်မြင့်မားလာရခြင်းဖြစ်ကြောင်း ပြောသည်။

ပြည်နယ်အတွင်းနေရာအချို့မှာ ဧပြီလပထမပတ်အတွင်း အပူချိန်မကြုံစဖူးမြင့်တက်ခဲ့ပြီး ယခင်စံချိန်များထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ပြည်သူများအနေဖြင့် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း နေပူထဲသွားလာခြင်းမှ တတ်နိုင်သမျှရှောင်ရှားရန် အာဏာပိုင်များက သတိပေးထားသည်။

(ဆင်ဟွာ)

# ဘုရားကျောင်း၌ မီးလောင်ကျွမ်းမှုကြောင့် လူ ၁၁၀ ကျော် သေဆုံး

**နယူးဒေလီ ဧပြီ ၁၀**

အိန္ဒိယနိုင်ငံတောင်ပိုင်း ပြည်နယ်ကီရာလာတွင် တနင်္ဂနွေနေ့နံနက်က နာမည်ကျော် ဘုရားရှိခိုးကျောင်းအတွင်း မီးရှူးမီးပန်းများ အလှုပြပစ်ဖောက်ရာမှ မီးလောင်ကျွမ်းခဲ့ရာ လူ ၃၉၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး လူ ၁၁၀ ကျော် သေဆုံးခဲ့ကြောင်း ရဲများက ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ယခုမီးလောင်ကျွမ်းမှုအတွက် လွန်စွာဝမ်းနည်းရကြောင်း၊ ရိုးရာဘုရားပွဲတော်အတွင်း မီးလောင်ကျွမ်းမှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့သူများအတွက် များစွာစိတ်မကောင်းဖြစ်ရကြောင်း ပြောသည်။

ဒေသစံတော်ချိန် နံနက် ၃နာရီဝန်းကျင်တွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးများနှင့်ကလေးများအများဆုံးပါဝင်သော လူ ၁၅၀၀၀ ခန့်သည် မီးရှူးမီးပန်းအလှုပြပစ်ဖောက်မှုကိုကြည့်ရှုရန် ဘုရားကျောင်းအတွင်း စုဝေးခဲ့ကြသည်။ မီးလောင်ကျွမ်းမှုကြောင့် ဘုရားကျောင်းခေါင်မိုး ပျက်စီးသွားခဲ့သည်။ မီးရှူးမီးပန်းများနှင့် ဗျောက်အိုးများ သိုလှောင်ထားရှိရာအခန်းမှ ပေါက်ကွဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်ဟုရဲများကယူဆလျက်ရှိသည်။

လူပေါင်းများစွာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ဆေးရုံဝန်ထမ်းများကလည်း လိုအပ်သည့် ကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)



မီးလောင်ကျွမ်းမှုကြောင့် ဒဏ်ရာရသူများ ဆေးရုံ၌ ဆေးကုသမှုခံယူစဉ်။

# အိုင်အက်စ်တို့အား ချေမှုန်းရန် အမေရိကန်က ဘီ - ၅၂ ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်

**ဝါရှင်တန် ဧပြီ ၁၀**

အီရတ်နှင့်ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းရာတွင် ပူးပေါင်းပါဝင်နိုင်ရေး ကာတာနိုင်ငံသို့ စနေနေ့တွင် အမေရိကန်လေတပ်က ဘီ - ၅၂ ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်လိုက်ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

အဆိုပါဖြန့်ကြက်မှုသည် ၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲအပြီး အရှေ့အလယ်ပိုင်း၌ ပထမဆုံးဖြန့်ကြက်မှုဖြစ်သည်။ အာဖဂန်စစ်ပွဲ၏ အစိတ်အပိုင်းအဖြစ် ၂၀၀၆ ခုနှစ် မေလကတည်းက ဒေသတွင်း လည်ပတ်ဆောင်ရွက်နေသော ခရီးဝေးမောင်းနှင်အသုံးပြုနိုင်သည့် အဆိုပါဗုံးကြဲလေယာဉ်များသည် ပျံသန်းထွက်ခွာသွားကြောင်း အမေရိကန်လေတပ်ဗဟိုစစ်ဌာနချုပ်က ပြောသည်။

ယင်းဗုံးကြဲလေယာဉ်များသည် ၂၀၁၅ ခုနှစ် မေလက ဂျော်ဒန်တွင် အမေရိကန်ဦးဆောင်၍ စစ်ရေးလေ့ကျင့်ခဲ့ကြသည်။

ယင်းဗုံးကြဲလေယာဉ်များအနေဖြင့် အိုင်အက်စ်တို့အား ဆက်လက်ချေမှုန်းသွားမည်ဖြစ်ကြောင်း အမေရိကန်လေတပ်ဌာနချုပ် ဒုတိယဗိုလ်ချုပ်ကြီး ချာလီဘရောင်းက ပြောသည်။

ယင်းဗုံးကြဲလေယာဉ်များကို ကာတာနိုင်ငံ အယ်အူဒိစ်အဲဘေစင်၌ အခြေစိုက်ချထားဖွယ်ရှိကြောင်း ချာလီဘရောင်းက ပြောသည်။

(ဆင်ဟွာ)

# ဟစ်တလာမွေးဖွားရာအိမ်ကိုသိမ်းယူရန် ဩစတြီးယားစီစဉ်

**ဗီယင်နာ ဧပြီ ၁၀**

ဩစတြီးယားအစိုးရသည် အဒေါ့ဖ်ဟစ်တလာမွေးဖွားခဲ့သည့် အိမ်ကိုပိုင်ဆိုင်ခွင့်ရရေး နှစ်ပေါင်းများစွာကြိုးစားခဲ့ပြီး နာဇီလက်သစ်တို့၏လက်အတွင်း ကျရောက်မသွားစေရန်အတွက် အဆိုပါအိမ်ကို သိမ်းယူလိုခြင်းဖြစ်သည်။

အဆိုပါအိမ်သည် သမိုင်းဝင်အထိမ်းအမှတ်ဖြစ်ခြင်း၊ ထူးခြားခြင်းနှင့် လူအများစိတ်ဝင်စားခြင်းတို့ကြောင့် ယင်းအိမ်ကိုသိမ်းယူနိုင်ရေး ဆွေးနွေးမှုများပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ယင်းအိမ်ကို ပိုင်ရှင်ထံမှဝယ်ယူရန် ဆွေးနွေးမှုများ နှစ်ပေါင်းများစွာကြာအောင် ပြုလုပ်ခဲ့သော်လည်း အကျိုးမဖြစ်ထွန်းခဲ့သည့်အတွက် ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ အိမ်ပိုင်ရှင်အနေဖြင့် အိမ်ကိုဆုံးရှုံးရသည့်အတွက် လျော်ကြေးရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်ပြောသည်။

ဟစ်တလာသည် ၁၈၈၉ ခုနှစ် ဧပြီ ၂၀ ရက်တွင် Brunau am Inn ရှိ အိမ်တွင် မွေးဖွားခဲ့သည်။ ယင်းအိမ်ကို နာဇီအစိုးရထံမှ ဝယ်ယူပြီးနောက် ဂျာမနီအမျိုးသားဆိုရှယ်လစ်တို့လက်ထက်တွင် သမိုင်းဝင်အဆောက်အအုံအဖြစ် ထိန်းသိမ်းခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပိုမာမိသားစုထံ ပြန်လည်လွှဲပြောင်းခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ဂါလင်ဒီပိုမာက ပိုင်ဆိုင်ခဲ့သည်။

ဩစတြီးယားအစိုးရက ယင်းအိမ်ကို ၁၉၇၂ ခုနှစ်တွင် ငှားရမ်းခဲ့ပြီး မသန်စွမ်းများ ထိန်းသိမ်းစောင့်ရှောက်ရေးဂေဟာအဖြစ် အသုံးပြုခဲ့သည်။

(ရိုက်တာ)



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု စုပေါင်းရဟန်းခံရှင်ပြုအလှူတော် အောင်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု စတုတ္ထအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော် အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမရှေ့ ဥပစာ၌ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအမှူးပြုသော သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၃၀ အား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၃၆ ပါးကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊



မိသားစုများက လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ဧည့်ပရိသတ်များသည် မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မဟာဝိဇိတာရုံ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်္ဂလာဇေယျုပါဋ္ဌိ တက္ကသိုလ် ကျောင်းတိုက်ဆရာတော်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ထုတ်ကုန်ပစ္စည်းအရည်အသွေးကောင်းရန်နှင့် စက်ရုံစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၀**

မိမိထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမကောင်းကို သုံးစွဲသူပြည်သူများက ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးကောင်းအောင် ထုတ်လုပ်ရန်လိုကြောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီ ၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ စက်မှုဝန်ကြီးဌာနမှ မြန်မာ့နဂါးစိမ်းကုမ္ပဏီသို့ ငှားရမ်းထားသည့် ဆပ်ပြာစက်ရုံ(ရမည်းသင်း)သို့ရောက်ရှိစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆပ်ပြာချက်လုပ်ရာတွင် ထွက်ရှိသောရေဆိုးများကို စနစ်တကျစွန့်ပစ်ရန်လိုကြောင်း၊ စွန့်ပစ်သည့်ရေဆိုးများကြောင့် စက်ရုံပတ်ဝန်းကျင်ရှိ ဒေသခံတောင်သူများကိုမထိခိုက်ရန် အရေးကြီးပါကြောင်း၊ လက်ရှိထုတ်လုပ်နေသည့် ရွှေဝါဆပ်ပြာများ၏အရည်အသွေးကို ပြည်သူလူထုကြိုက်နှစ်သက်ရန်လိုကြောင်း၊ စက်ရုံအနေဖြင့် ရေဆိုးစွန့်လွှတ်မှုအပေါ် ဒေသခံတောင်သူများ၏ကန့်ကွက်မှုမရှိအောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံမှထွက်ရှိသောရေနမူနာများယူ၍ ဓာတ်ခွဲစမ်းသပ်မှုပြုလုပ်မည်ဖြစ်ကြောင်း၊ ဒေသခံများလက်ခံလာအောင် ရေဆိုးကန်ပတ်ဝန်းကျင်တွင် သစ်ပင်များစိုက်ပျိုးထားရှိပြီး သက်သေပြရန်လိုကြောင်း၊ စက်ရုံငှားရမ်းထားသောကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်ဒေသတောင်သူများ ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် ညွှန်ကြားပြီး စက်ရုံရှိကုန်ထုတ်လုပ်မှုပိုင်းမှ ရေဆိုးစွန့်ပစ်မှုအခြေအနေ၊ ရေဆိုးစွန့်ပစ်ကန်များ တူးဖော်ထားရှိမှုအခြေအနေနှင့် ဈေးကွက်သို့တင်ပို့ရောင်းချရန် အသင့်ဖြစ်နေသည့် ရွှေဝါဆပ်ပြာများ ထုပ်ပိုးထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးလွင်ပြင်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မြင်းမွေးမြူရေးဌာန(ဟဲဟိုး)သို့ ရောက်ရှိရာ ဌာနတာဝန်ခံက မြင်းများ မွေးမြူထားရှိမှုအခြေအနေ၊ စိုက်ကွင်းများအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများအတွက်လိုအပ်သည့် မြွေဆိပ်ဖြေဆေးများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် မြင်းနှင့်သိုးများ စနစ်တကျမွေးမြူရေးမှာကြားပြီး မြင်းများထားရှိသည့် မြင်းဇောင်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂)သံမဏိ စက်ရုံ(ပင်းပက်) သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကထုတ်ကုန်နှင့်အစိုးရမှထုတ်ကုန်များသည် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိထုတ်ကုန်များအရည်အသွေး၊ ဈေးနှုန်း၊ ဝန်ဆောင်မှုတို့တွင် ပုဂ္ဂလိကနှင့် ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သည့်ဝန်ထမ်းခန့်ထားနိုင်ရန် ဒေသခံများကို ဦးစားပေးခန့်ထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန် အထောက်အကူပစ္စည်းများ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စက်ရုံစွန့်ပစ်အပူမှ လျှပ်စစ်ဓာတ်အား (40 MW) ထုတ်လုပ်နိုင်မည်ဖြစ်၍ မိမိစက်ရုံမှ အသုံးပြုပြီး ပိုလျှံလျှပ်စစ်ဓာတ်အား (15 MW) ကို National Grid သို့ ပို့လွှတ်ရောင်းချမည့်ကိစ္စအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းထားရန်လိုကြောင်း၊ စက်ရုံတည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Tyazhpromexport Co., (TPE)၊ Danieli Co., တို့နှင့် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံ၍ လိုအပ်ချက်များအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးသင်္ကြန်အကြိုနေ့၌ သံဃာတော်အပါး ၁၀၀၀ အား ဘုံဆွမ်းလောင်းလှူမည်

**မန္တလေး ဧပြီ ၁၀**

အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် ပရိတ်တရားတော်နာယူခြင်းနှင့် သံဃာအပါး ၁၀၀၀ အား ဘုံဆွမ်းလောင်းလှူပွဲကို မြို့တော်မဟာ သင်္ကြန်ဗဟို မဏ္ဍပ်တွင် ဧပြီ ၁၂ ရက် မဟာ သင်္ကြန်အကြိုနေ့ နံနက် ၅ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်သူ မြို့တော်သားများအားလုံး၊ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစေရန်လည်းကောင်း၊ ဘေးရန်ကင်းကွာချမ်းသာစွာ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက်ရည်ရွယ်၍ မြို့တော်မဟာသင်္ကြန်ပွဲတော်ပရိတ်တရားတော်နာယူခြင်းနှင့် ဘုံဆွမ်းလောင်းလှူပွဲ ကျင်းပခြင်းဖြစ်ကာ သင်္ကြန်အကြိုနေ့ နံနက် ၅ နာရီတွင် သံဃာတော်အပါး ၁၀၀၀ အား ဘုံဆွမ်းလောင်းလှူမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် ဆရာတော် ၃၆ ပါးတို့အား ဆွမ်းကပ်လှူဒါန်း၍ ပရိတ်တရားတော်များ နာယူသွားမည် ဖြစ်သည်။

"ပရိတ်တရားတော်နာယူခြင်းနဲ့ ဘုံဆွမ်းလောင်းအသင်းတွေ ကိုယ်တိုင် လာရောက်လှူဒါန်းနိုင်ပါတယ်။ ဘုံဆွမ်းလောင်းပွဲမစတင်မီ အကယ်ဒမီစိန်မွတ္တားနဲ့အဖွဲ့က ဓမ္မတေး၊ ရေခင်းသံတို့နဲ့ ဖျော်ဖြေမှာဖြစ်ပြီး ရေစက်ချ တရားနာယူပြီးတဲ့နောက်မှာလည်း တေးသီချင်းဖြင့်တွဲဖက်၍ ယိမ်းအဖွဲ့မှ ကပြဖျော်ဖြေပြီး မဟာသင်္ကြန်ကို ကြိုဆိုသွားမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မန္တလေးမြို့တော်နေ ပြည်သူများနှင့် ဘုံဆွမ်းလောင်းအသင်းများသည် လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြမည့် ဆရာတော်၊ သံဃာတော်များအား ကိုယ်တိုင်ပူးပေါင်းပါဝင်ပြီး ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်းကို အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ဧပြီလ ၄ ရက်နေ့ထုတ် စာမျက်နှာ ၅ တွင်ပါရှိသည့် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာအုပ်စု၊ ကျမ်ခမ်း-ဇယ်ခမ်း-စန်းကားကျေးရွာချင်းဆက် ကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲသတင်းတွင် ရေးသားဖော်ပြခဲ့သည့် ဝိုင်းမော်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထွန်း**(အစား)** ဝိုင်းမော်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ် ဒု-အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထွန်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၁၁-၄-၂၀၁၆(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၇း၅၀ - **မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းကျဆင်းရေး လုံခြုံရေးဆောင်ရွက်ထားမှု ပြောကြားချက်**
- ၉း၃၅ - ခါသင်္ကြန်အဆိုအကများ
- ၁၀း၃၅ -သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင်**သင်္ကြန်ပြတိုက်**
- ၁၁း၃၅ - **အတိတ်မန္တလေး သင်္ကြန်ပုံရိပ်များဆီသို့ အောက်မေ့သတိရတမ်းတခြင်း**
- ၁၃း၅၀ - ဖြူ/မဲရုပ်ရှင် **ကညာပျိုနဲ့ ဇရာအို** (အပိုင်း-၁) **ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ စံရှားတင်၊ ခင်သန်းနု (ဒါရိုက်တာ-ဘိတ်ကလာတဲ့င်ပြာရည်)**

**ညပိုင်း**

- ၁၅း၃၅ - ၂၀၁၆ ခုနှစ် ဧပြီလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်များနှင့် ကြိုတင်သတိပြုဖွယ်ရာများ
- ၁၆း၁၅ - **ကြည့်ရှုခံစား သဘာဝအလှများ**
- ၁၆း၃၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၁၈း၂၀ - **အေးချမ်းပျော်ရွှင်ရေသဘင်၊ တူယှဉ်နွဲပျော် မဟာသင်္ကြန်ပွဲတော် အသိပညာပေး စကားဝိုင်း** (အပိုင်း-၂)
- ၁၉း၁၅ - ရှုမဆုံးတော့သည့် လူချွန်လူကောင်း၏ ရုပ်ပုံလွှာ (အပိုင်း-၁)
- ၁၉း၅၀ - မြန်မာ့နှစ်ကူး----တန်ခူးလေပြည်
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံခြားဇာတ်လမ်းတွဲ မြင့်မိုရ်မေမေ (အပိုင်း-၃၁) မျိုးကြွေးသံ NRC သင်္ကြန်(အပိုင်း-၁)

**မှတ်ချက်။** ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အစွန်းရောက်စိတ်များမှ အလယ်လမ်းသို့

**အောင်ကျော်အေးချမ်း**

ဧပြီလ ၁ ရက်နေ့က စတင်ဖွဲ့စည်းခဲ့တဲ့ အစိုးရသစ်သက်တမ်း ၁၀ ရက် ရှိလာပါပြီ။ မကြာခင်သင်္ကြန်ကာလကိုလည်း ရောက်ရှိတော့မှာပါ။ ဒီကာလအတွင်း အစိုးရသစ် ဘာတွေလုပ်ဆောင်ခဲ့ပါသလဲ။ အထူးခြားဆုံး ဆောင်ရွက်ချက်နှစ်ခုရှိပါတယ်။ တစ်ခုက နိုင်ငံတော်တစ်ရပ်လုံးရဲ့ ပြုပြင်ပြောင်းလဲရေး၊ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များ ပိုမိုချောမွေ့စေဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့တာနဲ့ ဒီဥပဒေ ပြဋ္ဌာန်းပြီး နောက်တစ်ရက်မှာပဲ နိုင်ငံတော်အတိုင်ပင်ခံရဲ့ ဆောင်ရွက်ချက်နဲ့ တစ်နိုင်ငံလုံးရှိ နိုင်ငံရေးအကျဉ်းသားနဲ့ ကျောင်းသားများ လွတ်မြောက်လာတာပဲ ဖြစ်ပါတယ်။

မြန်မာ့အပြောင်းအလဲရဲ့ ဖြစ်စဉ်တိုင်းဟာ အလွယ်တကူ၊ မတော်တဆ၊ တိုက်ဆိုင်မှုတွေနဲ့ ဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ အသေအချာ နှိုင်းချိန်တွက်ဆမှု၊ သတိကြီးစွာ အဘက်ဘက်ကို ချင့်ချိန်မှုတွေနဲ့ တစ်လှမ်းချင်း လှမ်းခဲ့ရတာပါ။ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအလွန် အစိုးရဖွဲ့စည်းရေးလုပ်ငန်းစဉ်များအထိ ဖြစ်စဉ်တွေဟာ တစ်ဆင့်ချင်းဖြစ်ပေါ်ခဲ့တာပါ။ လူထုတစ်ရပ်လုံးရဲ့ နိုင်ငံရေး သိမြင်မှုတွေဟာလည်း အလွန်မြင့်မားတဲ့အဆင့်ကို ဖြည်းဖြည်းချင်း မြင့်တက်လာတာလို့ ဆိုရမှာပါ။ ဒီလိုမြင့်မားလာဖို့အတွက် လူမှုကွန်ရက်တွေက စွမ်းဆောင်မှုတွေပါသလို၊ စာပေအနုပညာနယ်ပယ်က ပုဂ္ဂိုလ်တွေနဲ့ လူတစ်ဦးချင်း စွမ်းဆောင်မှုတွေကလည်း ပါဝင်အကျိုးပြုခဲ့ကြတာ ဖြစ်တယ်။

လက်ရှိအပြောင်းအလဲကိုကြည့်ရင် အမေရိကန်နိုင်ငံရဲ့ ၁၉၂၉-၁၉၃၀ လောက်က စီးပွားပျက်ကပ်ကို ကျော်လွှားနိုင်အောင် ကြိုးပမ်းခဲ့ရပုံနဲ့ ခပ်ဆင်ဆင်တူတယ်လို့ ဆိုနိုင်မှာဖြစ်တယ်။ အမေရိကန်စီးပွားပျက်ကပ်မှာ ဘဏ်တွေအားလုံး ပြိုလဲသွားခဲ့တာဖြစ်တယ်။ လူထုသန်းပေါင်းများစွာရဲ့အပ်နှံငွေတွေဆုံးရှုံးသွားခဲ့တယ်။ လူလေးဦးမှာ တစ်ဦး အလုပ်လက်မဲ့ဖြစ်သွားတယ်။ မြို့ကြီးတွေမှာဆိုရင် လူဦးရေ ၅၀ ရာခိုင်နှုန်းလောက် အလုပ်လက်မဲ့ဖြစ်သွားတယ်။ ကျေးလက်က လယ်ယာထုတ်ကုန်တွေဟာ ရောင်းရမယ့်ဈေးကွက်မရှိတော့လို့ ပုပ်သိုးပျက်စီးကုန်တယ်။ ဒီစီးပွားပျက်ကပ်ဟာ ဥရောပအထိ ကူးစက်သွားခဲ့တာဖြစ်တယ်။ လစ်ဘရယ်ဒီမိုကရေစီ အရေးနိမ့်ပြီး အစွန်းရောက်ဝါဒများဖြစ်တဲ့ ဖက်ဆစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒသာ ရွေးချယ်စရာရှိတော့တယ်ဆိုတဲ့ သဘောဖြစ်လာပါတယ်။

အမေရိကန်သမ္မတ ဖရန်ကလင်ဒီရူးစဗဲ့ (FDR) ဟာ ဒီအခြေအနေက အမေရိကကို ကယ်တင်နိုင်ခဲ့တာဖြစ်လို့ ဂျော့ခ်ျ ဝါရှင်တန် အေဘရာဟင်လင်ကွန်းတို့နဲ့အတူ အမေရိကန်ရဲ့ ဩဇာအရှိဆုံး သမ္မတသုံးဦးမှာ ပါဝင်ခဲ့တာဖြစ်တယ်။ အဲဒီကာလမှာ သူချမှတ်ခဲ့တဲ့ New Deal ဆိုတဲ့ ပေါ်လစီဟာ အဓိကအားဖြင့် တစ်နိုင်ငံလုံးကြီးမားလှတဲ့ အလုပ်လက်မဲ့လူထုကြီးကို မြှင့်တင်ပေးခဲ့တာဖြစ်တယ်။ ဒီပေါ်လစီက အစိုးရနဲ့ လူထုကြား ဆက်ဆံရေးကို အခြေခံကအစ ပြောင်းလဲတာဖြစ်ပြီး အရင်းအနှီးနဲ့ လုပ်အားကြား ဟန်ချက်ကို ပြန်လည်ထိန်းညှိပေးတာဖြစ်တယ်။ ဒီနောက် စက်မှုလုပ်ငန်းတွေကို ပိုမိုပြီး လူသားဆန်အောင်ပြုလုပ်ပေးခဲ့တာဖြစ်တယ်။ ဒီလိုလုပ်ရာမှာ အရေးအကြီးဆုံးကတော့ ပထမသုံးလ (ရက် ၁၀၀)အတွင်း အပြောင်းအလဲအတွက် အဓိကကျတဲ့ ဥပဒေအများအပြားကို ပြဋ္ဌာန်းပေးခဲ့တာဖြစ်တယ်။ ရက် ၁၀၀ အတွင်း အောင်မြင်မှုရခဲ့တယ်ဆိုပေမယ့် စီးပွားရေးမှန်တန်း အခြေအနေကိုရောက်ဖို့ ၁၀ နှစ်လောက် ကြိုးပမ်းခဲ့ရတာဖြစ်တယ်။ ၁၉၄၂ ခုနှစ် သမ္မတ ထရူးမင်းလက်ထက်ကျမှ New Deal ကနေ Fair Deal ဆိုတဲ့ ပေါ်လစီပြောင်းလဲကျင့်သုံးနိုင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့အခြေအနေက စီးပွားရေးတစ်ခုတည်းမဟုတ်ပါဘူး။ နှစ်ပေါင်း ၅၀ လောက် လိုက်စားလာတဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ အမျိုးသားရေး မကျေနပ်မှုတွေပါ ပါဝင်နေတာပါ။ ဒါကြောင့် အဖိနှိပ်ခံလာရတဲ့အခြေအနေကနေ တစ်စုံတစ်ရာ ပွင့်လန်းလာတဲ့ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ လူမျိုးရေး၊ ဘာသာရေး၊ အကျိုးစီးပွားတူအုပ်စုများဟာ နိုင်ငံရေး၊ စီးပွားရေးကိုယ်စားပြုမှုများနဲ့အပြိုင် Idendity တွေ ဖော်ထုတ်လာကြတာတွေ့ကြရတာပါ။ ဒီလိုဖော်ထုတ်ခဲ့ကြပေမယ့် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေအပါအဝင် ကျောင်းသားအရေး၊ အလုပ်သမား၊ လယ်သမားအရေးတွေအားလုံးမှာ အပြီးတိုင် ဖြေရှင်းနိုင်တဲ့အဆင့်ကို မရောက်ခဲ့ပါဘူး။

အခု အစိုးရသစ်မှာတော့ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးစီးကိုင်တွယ်မှာဖြစ်ပြီး ကျန်ကိစ္စတွေကိုတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပေါ်လစီချမှတ်ပြီးဆောင်ရွက်ကြမယ့်သဘောပါ။ ဒါကြောင့် အခုလွတ်မြောက်လာတဲ့ ကျောင်းသားတွေရဲ့ တောင်းဆိုမှုတွေဟာလည်း ပညာရေးဝန်ကြီးဌာနကပဲ တာဝန်ယူညှိနှိုင်းပေးရမှာပါ။ လတ်တလောလွတ်မြောက် လာသူတွေနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မှာ ဝေဖန်ပြောဆိုသံတွေ ညံနေတာကတော့ စိတ်မကောင်းစရာပါ။ တစ်ဖက်ကပြန်လည်လွတ်မြောက်လာသူတွေကလည်း တစ်နှစ်လောက်အတွင်း ပြောင်းလဲလာတဲ့နိုင်ငံရေးဖြစ်စဉ်တွေကို ဘက်ပေါင်းစုံလေ့လာဖို့ လိုတာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အပေါ်မှာပြောခဲ့သလို အုပ်စုတိုင်း၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုတယ်လို့ ဆိုကြသူတိုင်းဟာ အလွန်အကျွံ Idendity ဖော်ထုတ်မှုတွေ၊ ကိုယ့်အရေးကိစ္စသာ အရေးကြီးဆုံးဆိုတဲ့ စဉ်းစားမှုတွေကို လျှော့ကြရမှာဖြစ်ပါတယ်။

အရေးကိစ္စအားလုံးဟာ အစိုးရသစ်ရဲ့ မူဝါဒတွေဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေး ရေးရှုတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးဆိုတဲ့ မဟာဗျူဟာခြေလှမ်းတွေရဲ့ လက်အောက်ခံသာဖြစ်ပါတယ်။ ဒါကြောင့် မနေ့ကပဲ သီတဂူဆရာတော် အရှင်ဉာဏိဿရရဲ့ နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာထဲမှာ အစွန်းရောက်စိတ်တွေကြောင့် ယနေ့ကမ္ဘာကြီးဟာ အလွန်အရုပ်ဆိုးနေပါပြီ၊ ထို့ကြောင့် ဒီနေ့ ဒီနှစ်သစ်ကူးပွဲတော်ကြီးမှာ အစွန်းရောက်စိတ်တွေကို အလယ်လမ်းသို့ ပြန်ရောက်အောင် ဝိုင်းဝန်းတောင်းဆိုကြပါလို့ မိန့်ကြားသွားတာဖြစ်ကြောင်း တင်ပြရပါတယ်။

**အရေးကိစ္စအားလုံးဟာ အစိုးရသစ်ရဲ့ မူဝါဒတွေဖြစ်တဲ့ အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေး ရေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးဆိုတဲ့ မဟာဗျူဟာခြေလှမ်းတွေရဲ့ လက်အောက်ခံသာဖြစ်**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ၁၀-၄-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် နေပြည်တော်တွင် ၄၁ ဒီဂရီစင် တီဂရိတ်၊ ရန်ကုန်မြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့တွင် ၄၄ ဒီဂရီ စင်တီဂရိတ်ဖြစ်နိုင်သည်။ **(မြန်မာ့အလင်း)**




● *ရှေ့ဖုံးမှ*

ဧပြီ ၅ ရက်မှစ၍ မန္တလေးမြို့ နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်နှင့်အထက် မြင့်တက်လာရာ ၉ ရက်နေ့တွင် ၄၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိရှိလာ၍ ၂၀၁၀ ပြည့်နှစ်က မန္တလေးမြို့၏ အပူချိန် အမြင့်ဆုံးစံချိန်တင်ခဲ့သည့် ၄၅ ဒီဂရီစင်တီဂရိတ်သို့ နီးကပ်လာသဖြင့် အထူးဂရုပြုကြရန် လိုသည်ဟုဆိုသည်။

"အပူပိုင်းဒေသတွေမှာ ၄၄ အထိရောက်နိုင်တယ်။ အနောက်ဘက်ကလေပွေလှိုင်းတွေရှိပြီး သင်္ကြန်ကာလမှာတော့ အစွန်းရောက် အပူချိန်မဖြစ်နိုင်ဘူး။ Heat stoke ကတော့ အပူချိန်မြင့်မားမှု ကြာရှည်တာနဲ့ဆိုင်မယ်လို့ထင်တယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့ နေ့အပူချိန်များမှာ ၂၀၁၀ ပြည့်နှစ် မေလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၅ ဒီဂရီစင်တီဂရိတ်ဖြင့် စံချိန်တင်ခဲ့ပြီး ၂၀၁၁ တွင် ၄၀ ဒသမ ၇ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၂ တွင် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၃ တွင် ၄၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်၊ ၂၀၁၄ ခုနှစ်တွင် ၄၂ ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်ဟု ဆိုသည်။

"အယ်နီညိုနှစ်ဆိုတော့ နေ့အပူချိန်တွေက မြင့်လာမယ်လို့ခန့်မှန်းတယ်။ မန္တလေးသားတွေ ၄၃ ဒီဂရီစင်တီဂရိတ်ကို ဖာရင်ဟိုက်နဲ့ပြောရင် ၁၀၉ လောက်ခံစားနေရပါပြီ။ မိုးမရွာမချင်း အပူချိန်မကျနိုင်သေးဘူး။ မနှစ်ကဒီလောက်မပူဘူး။" မန္တလေးတိုင်းဒေသကြီး မိုး/ဇလမှ လက်ထောက်ညွှန်မှူး ဦးသန်းဇော်က ပြောသည်။

၂၀၁၆ ခုနှစ် ဧပြီ ဒုတိယ ၁၀ ရက်ပတ် မိုး/ဇလ ခန့်မှန်းချက်များအရဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ကြောင်း၊ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ဧပြီလ ဒုတိယ ၁၀ ရက်ပတ်၏ ပျမ်းမျှအပူချိန်ခန့်သာရှိပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ဧပြီလ ဒုတိယ ၁၀ ရက်ပတ်၏ ပျမ်းမျှအပူချိန်တို့ထက် ပိုနိုင်ကြောင်းသိရသည်။

## ယာဉ်စီးခဈေးနှုန်းမြင့်တက်မှုများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေး

**ပုသိမ် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ရန်ကုန်ခရီးစဉ်၌ မဟာသင်္ကြန်ပွဲတော်အမီ နေရပ်ပြန်သူတို့များပြားလာမှုကို အခွင့်ကောင်းယူ၍ ယာဉ်စီးခဈေးနှုန်းမြင့်တက်လာမှုနှင့် သက်တမ်းကုန် ယာဉ်အိုယာဉ်ဟောင်းများ ဝင်ရောက်ပြေးဆွဲမှုရှိနေကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ သိရသဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မော်တော်ယာဉ်ဌာန ယာဉ်ထိန်းတာဝန်ခံရဲမှူးစောဝင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဧပြီ ၁၀ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ပုသိမ်မြို့ဝင် လေယာဉ်ကွင်းရှေ့ မြက်တိုလမ်းမကြီး၌ ရှောင်တခင် စစ်ဆေးခြင်း၊ အသိပညာပေးအရေးယူ ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြောင်းသိရသည်။

"သင်္ကြန်ပွဲအမီ နေရပ်ပြန်သူအများဆုံးမှာ ဝန်ထမ်းမိသားစုတွေဖြစ်ပါတယ်။ ကားသမားတွေက အရင်ငွေကျပ် ၃၅၀၀ ကို ကျပ် ၅၀၀၀/၆၀၀၀ အထိ တိုးပြီး တောင်းတယ်။ ပြီးတော့ ထိုင်ခုံမရ၊ ကျပ်ကျပ်တည်းတည်း လိုက်ပါရတယ်။ အချို့လိုင်စင်သက်တမ်းလွန်ယာဉ်အို ယာဉ်ဟောင်းတွေလည်း ယာဉ်စည်းကမ်း ဖောက်ဖျက်ပြီးတော့ ဝင်ရောက်ပြေးဆွဲမှုတွေလည်းရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယာဉ်စည်းကမ်းသတ်မှတ်ချက်ကျူးလွန်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ ဦးဝင်းအောင်သက်က ပြောကြားသည်။

**ပုသိမ်-လှကြည်**

# အင်တာနက်၏မျက်လုံး (သို့မဟုတ်) တွန်းအား

သင်္ဂဟ

**လက်**ကိုင်ဖုန်းတစ်လုံး သိန်း ၃၀ ကျော် ခေတ်ကနေ သောင်းဂဏန်းပေးရုံနဲ့ လက်ကိုင်ဖုန်း ကိုင်နိုင်တဲ့ခေတ် ရောက်လာတော့ လက်ကိုင်ဖုန်းဆိုတာ ပြည်သူအများစု လက်လှမ်းမီတဲ့ အသုံးအဆောင်ပစ္စည်းဖြစ်လာပါတယ်။ လူငယ်တွေအတွက် ထိုလက်ကိုင်ဖုန်းဆိုတာ မရှိမဖြစ်ပစ္စည်းပါ။ လက်ကိုင်ဖုန်းတွေ ပေါလာတော့ မိသားစုဝင်တွေ အချင်းချင်း အပြန်အလှန် ဆက်သွယ်ပြောဆိုတာကို သာမန်လူမှုရေးကိစ္စမျိုးမှာတောင် အများကြီးအဆင်ပြေလာပါတယ်။ ပိုကောင်းတာက လက်ကိုင်ဖုန်းရှိရင် အင်တာနက်အသုံးပြုနိုင်တာပါ။ ကားပေါ်မှာ၊ ဈေးထဲမှာ၊ ဘတ်စ်ကားဂိတ်မှာ၊ ဆေးရုံမှာ ဘယ်နေရာပဲကြည့်ကြည့် လက်ကိုင်ဖုန်းလေးတွေ ကိုယ်စီကိုယ်စီ ပွတ်နေကြတာကို တွေ့ရမှာပါ။ မကြာခင်က ဖတ်လိုက်ရတဲ့သတင်းတစ်ပုဒ်အရ မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုသူတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ Facebook ကိုပဲ သုံးကြပါတယ်။ ပညာဗဟုသုတတိုးတက်ရာတိုးတက်ကြောင်း၊ လုပ်ငန်းအခွင့်အလမ်း တိုးတက်ရာတိုးတက်ကြောင်း အသုံးပြုသူတွေက ၂၀ ရာခိုင်နှုန်းပဲရှိပါတယ်။

မြန်မာပြည်သူတွေ အင်တာနက်ကိုအသုံးပြုကြတဲ့အခါ ဘာလို့ Facebook တစ်ခုတည်းမှာပဲ အာရုံစိုက်နေရသလဲဆိုတာက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အခြေခံအကြောင်းရင်းက မြန်မာနိုင်ငံရဲ့ အလွတ်ကျက်ပညာရေးစနစ်နဲ့ ဆက်စပ်နေတယ်လို့ ယူဆပါတယ်။ စာစီစာကုံးကို အလွတ်ကျက်ဖြေရတယ်။ သမိုင်းကို ဖြေတဲ့အခါ ဆရာသင်ထားသလိုပဲ ဖြေရတယ်။ ဒီလို အခြေအနေမျိုးမှာ ကျောင်းသား ကျောင်းသူတွေ အချက်အလက်တွေ ကြိုးစားရှာဖွေဖတ်ရှုတယ်ဆိုတာ လုံးဝမလိုအပ်တဲ့ကိစ္စပါ။ တက္ကသိုလ်ကျောင်းသား ကျောင်းသူဘဝမှာလည်း အလွတ်ကျက်ပညာရေးစနစ်ကပဲ လွှမ်းမိုးနေတာပါ။ မဟာဘွဲ့အတွက်၊ ပါရဂူဘွဲ့အတွက် စာတမ်းတွေကို ပိုက်ဆံပေးရေးခိုင်းတယ်ဆိုတာတွေကလည်း ကြားနေကျဇာတ်လမ်းတွေပါ။

**မြန်မာပြည်သူတွေ အင်တာနက်ကိုအသုံးပြုကြတဲ့အခါ ဘာလို့ Facebook တစ်ခုတည်းမှာပဲ အာရုံစိုက်နေရသလဲ ဆိုတာက စိတ်ဝင်စားဖို့ကောင်းပါတယ်။ အခြေခံအကြောင်းရင်းက မြန်မာနိုင်ငံရဲ့ အလွတ်ကျက်ပညာရေးစနစ်နဲ့ ဆက်စပ်နေတယ်လို့ ယူဆပါတယ်။**

ထိုင်းနိုင်ငံမှာ အနေကြာတဲ့ သူငယ်ချင်းတစ်ယောက် လာပြောပြဖူးပါတယ်။ ထိုင်းတက္ကသိုလ်တွေက ဆရာဆရာမတွေဟာ သူ့အဆင့်အလိုက် စာတမ်းတွေကို နှစ်စဉ် မဖြစ်မနေပြုစုတင်ပြကြရပါတယ်။ စာတမ်းတွေရဲ့ အဆင့်အတန်းကိုလည်း လေးလေးနက်နက် စိစစ်ကြပါတယ်။ ဒီတော့ ထိုင်းတက္ကသိုလ်တွေက ဆရာ ဆရာမတွေဟာ ပညာဗဟုသုတတိုးတက်ရာ တိုးတက်ကြောင်း အတွက် အင်တာနက်ကို လက်လွှတ်လို့မရပါဘူး။

အမှန်ကတော့ အင်တာနက်ဆိုတာ ပညာရေးမှာမှ မဟုတ်ပါဘူး။ စီးပွားရေးနဲ့ စီမံခန့်ခွဲရေးအပါအဝင် တိုင်းပြည်ရဲ့ကဏ္ဍတိုင်းမှာ အင်မတန်အသုံးဝင်တာပါ။ မြန်မာနိုင်ငံမှာ ဖြစ်နေတာက အစိုးရဝန်ကြီးဌာနတွေမှာလည်း ကျလာတဲ့အမိန့်အတိုင်းပဲ ဆောင်ရွက်ရတာမို့လို့ အင်တာနက်ကို မွှေနှောက်ရှာဖွေနေဖို့ မလိုပါဘူး။ ပုဂ္ဂလိကကဏ္ဍမှာတောင် ဝန်ထမ်းတွေဟာ ပေးထားတဲ့ တာဝန်တွေကို သမားရိုးကျအတိုင်းသာ ဆောင်ရွက်ရလေ့ရှိတာမို့လို့ ကုမ္ပဏီအများစုမှာ အင်တာနက်ကို ကြိုးစားပမ်းစား အသုံးပြုဖို့မလိုပါဘူး။ ပြောရရင်တော့ မြန်မာနိုင်ငံမှာ အင်တာနက်ကို ပညာဗဟုသုတတိုးတက်ရာ တိုးတက်ကြောင်း၊ လုပ်ငန်းအခွင့်အလမ်းတိုးတက်ရာ တိုးတက်ကြောင်း သုံးစွဲလာဖို့ မျက်လုံး (ဒါမှမဟုတ်) တွန်းအားမရှိသလောက် ဖြစ်နေပါတယ်။ လူထုအစိုးရက သက်ဆိုင်ရာအဖွဲ့အစည်းတွေကို စုစည်းဆက်စပ်ဦးဆောင်ပြီး လူထုကြားထဲမှာ အင်တာနက်ကို ထိထိရောက်ရောက် အသုံးပြုလာအောင် ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။ မြန်မာလူငယ်ထုနဲ့ ကိုက်ညီမယ့် အင်္ဂလိပ်စာသင်ကြားရေးလိုဟာမျိုးကို အင်တာနက်ကတစ်ဆင့် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ပြည်သူလူထုကြား အင်တာနက်ကို အကျိုးရှိရှိအသုံးပြုမှုဟာ မြင့်တက်လာမှာပါ။ FM ရေဒီယိုတွေမှာ မေးလာတဲ့ စိုက်ပျိုးရေးဆိုင်ရာအခက်အခဲပြဿနာတွေကို ပညာရှင်တွေက ပြန်ဖြေကြားတာကို နားထောင်ရပါတယ်။

တိုင်းပြည်အတွက် အကျိုးရှိတဲ့ အစီအစဉ်ပါ။ အင်တာနက်မှာသာ ဒီလိုမေးခွန်းတွေကို ပညာရှင်တွေ စုစည်းပြီး ဖြေဆိုအကြံပေးနိုင်တယ်ဆိုရင် ကျေးလက်လူငယ်ထုဟာ ဒီလိုအင်တာနက်စာမျက်နှာတွေဆီ အာရုံရောက်လာနိုင်ပါတယ်။

စီးပွားရေးလုပ်ငန်းမှာလည်း လုပ်ငန်းချင်း တူရာတူရာအလိုက် ပြဿနာတွေ၊ အခက်အခဲတွေ၊ စိန်ခေါ်ချက်တွေကို အင်တာနက်မှာ အပြန်အလှန် ဖလှယ်ဆွေးနွေးနိုင်ကြမယ်ဆိုရင် တိုးတက်မှုတွေရှိလာမှာကတော့ အသေအချာပါပဲ။ ခြုံပြောရရင်တော့ ပြည်သူလူထုကြား အင်တာနက်ကို အကျိုးရှိရှိ အသုံးပြုလာဖို့ဆိုရင် ရေရှည်လုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံရဲ့ အလွတ်ကျက်ပညာရေးစနစ်ကို ပြုပြင်ဖို့ လိုပါတယ်။ ရေတိုလုပ်ငန်းအနေနဲ့ကတော့ ပြည်သူလူထုအကျိုးရှိရှိ အသုံးပြုနိုင်မယ့် အင်တာနက်စာမျက်နှာတွေ ဖန်တီးပေးဖို့လိုပါတယ်။

ဒီအင်တာနက်စာမျက်နှာတွေကို သုံးလာအောင်လည်း မက်လုံးတွေပေးရမှာဖြစ်သလို တွန်းအားတွေကိုလည်း ဖော်ဆောင်ပေးရမှာပါ။

---

❖ *ကျောဖုံးမှ*

အပိုင်း(၁) ဦးချစ်မောင်လမ်းဘက်ခြမ်းကို ယခု မေ ၁၃ ရက်တွင် သင်္ကြန်ကာလ ပြည်သူများ အဆင်ပြေစေရန်ရည်ရွယ်၍ စတင်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး ကျန်အပိုင်း(၂) အရှေ့မြင်းပြိုင်ကွင်းလမ်းကို လာမည့် ဇွန်လပိုင်းထဲတွင် ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရန် နေ့ရော၊ ညပါ လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဦးချစ်မောင်လမ်းဘက်ခြမ်း အပိုင်း(၁)ကို သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူတွေအဆင်ပြေစေဖို့နဲ့ ယာဉ်ကျပ်တည်းမှု လျော့နည်းစေဖို့အတွက် မေ ၁၃ ရက် သင်္ကြန်အတက်နေ့မှာ ယာဉ်တွေကို စတင်ဖြတ်သန်းခွင့်ပြုမှာဖြစ်ပါတယ်။ အခုလိုဖြတ်သန်းခွင့်ပြုတယ်ဆိုပေမယ့် အပြီးအချောသပ်လုပ်ငန်းတွေကိုတော့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု အဆိုပါခုံးကျော်တံတားအား တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်ပေးနေသည့် ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ ပရောဂျက်ဒါရိုက်တာ ဦးမောင်မောင်မြင့်က ပြောသည်။

တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားသည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်း၊ ဦးချစ်မောင်လမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်း ငါးခွဆုံကိုဗဟိုပြုကာ ဝိုင်ပုံသဏ္ဌာန် တည်ဆောက်လျက်ရှိပြီး ရန်ကုန်မြို့တွင်း တည်ဆောက်ပြီးခုံးကျော်တံတားများနှင့် တည်ဆောက်ဆဲခုံးကျော်တံတားများထဲတွင် အရှည်ဆုံးဖြစ်ပေါ်လာမည့် ခုံးကျော်တံတားကြီးဖြစ်သည်။ တံတားပုံသဏ္ဌာန်မှာ ဝိုင်ပုံသဏ္ဌာန်ဖြစ်ပြီး ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းဘက်ခြမ်း တံတားအရှည်သည် ၂၈၇၅ ဒသမ ၀၇ ပေရှိပြီး နှစ်လမ်းမောင်း လေးလမ်းသွားဖြစ်ကာ အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်သို့ ခွဲထွက်သွားသော လက်တက်ပွား နှစ်လမ်းမောင်း တစ်လမ်းသွားအဖြစ် အသုံးပြုမည့် ခုံးကျော်တံတားသည် အရှည် ၁၉၇၁ ဒသမ ၅၂ ပေ ရှည်မည်ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်ဖြစ်ပြီး တံတားအပေါ်ထည်ကို သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းလက်ရန်းများ တပ်ဆင်တည်ဆောက်လျက်ရှိသည်။ တံတားအကျယ်မှာ ဗညားဒလလမ်း-ဦးချစ်မောင်လမ်းဘက် ပင်မတံတားသည် ၄၂ ပေ ၈ လက်မ၊ အရှေ့မြင်းပြိုင်ကွင်း လမ်းဘက်လက်တက်ပွားတံတားသည် ၂၃ ပေရှိကာ တံတားအောက်ကင်းလွတ်အမြင့်မှာ ၁၆ ပေရှိပြီး ယာဉ်တစ်စီးချင်းစီခွင့်ပြုတန်ချိန်မှာ ၇၅ တန် အထိ ခံနိုင်ဝန်ရှိမည်ဖြစ်သည်။

အခုလို ရန်ကုန်မြို့မှာ ကားကျပ်တာတွေကြောင့် ခုံးကျော်တံတားတွေ ဆောက်တာ တချို့နေရာမီးပွိုင့်တွေဆို အဆင်ပြေတယ်။ တချို့ဆို အဆင်မပြေဘူး။ ဥပမာ လှည်းတန်းလမ်းဆုံဆိုရင် ပြည်လမ်းဘက်ခြမ်းကားတွေပဲ အဆင်ပြေတာ။ ကျန်တဲ့ လေးဘက်လုံးကကားတွေ အရင်ထက် တောင်ပိုကျပ်နေသေးတယ်။ ခုဆောက်နေတဲ့ တာမွေလမ်းဆုံ ဝိုင်ပုံဏ္ဍာန်ဆိုရင်တော့ ကောင်းမှာပါ။ လှည်းတန်းက ပြည်လမ်းဘက်ကိုပဲ ယူထားတော့ ယာဉ်ကြောကျပ်တည်းမှုက အရင်ထက်ပိုဆိုးတယ်။ ခု တာမွေခုံးကျော်တံတားကတော့ အဲဒီအတွေ့အကြုံကို ယူထားတယ်နဲ့တူပါတယ်။ အခုလို သင်္ကြန်ရက်တွင်းမှာ ပင်မလမ်းကြောင်းဖြစ်တဲ့ ဦးချစ်မောင်လမ်းဘက်ကို သွားခွင့်ပြုလိုက်မယ်ဆို သင်္ကြန်ကာလအတွင်း ဒီလမ်းကြောင့် ကားတွေအဆင်ပြေသွားမှာပါ" ဟု အငှားယာဉ်မောင်း ကိုသက်ဇော်က ပြောသည်။



ရန်ကုန်မြို့ တာမွေမြို့နယ်၌ တည်ဆောက်သည့် တာမွေလမ်းဆုံ ခုံးကျော်တံတား၏ ဦးချစ်မောင်လမ်းဘက်ခြမ်း တည်ဆောက်ထားမှုကို တွေ့ရစဉ်

ယခုအကောင်အထည်ဖော်တည်ဆောက်နေသည့် လမ်းငါးခွဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားကို မြန်မာငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံဖြင့် ရွှေတောင်ကုမ္ပဏီက အောင်မြင်ခဲ့ပြီး တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါတံတားတည်ဆောက်ရာတွင် တံတားဘိုးပိုင်များအောက် မြေအောက်တစ်လျှောက်လုံးတွင် ရေမြောင်းများ၊ ရေပိုက်လိုင်းများရှိနေခြင်းကြောင့် အချိန်ကြန့်ကြာမှုအနည်းငယ်ရှိခဲ့သော်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး နေ့ရော၊ ညပါ လုပ်သားအင်အားသုံး၍ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

---

**ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးညွှန်းကိန်း**

**နေပြည်တော် မေ ၁၀ -** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများမှာ နေပြည်တော်၌ ၇ ဒသမ ၄၊ ရန်ကုန်မြို့၌ ၉ ဒသမ ၁ နှင့် မန္တလေးမြို့၌ ၇ ဒသမ ၈ တို့ ဖြစ်ကြသည်။
**(မြန်မာ့အလင်း)**

◆ *ရွှေဖုံးမှ*

၂၀၁၄ ခုနှစ် ယခင်အစိုးရလက်ထက် ခြိမ့်ခြိမ့်သဲစည်ကားခဲ့သည့် အာဆီယံအိမ်ရှင်ဥက္ကဋ္ဌ နိုင်ငံအဖြစ် ထိပ်သီးအစည်းအဝေးပွဲကြီးများ ကျင်းပခဲ့ရာ၌ နေပြည်တော်သည် အသုံးတော်ကို ပြည့်ဝစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အပြင် အိမ်ရှင်နိုင်ငံအဖြစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကိုလည်း အောင်မြင်စွာ ကျင်းပပေးခဲ့ရာနေရာတစ်ခုလည်း ဖြစ်သည်။

အာဆီယံအိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူပြီးသည့် ၂၀၁၄ ခုနှစ် ကုန်ပိုင်းတွင်တော့ ထိပ်သီးအစည်းအဝေးပွဲကြီးများ အောင်မြင်စွာလက်ခံကျင်းပပေးခဲ့သည့် နေပြည်တော်ဟိုတယ်များ၏ တံခါးများသည်လည်း ပိတ်သွားခဲ့သည်မှာ အစိုးရတစ်ခုပြောင်းခဲ့ပြီဖြစ်သည်။ ရန်ကုန်၊ ပုဂံနှင့် အင်းလေးဒေသများတွင် ဟိုတယ်ခန်းများ မလောက်ငှနေသော်လည်း နေပြည်တော်ဈေးကွက်မှာမူ ခြောက်သွေ့နေဆဲဖြစ်ကြောင်း ဟိုတယ်အသိုင်းအဝိုင်းမှ သိရှိရသည်။

"နေပြည်တော်ရဲ့ ဟိုတယ်ဈေးကွက်က MICE မားကတ်ကို ရည်ရွယ်ပြီး တည်ဆောက်ထားတာဖြစ်ပါတယ်။ MICE မားကတ်ဆိုတာ Meeting တွေ၊ Incentive တွေ၊ Conference တွေ၊ Exhibition တွေပြုလုပ်ဖို့အတွက် ရည်ရွယ်ထားတဲ့နေရာကို ပြောတာဖြစ်ပါတယ်။ ဥပမာပေးရရင် ဝါရှင်တန်ဒီစီလို၊ ပေကျင်းလို၊ ဟောင်ကောင်လို နေရာတွေဟာ MICE မားကတ်ဖော်ဆောင်တဲ့နေရာတွေဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာတော့ ရည်ရွယ်ချက်ကောင်းပေမယ့် အမှန်တကယ် လိုက်ပါမလုပ်နိုင်တာကြောင့် ဟိုတယ်အများစုဟာ ရပ်တည်ဖို့ခက်ခဲတဲ့အနေအထားနဲ့ ရင်ဆိုင်နေရတယ်" ဟု နေပြည်တော်ရှိ ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

နေပြည်တော်တွင် ဟိုတယ်ပေါင်း ၈၀ ကျော်ခန့်ရှိပြီး အများစုသည် ပုံမှန်ဧည့်သည်ရရှိရန် အလွန်ခက်ခဲလာခဲ့ကာ အများစုမှာ အစိုးရနှင့် ဆက်စပ်တွေ့ဆုံရန်ရှိသည့် နိုင်ငံတကာအစိုးရအဖွဲ့ဝင်အနည်းငယ်နှင့် စီးပွားရေးလုပ်ငန်းရှင်အနည်းငယ်ကိုသာ ပြည်ပဧည့်သည်အဖြစ် လက်ခံဝန်ဆောင်မှုပေးနေရကြောင်း ဟိုတယ်အသိုင်းအဝိုင်းမှ သိရှိရပြီး အများစုသည် ဆယ်ဂဏန်းမျှသော ဧည့်သည်ကို တစ်လတာလုံး စောင့်ဆိုင်းနေကြရသည်။

"ဟိုတယ်လုပ်ငန်းမှာ အားနည်းချက်တွေအများကြီးရှိပါတယ်။ ရန်ကုန်၊ ပုဂံနဲ့ အင်းလေးလို ဧည့်သည်များတဲ့နေရာတွေမှာ ဟိုတယ်တွေ မလောက်ဘူးဖြစ်နေပြီး နေပြည်တော်လိုနေရာမှာတော့ ဟိုတယ်တွေပုံနေပါတယ်။ ကျွန်တော်တို့ နေပြည်တော်မှာ ဟိုတယ်တွေက ပြတိုက်တွေလိုပဲ ဖြစ်နေရတယ်။ အားနည်းချက်တွေကို ဖြည့်ဆည်းပေးနိုင်ရင်တော့ အလားအလာကောင်းမယ်လို့ ကျွန်တော်ယုံကြည်တယ်" ဟု နေပြည်တော် ဟိုတယ်ဇုန် ၁ မှ ဟိုတယ်ကြီးတစ်ခု၏ အထွေထွေမန်နေဂျာက ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ နေပြည်တော်တွင် မဖွံ့ဖြိုးလာခြင်းသည် နိုင်ငံ၏ စီးပွားရေးစနစ် လိုအပ်ချက်ကြောင့်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ မြှင့်တင်ပေးနိုင်မည့် MICE မားကတ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သည်။ ဒုတိယအချက်မှာ အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ အားနည်းချက်ကြောင့်လည်းဖြစ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက်က နိုင်ငံတော်အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းများရေးဆွဲကာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်မှုများရှိခဲ့သော်လည်း ဟိုတယ်ကြီးများ တည်ဆောက်နိုင်ခဲ့ခြင်းသာ အဖတ်တင်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ၊ ပြည်ဝင်ခွင့်လုပ်ထုံးလုပ်နည်းများနှင့် ဟိုတယ်များ၏ လုပ်ပိုင်ခွင့်ဆိုင်ရာ ကန့်သတ်ချက်များ၊ အများပြည်သူသွားလာရေးစနစ် မအောင်မြင်မှုများနှင့် လည်ပတ်စရာနည်းပါးသည့် အခက်အခဲများသည် နေပြည်တော်ဟိုတယ်များ ရေရှည်ရပ်တည်ရန် အလွန်ခက်ခဲသည့် ကိစ္စရပ်များဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များထံက သိရှိရသည်။

"နေပြည်တော်ကို တိုက်ရိုက်လေကြောင်းတွေရှိပေမယ့် လဝက က ပူးပေါင်းဆောင်ရွက်မှု ကြန့်ကြာတာရှိတယ်။ သူတို့က ခရီးသည်များများ ဝင်တာ မဝင်တာမသိဘူး။ အန္တရာယ်မရှိဖို့ဘဲ အဓိကထားကြတယ်။ လေကြောင်းလိုင်းတွေအနေနဲ့လည်း အခက်အခဲတွေကြားက ရပ်တည်နေရတော့ ထိပ်သီးအစည်းအဝေးကြီးတွေ ရှိတဲ့အချိန်လောက်ပဲ နေပြည်တော်ကို အင်တာနေရှင်နယ်လိုင်းတွေ ဆိုက်ရောက်ဖို့ အဆင်ပြေတယ်။ ကျန်တဲ့အချိန်တွေမှာ သိပ်မသေချာဘူး။ အမှန်တကယ် တံခါးတွေဖွင့်ပေးမှ လွယ်ကူမှာပါ။ အခုအချိန်ထိ ဟန်ပြလောက်ပြောနေကြပေမယ့် အောက်ခြေမှာ အဆင်မပြေမှုတွေ၊ ဗီဇာအချိန်မီ မရတာတွေရှိတယ်။ ဥပမာပြောရရင် လယ်ကွင်းထဲမှာ စတိုးဆိုင်ဖွင့်ထားသလိုပေါ့။ စတိုးဆိုင်ရောင်းကောင်းချင်ရင်တော့ လယ်ကွင်းထဲမှာ မြို့ကြီးတည်ဆောက်မှုရမယ်။ ဒါမှမဟုတ်ရင် အဲဒီစတိုးဆိုင် ပိတ်သာထားဖို့ပဲရှိပါတယ်။ ဟိုတယ်/ခရီးကဏ္ဍဖွံ့ဖြိုးဖို့ သူ့ချည်းဆောင်ရွက်နေရင် ဘယ်တော့မှမအောင်မြင်ပါဘူး။ ကြိုးနီစနစ်ကို ဖြတ်ပစ်မှသာရမယ်"ဟု မြန်မာနိုင်ငံသို့ စီးပွားရေးလာရောက်လုပ်ကိုင်နေသူ နိုင်ငံခြားသားတစ်ဦးကလည်း သူ့အတွေ့အကြုံကို ပြောပြသည်။

ထို့ပြင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဝင်ရောက်လာမည့် နိုင်ငံခြားသားခရီးသည်များကို ဆွဲဆောင်နိုင်ရန် အခက်အခဲများစွာအနက် အပန်းဖြေနေရာနည်းပါးရခြင်းသည်လည်း အချက်တစ်ခုဖြစ်ကြောင်း သိရသည်။ နေပြည်တော်ရှိ အပန်းဖြေစရာနေရာအများစုသည် ဆက်လက်ထိန်းသိမ်းရန် အခက်အခဲများစွာကို ကြုံတွေ့နေရကြောင်း၊ ဆိုင်ခန်းအများစုမှာ လုပ်ငန်းလည်ပတ်နိုင်ရုံသာရှိကြောင်း၊ လာရောက်သူအရေအတွက်မှာလည်း နည်းပါးလာကြောင်း၊ ထပ်မံ၍ လုပ်ငန်းချဲ့ထွင်ရန်အတွက်လည်း မလွယ်ကူကြောင်း တိုင်းရင်းသားကျေးရွာမှ စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

" MICE မားကတ်ကို ရည်ရွယ်တည်ဆောက်ထားတဲ့အတွက် နေပြည်တော်ကို နိုင်ငံတကာက စီးပွားရေးနဲ့ အစိုးရအဖွဲ့အစည်းတွေက လူတွေလာရင် အဆင်ပြေနိုင်ဖို့ စဉ်းစားပေးကြဖို့လိုပါတယ်။ ခန်းမကြီးတွေရှိတယ်။ ထိန်းသိမ်းမှုအားနည်းသလို ဝန်ဆောင်တဲ့အခါ အရာအားလုံး အဆင်ပြေနိုင်ပေမယ့် ဘာသာစကားအခက်အခဲက အဓိကပြဿနာဖြစ်နေတယ်။ နိုင်ငံခြားသားတွေရဲ့ နေပြည်တော် ဟိုတယ်/ခရီးကဏ္ဍကို ဝေဖန်မှုအများဆုံးမှာ ဝန်ထမ်းတွေရဲ့ ဘာသာစကားအားနည်းချက်က ထိပ်ဆုံးက ရှိနေတယ်။ နောက်တစ်ချက်က ဖျော်ဖြေမှုဧရိယာတွေ ရှိဖို့လိုပါတယ်။ ဒီမှာက ဖျော်ဖြေရေးဆိုရင် ကေတီဗွီလောက်ကိုပဲ ပြေးမြင်ကြတယ်။ နိုင်ငံတကာမှာ အပန်းဖြေနေရာတွေရှိပါတယ်။ ကျွန်တော်တို့ဆီရောက်လာတဲ့ ဧည့်သည်တွေအတွက် စွဲဆောင်မှုရှိတဲ့ ဝန်ဆောင်မှုက အလွန်ရှားတယ်။ ဥရောပသားတွေက ယူရိုပီယံအစားအစာကို မြန်မာနိုင်ငံမှာ လာမစားချင်ပါဘူး။ မြန်မာအစားအစာတွေ စားတတ်သလို အပန်းဖြေဝန်ဆောင်မှုတွေလည်း တောင်းဆိုတာရှိတယ်။ နေပြည်တော်မှာ နိုင်ငံခြားသားတွေအတွက် သီးသန့်ဖွင့်ပေးနိုင်တဲ့ အပန်းဖြေဖျော်ဖြေရေးဇုန်တွေ ဖော်ဆောင်ပေးနိုင်ရင် အထိုက်အလျောက် ကုစားနိုင်မယ်လို့ထင်တယ်" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## ထို့ပြင် ပရော်ဖက်ရှင်နယ်ကျကျ လုပ်ဆောင်နိုင်သည့် ဟိုတယ်ဝန်ထမ်းများရရှိရန် ခက်ခဲခြင်းသည်လည်း နေပြည်တော် ဟိုတယ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်

မိုးမျှော်တိုက်များ၊ ကာစီနိုဝိုင်းများနှင့် ကပွဲများမရှိသည့် နေပြည်တော်၌ MICE မားကတ်အတွက် အခြားဖျော်ဖြေရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့ပြုလုပ်လာနိုင်ရန်အတွက် ပွင့်လင်းလာသည့် အစိုးရလက်ထက်တွင် မျှော်လင့်ရပြီး စိမ်းလန်းသည့် အစိမ်းရောင်မြို့တော်အဖြစ် ဖော်ဆောင်နိုင်ပါကလည်း ခရီးသည်ကိုဆွဲဆောင်နိုင်မည်ဟု အတွေ့အကြုံရှိ ဧည့်လမ်းညွှန် ကိုမျိုးသိန်းဇော်က ပြောသည်။

"သဘာဝအလှတွေ နေပြည်တော်မှာ ရှိနေသေးတယ်။ တောတောင်တွေ ကျန်နေသေးတယ်။ ဖိုးကျားဆင်စခန်းလောက်နဲ့ ပူလောင်နေပြီး တောကောင်တွေမစုံတဲ့ ဆာဖာရီလောက်နဲ့တော့ ဖွံ့ဖြိုးတိုးတက်မှာမဟုတ်ပါဘူး။ ရေရှည်စီမံကိန်းတွေနဲ့ သစ်ခွခြံတွေ၊ သဘာဝတောစခန်းတွေ ဖွင့်နိုင်ပါလိမ့်မယ်။ Green အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဝန်ဆောင်ခတွေ၊ အခန်းခတွေ လျှော့ပေးနိုင်ရင် အောင်မြင်မယ်လို့ ထင်ပါတယ်။ ရေရှည်အတွက် စဉ်းစားစေချင်တယ်။ ဒီမှာက ဘိုဆန်ဖို့ပဲ စဉ်းစားနေပြီး ဧည့်သည်ရဲ့ လိုအပ်ချက်တွေကို မေ့ထားကြတယ်" ဟု လက်ရှိ နေပြည်တော်ဟိုတယ်များ၏ အနေအထားကို ကိုမျိုးသိန်းဇော်က ပြောသည်။

တည်းခိုသူ ရှားပါးခြင်းကြောင့် နေပြည်တော် ဟိုတယ်စုစုပေါင်း ၈၀ ကျော်အနက် ဟိုတယ်ဇုန်အပိုင်း ၂ ရှိ ဟိုတယ်အများစုသည် ရပ်တည်ရန် ပိုမိုခက်ခဲနေပြီး အချို့ဟိုတယ်များသည် ဆက်လက်တည်ဆောက်ခြင်းပင် မရှိဘဲ ရပ်တန့်နေသည်ကို မြင်တွေ့ရသည်။ "ကျွန်တော်တို့ ဟိုတယ်လုပ်ငန်းသမားတွေအချင်းချင်း စကြတာရှိပါတယ်။ ဟိုတယ်ဇုန် ၂ က အလွန် ခြောက်ကပ်နေတော့ တရားထိုင်သူတွေအတွက် သီးသန့်ပရိမိုးရှင်းတွေ လုပ်ပေးပါလားဆိုပြီးပေါ့" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့ပြင် ပရော်ဖက်ရှင်နယ်ကျကျ လုပ်ဆောင်နိုင်သည့် ဟိုတယ်ဝန်ထမ်းများရရှိရန် ခက်ခဲခြင်းသည်လည်း နေပြည်တော်ဟိုတယ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဧည့်သည်နည်းပါးသည့်အတွက် ဟိုတယ်/ခရီးမှ သတ်မှတ်ထားသည့် ဟိုတယ်အဆင့်အလိုက် ခန့်အပ်ရမည့်အရေအတွက်ကို ပြည့်မီရန် အရည်အသွေးပြည့်ပြီးသူများငွေရမ်းပါက ပေးအပ်မည့်လုပ်အားခမှာ အလွန်များပြားသည့်အတွက် အတန်အသင့်ရှိသည့် နီးစပ်ရာပတ်ဝန်းကျင်မှ ဝန်ထမ်းများကို ခန့်အပ်ထားရခြင်းကြောင့် ဘာသာစကားအခက်အခဲ၊ ဝန်ဆောင်မှုအခက်အခဲများကြုံတွေ့ရကြောင်း ဟိုတယ်စီမံခန့်ခွဲသူတစ်ဦးက သူ့အမြင်ကို ပြောသည်။

ထို့ပြင် ပုဂ္ဂလိကအငှားကားများ ငှားရမ်းနိုင်သော်လည်း အများစုသည် ဈေးနှုန်းမြင့်မားစွာ တောင်းဆိုနေကြပြီး ခရီးသည်များအတွက် လိုအပ်သည်ထက် ပိုမိုပေးနေကြရကြောင်း နေပြည်တော်တွင် လာရောက်တည်းခိုသူတစ်ဦးကပြောကြားသည်။ မြို့တွင်းလည်ပတ်နိုင်မည့် အဆင့်အတန်းမီသည့် ခရီးသည်ပို့ဆောင်ရေးစနစ် မဖွံ့ဖြိုးခြင်းကြောင့် များစွာအခက်အခဲရှိကြောင်း သိရသည်။

နေပြည်တော်ရှိ ဟိုတယ်အများစုသည် တပ်မတော်အစိုးရလက်ထက်က ဟိုတယ်ဆောက်ခြင်းဖြင့် ပြန်လည်ရရှိလာနိုင်သည့် အခြားသောအကျိုးအမြတ်များကို မျှော်ကိုးကာ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်ဟု ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်မှ အမည်မဖော်လိုသူ စီမံခန့်ခွဲသူထံမှ သိရှိရပြီး ဟိုတယ်လုပ်ငန်း၏ အမြတ်အစွန်းကို တွက်ချက်ပါက ပုံမှန်လည်ပတ်မှုဝင်ငွေအပြင် သူတည်ဆောက်ထားသည့် မြေနေရာတန်ဖိုးနှင့် ဟိုတယ်၏ image တည်ဆောက်နိုင်မှုကိုလည်း ထည့်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ဟိုတယ်အချို့မှာ ဆက်လက်ရပ်တည်နိုင်ရန်အတွက် ပြည်တွင်းခရီးသွားဈေးကွက်ကို ချဲ့ထွင်လာကြပြီး ပြည်တွင်းအစည်းအဝေးများ၊ လေ့လာရေးခရီးစဉ်များ၊ လွှတ်တော်နှင့် အစိုးရအဖွဲ့အသိုင်းအဝိုင်းများအတွက် ဝန်ဆောင်မှုပေးခွင့်ရရန် အားထုတ်လာကြသည်ကို မြင်တွေ့ရသည်။ ထို့ပြင် ဟိုတယ်/ခရီးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အနေဖြင့် ဟိုတယ်ခများကို သတ်မှတ်ထားသော်လည်း ခရီးသည်ကို အထူးလျှော့ဈေးများဖြင့် ဆွဲဆောင်လာကြသည်ကိုလည်း မြင်တွေ့ရသည်။

"လူမရတော့ ရသလောက်နဲ့ ထားကြတာမျိုးရှိတယ်။ အများစုက အခုအချိန်မှာ ပြည်တွင်းခရီးသွားကို အားကိုးနေရတာ။ ကျောက်မျက်ပြပွဲလို အချိန်မျိုးတွေနဲ့ အစည်းအဝေးကာလတွေဆိုရင် တည်းခိုသူတွေ ရှိလာတယ်။ သို့သော် ဟိုတယ်က ဈေးသက်သာပေမယ့် သွားလာရေး၊ စားသောက်ရေးနဲ့ အပန်းဖြေဖို့ကျတော့ တည်းခိုသူတွေ အခက်အခဲရှိကြပြန်ရော။ အခုတက်လာတဲ့ ဟိုတယ်/ခရီးဝန်ကြီးက ဟိုတယ်လုပ်ငန်းရှင်ဖြစ်ခဲ့ဖူးတော့ ဟိုတယ်လုပ်ငန်းတွေ ဖွံ့ဖြိုးဖို့ ပိုအလားအလာကောင်းမယ်လို့မျှော်လင့်ရတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။

လက်ရှိတွင်တော့ နေပြည်တော်ဟိုတယ်အများစုသည် ရှေ့တန်းမှ ဖွံ့ဖြိုးနေကြသည့် အာရှတွင်း MICE မားကတ်များဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့ထက် များစွာအားနည်းနေသည့်အခြေအနေဖြင့် ဧည့်သည်ရှားပါးလျက်သာ ရှိနေပါကြောင်း။

**(မြန်မာ့အလင်း)**



နေပြည်တော်သို့လာရောက်သည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ အနားယူတည်းခိုနိုင်သည့် Mount Pleasant ဟိုတယ်

# စိုင်းစိုင်းခမ်းလှိုင် မွေးနေ့ရှိုးပွဲ ရွှေထွဋ်တင် ကွင်းလုံးပြည့်အားပေး

**သတင်း-ခင်ချိုချိုဦး၊ ဓာတ်ပုံ-မင်းခန့်ကျော်(Excellent)**

**ရန်ကုန် ဧပြီ ၁၀**

စိုင်းစိုင်းခမ်းလှိုင်ရဲ့ ယနေ့ကျင်းပတဲ့ Birthday Show က (၁၁)ကြိမ်မြောက် ကျင်းပတဲ့ ပွဲလေးပဲဖြစ်ပါတယ်။ ခါတိုင်းကျင်းပနေကျနေရာမှာ မဟုတ်ဘဲ ရွှေထွဋ်တင်ဝင်းမှာ ပြောင်းလဲကျင်းပခဲ့တာဖြစ်ပါတယ်။ ဝင်ပေါက်မှာကတည်းက တန်းစီတိုးဝှေ့ပြီးမှ ဝင်ရပါတယ်။ ကွင်းထဲမှာလည်း ကွင်းလုံးပြည့်အားပေးလိုက်ကြတာ ကြွက်ပျံ့ကျမတတ်ပါ။ စင်ကိုကြီးမားကျယ်ပြန့်စွာ ဆင်ယင်ထားပြီး



လေယာဉ်ပျံတစ်စင်းကို စင်ရဲ့အလယ်ကောင်တည့်တည့်မှာ ဒီဇိုင်းအလှဆင်ထားပါတယ်။ စင်ပေါ်ကို ဆိုင်ကယ်နဲ့ စင်ရှေ့ကို ကိုယ်တိုင်စီးသွားပြီး ပရိသတ်ရဲ့ ထူးခြားတဲ့ အစီအစဉ်တွေနဲ့ စတင်ခဲ့ပါတယ်။ ပထမဆုံး ကြော်ငြာရန်မလိုဆိုတဲ့ သီချင်းနဲ့ စတင်သီဆိုခဲ့ပြီး တောင်ဂေါ်လီ၊ ဖုတ်လိုက်ဖုတ်လိုက်၊ အမြဲတမ်းယုံကြည်၊ နားနားနား၊ သူငယ်ချင်းလေးပါတဲ့၊ နွေရာသီလမ်းခွဲ၊ လူကြမ်းလေး၊ အထီးကျန်နဲ့ သူငယ်ချင်းများစွာ စုစုပေါင်းသီချင်း ၁၁ ပုဒ်ကိုသီဆိုခဲ့ပြီး မိစန္ဒီက သီချင်းတစ်ပုဒ်နဲ့ လက်ဆောင်အဖြစ် သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

ဒုတိယပိုင်းကို လူတိုင်း လူတိုင်း ပထမဆုဆိုတာကို မှန်းလို့ရတယ်။ ရသော် ယူနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေးစပ်ထားတဲ့ ပထမဆုဆိုတဲ့ သီချင်းနဲ့ စတင်သီဆိုခဲ့ပြန်ပါတယ်။ မလွမ်းလောက်ပါဘူး၊ ချာတိတ်၊ စိတ်ကူးယဉ်၊ ရည်းစားစာ၊ Oh Oh Hot တယ်၊ တစ်ကိုယ်တော် အကြွင်းမရှိတဲ့ သီချင်းများနဲ့ သီဆိုပေးခဲ့ပါတယ်။ တတိယပိုင်း မတင်ဆက်မီ Snare ရဲ့ သီဆိုဖြေဖျော်မှုနဲ့ ကြားခံဖျော်ဖြေရေးနဲ့ တင်ဆက်ခဲ့ပါတယ်။

တတိယပိုင်း ဖျော်ဖြေမှုတွေကို ဝမ်းနည်းမှတ်တမ်းသီချင်းနဲ့ ပြန်လည်စတင်ခဲ့ပြီး ရက်စက်မှုကြေကွဲ၊ အဲဗားဂေါ်လီ၊ Single လေးတွေ Shake၊ ဂေါ်တယ် မိုက်တယ်၊ ဒိတ်ဒိတ်ကြဲ၊ ဟိုက်ရှားပါး၊ လူပျိုတွေပဲ စတဲ့သီချင်းတွေနဲ့ သီဆိုခဲ့ပြီး သူတို့ သူငယ်ချင်းများ၊ မိတ်ဆွေများနဲ့ Birthday Cake ခွဲပြီး Birthday Show ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ဒီနှစ် Birthday Show ရဲ့ ထူးခြားချက်ကတော့ တီးဝိုင်းတွေနဲ့ ဖျော်ဖြေခဲ့တာပါပဲ။ အကယ်ဒမီ ဓိရာမိုရ်ရဲ့ တီးဝိုင်းနဲ့အတူ စောင်းတီးတဲ့ ဖျော်ဖြေမှုနဲ့တွဲဖက်ပြီး ဖျော်ဖြေခဲ့ခြင်းပါပဲ။ စင်ပေါ်မှာ ဒီနေ့သူသိပ်ပျော်နေပါတယ်လို့ ပြောကြားခဲ့တဲ့ စိုင်းစိုင်းခမ်းလှိုင်တစ်ယောက် နောင်နှစ်များစွာတိုင် ပရိသတ်တွေကို အခုလိုပဲ အောင်အောင်မြင်မြင် သီဆိုဖျော်ဖြေခွင့်ရနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။

## နေ့အပူချိန်များ မြင့်တက်နေမည်

**နေပြည်တော် ဧပြီ ၁၀**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ မြင့်တက်နေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**




**Ocean Super Center ၏ နှစ်စဉ်ကျင်းပမြဲ ချစ်စရာကလေးများ၏ မြန်မာ့ရိုးရာ သင်္ကြန်အကပြိုင်ပွဲကို တာမွေမြို့နယ်ရှိ Ocean Super Center ၌ ဧပြီ ၁၀ ရက်က ကျင်းပသည်ကို တွေ့ရစဉ်**

နန်းဟွမ်ခမ်း

# မိတ္ထီလာနှင့် ရမည်းသင်းခရိုင်အတွင်းရှိ ဆည်/ကန်များ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေရေး စီမံဆောင်ရွက်ထား

**မိတ္ထီလာ ဧပြီ ၁၀**

မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများအတွက် အဓိကအရေးကြီးသည့် ရေလိုအပ်ချက်ကို ဆည်၊ ကန်၊ တာတမံများ၊ ရေကန်များမှ ရယူအသုံးပြုနိုင်ရန် မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်သည် ရာသီဥတုပြောင်းလဲမှုအရ အယ်နီညို ရိုက်ခတ်မှုကြောင့် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ဆည်/ကန်ငယ်များအတွင်း မိုးခေါင်ပြီး ရေဝင်ရောက်မှုနည်းပါးခြင်း၊ မြေအောက်ရေလျော့နည်းလာခြင်းများ ဖြစ်ပေါ်လာသဖြင့် ဆည်၊ ကန်၊ တာတမံများမှ စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်နေသည်။

မိတ္ထီလာမြို့နယ်တွင် ဆည်/ကန် ကိုးခု၊ သာစည်မြို့နယ်တွင် ဆည်/ကန် ရှစ်ခု၊ ဝမ်းတွင်းမြို့နယ်တွင် ဆည်/ကန် ၁၃ ခု၊ မလှိုင်မြို့နယ်တွင် ဆည်/ကန် ငါးခုရှိပြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ဆည်/ကန် ၁၀ ခု၊ ပျော်ဘွယ်မြို့နယ်တွင် ဆည်/ကန် ၁၀ ခု စုစုပေါင်း ဆည်/ကန် ၅၅ ခုရှိသည်။

ထို ဆည်/ကန် ၅၅ ခုမှ မိတ္ထီလာကန်နှင့် မုန်တိုင်ဆည်တို့တွင် စုစုပေါင်းရေပမာဏ ၁၂၇၈၉ ဧကပေ သိုလှောင်ထားသည်။ မိတ္ထီလာမြို့ ပြည်သူ ၃၂၆၀၀၀ အတွက် လူတစ်ဦးလျှင် တစ်နေ့ ရေဂါလန် ၂၀ နှုန်းဖြင့် ခုနစ်လအတွက် ဧကပေ ၅၀၄၀ နှင့် မုန်တိုင်ရေလှောင်တမံတွင် နွေနှမ်းဧက ၃၀၀ အတွက် ၃၁၅ ဧကပေ ပေးရမည်ဖြစ်၍ အောက်တိုဘာလကုန်တွင် ရေပမာဏ ဧကပေ ၅၈၅၀ ကျန်မည်ဖြစ်၍ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာ ရှိထားပြီးဖြစ်သည်။



**ဝမ်းတွင်းမြို့နယ် တောင်ပုလုရေလှောင်တမံအတွင်းရှိဆည်ရေကို ဒေသခံများက သောက်သုံးရေ သယ်ယူသုံးစွဲနေမှုကို တွေ့ရစဉ်**

ပျော်ဘွယ်မြို့နယ်ရှိ ကျေးရွာများ သောက်သုံးရေ အခက်အခဲမရှိစေရန် ခက်လန်းကန်ကျေးရွာ၊ ပျော်ကုန်းကျေးရွာ၊ ကုန်းသာကျေးရွာများမှ ခက်လန်းကန်၊ ရိုးကြီးကန်နှင့် ကန်အောက်ကြီးကန် စသည့်ကန်ငယ်များသို့ ချောင်းကောက်ဆည်မှ ရေဖြည့်ဆည်းပေးထားသည်။ ဤကဲ့သို့ ရေဖြည့်ပေးထားသဖြင့် ကန်သုံးကန်ကို မှီတင်းသုံးစွဲနေရသော ကျေးရွာပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် အောက်တိုဘာလကုန်အထိ သောက်သုံးရေ ပြည့်ဝဖူလုံစွာ ရရှိနေကြပြီဖြစ်သည်။

ရမည်းသင်းခရိုင် ချောင်းမကြီးရေလှောင်တမံတွင် နွေစပါးဧက ၁၀၀၊ မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၅၀၀ နှင့် ပဲတီစိမ်းဧက ၅၀၀ တို့ကို စိုက်ပျိုးရေပေးဝေထားပြီး ဆည်ရေသောက်ကျေးရွာရှိ သောက်သုံးရေကန် လေးကန်ကိုလည်း သောက်သုံးရေဖြည့်ဆည်းပေးထားပြီးဖြစ်၍ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်သည်။

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ချောင်းမကြီး၊ သဖန်းချောင်းနှင့် နတ်ကာရေလှောင်တမံတို့တွင် ဒေသအတွက် သောက်သုံးရေ ၈၉၄၄ ဧကပေ၊ ရေဂါလန်သန်းပေါင်း ၂၄၃၀ ခန့်ရှိ၍ ပျော်ဘွယ်မြို့နယ်ရှိ လူဦးရေစုစုပေါင်း ၂၆၈၀၀၀ ကျော်အတွက် လူတစ်ဦးလျှင် တစ်ရက် ရေဂါလန် ၂၀ နှုန်းဖြင့် နေ့စဉ်ရေဂါလန်သန်းပေါင်း ၅ ဒသမ ၆ သန်းအတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်သည်။

ရမည်းသင်းခရိုင်အတွင်းရှိ သစ်ဆုံဆည်တွင် နွေစပါးဧက ၂၀၀၊ မိုးကြိုချည်မျှင်ရှည်ဝါဧက ၃၀၀ နှင့် ပဲတီစိမ်းဧက ၅၀ အတွက် စိုက်ပျိုးရေများပေးထားပြီးဖြစ်သည်။ ဆည်ရေသောက်ဧရိယာများရှိ သောက်သုံးရေကန်များဖြစ်သော ကျွဲတပ်ကန်နှင့် မင်းကူးကန်များသို့လည်း ရေဖြည့်ဆည်းပေးထားရာ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ သုံးစွဲနေကြသည်။

သစ်ဆုံဆည်တွင် အသုံးပြုနိုင်သော ရေပမာဏမှာ ၂၉၀၅ ဧကပေဖြစ်သည်။ သစ်ဆုံဆည်မှ ကတင်ကန်အတွင်းသို့ မြို့သုံးရေ ဧကပေ ၁၄၀၀ နှင့် သစ်ဆုံဆည် စိုက်ပျိုးရေအတွက် ဧကပေ ၉၀၀ ပေးဝေသွားမည်ဖြစ်သည်။ ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စုမှ အိမ်ထောင်စုပေါင်း ၅၄၇၈၉ မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများအတွက် ဇူလိုင်လအထိ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်သည်။

မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် အယ်နီညိုကာလအတွင်း သောက်သုံးရေအကျိုးရှိစွာရရှိရေး၊ ဒေသခံမြို့နယ်ကျေးရွာများရှိ ပြည်သူများသောက်သုံးရေဖူလုံစွာရရှိရေး၊ ပိုလျှံသောရေကို ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရေသုံးစွဲရန် စနစ်တကျသိုလှောင်ထိန်းသိမ်းထားရန်၊ စနစ်တကျစီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ထားရာ ယခုနှစ် အယ်နီညိုရာသီအတွင်း မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာများမှာ သောက်သုံးရေ အခက်အခဲမရှိဘဲ မိုးရာသီအထိ သောက်သုံးရေများ ရရှိနိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ အယ်နီညိုရာသီဥတုကို အန်တုစိန်ခေါ်အနိုင်ယူမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**တင်လှိုင်(မိတ္ထီလာ)**

# မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၉ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင်ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နှောက်ယှက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှု အစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

# သင်္ကြန်မျှော်ကြသူများ

ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ-ဖိုးထောင်

မြန်မာတို့၏ နှစ်သစ်ကူးအား သင်္ကြန်ရေဖြင့်ဆေးကြောရန် မြန်မာလူငယ်တို့ စိတ်လှုပ်ရှားတက်ကြွစွာဖြင့် ပြင်ဆင်နေကြသည်။

မြန်မာ့ရိုးရာပွဲတော်များအနက် အစိုးရရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်များဖြင့် အရှည်ကြာဆုံး အားလပ်ရက်ရသည့် နှစ်ကူးသင်္ကြန်အခါသမယအား ပါဝင်ဆင်နွှဲရန် မြန်မာပြည်တွင်းရှိ လူငယ်များသာမက ပြည်ပရောက် မြန်မာလူငယ်များပါ အမိမြေသို့အရောက် ပြန်လာကာ ဆင်နွှဲရန် အားခဲနေကြလေပြီ။

မြန်မာသက္ကရာဇ် ၁၃၇၈ ခု၊ နှစ်သစ်သည် အစိုးရအပြောင်းအလဲများနှင့်အတူ ကျရောက်လာမည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ငံ့လင့်နေပေသည်။ မကြာခင် သင်္ကြန်ကျပေတော့မည်။

စင်ကာပူနိုင်ငံ၌ လေးနှစ်ကြာ အင်ဂျင်နီယာပညာရပ်သင်ကြားခဲ့ပြီးနောက် အလုပ်လုပ်ကိုင်နေသည့် မသဲသဲတစ်ယောက် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ လေယာဉ်ဆိုက်ရောက်သည်နှင့် သင်္ကြန်အငွေ့အသက်များကို စတင်မြင်တွေ့လိုက်ရသည်။ မင်္ဂလာဒုံလေဆိပ်အဆောက်အအုံတစ်ခုလုံးကို သင်္ကြန်၏အမှတ်အသားဖြစ်သည့် ပိတောက်ပန်းပုံစံ ပြုလုပ်ထားသည့်ပန်းတို့ဖြင့် အလှဆင်ထားသည်။

သင်္ကြန်ကာလအမီ မြန်မာနိုင်ငံသို့ပြန်ရန် ခွင့်ရက်တိုရရှိထားသည့် မသဲသဲက သင်္ကြန်ပိတ်ရက်တွင် “မြန်မာမုန့်တွေလုပ်စားမယ်။ လျှောက်စားမယ်။ မိသားစုနဲ့ အချိန်ပေးမယ်။ မနှစ်က သင်္ကြန်မပြန်လာခဲ့ရတော့ သူများတွေ facebook မှာတင်တဲ့ဓာတ်ပုံတွေကြည့်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်စိတ်တွေ ဘယ်လိုမှ ထိန်းမရဘူး” ဟု ပြောသည်။

မသဲသဲကဲ့သို့ပင် ဗန်ကောက်၊ ကူမင်း၊ ကွာလာလမ်ပူ၊ ဒါကာ၊ တိုကျိုခရီးစဉ်လေကြောင်းလိုင်းများဖြင့် မြန်မာ့သင်္ကြန်ပွဲအမီလိုက်ပါလာကြသူ မြန်မာများနှင့် လာရောက်ကြိုဆိုကြသူများလည်း မင်္ဂလာဒုံလေဆိပ်ရှိ ပြည်ပဆိုက်ရောက်ဧည့်ခန်းမတစ်ခုလုံး ပြည့်လုနီးမျှ။

မြန်မာနိုင်ငံသို့ သင်္ကြန်ကာလလည်ပတ်ရန် ပြန်လာကြသော ပြည်ပရောက်မြန်မာနိုင်ငံသားတို့၏ သင်္ကြန်ကာလကို ဖြတ်သန်းကြမည့် ရည်ရွယ်ချက်များမှာလည်း အမျိုးမျိုးပင်။

သင်္ကြန်အခါသမယသည် မြန်မာနိုင်ငံ၏ အရှည်ကြာဆုံးသော ရုံးပိတ်ရက်ကာလဖြစ်သဖြင့် ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေကြရသူ၊ ကျောင်းတက်နေကြသူမြန်မာအများစုသည် မိဘဆွေမျိုးသားချင်းအားလုံးနီးပါးကို တွေ့ဆုံနိုင်ရန်၊ ရေပက်ခံထွက်ရန်၊ လည်ကြပတ်ကြရန်၊ အလှူလုပ်ရန် မွေးရပ်မြေသို့ ခေတ္တခဏ ပြန်လာကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ လည်ပတ်စရာကောင်းသည့် ကမ်းခြေများ၊ တောင်ပေါ်ဒေသများသို့ သွားရောက်လည်ပတ်ကြမည်။ ဘုရားစုံဖူးကြမည်။ သူငယ်ချင်းများနှင့် မဏ္ဍပ်ထိုင်မည်။ ရေပက်ခံထွက်မည်စသည်ဖြင့် စိတ်၏ငြိမ်းချမ်းမှုကို ရယူလိုသူတို့က ဘာသာတရားနှင့် မွေ့လျော်ရန်တရားဓမ္မရိပ်သာများဆီသို့။ မလေးရှားနိုင်ငံ၌ ခုနစ်နှစ်ကြာနေထိုင်၍ အလုပ်လုပ်ကိုင်နေသူ ကိုမောင်မောင်တို့လို ရွှေမြန်မာများအဖို့ သင်္ကြန်ကာလကို မလေးရှားနိုင်ငံရောက် မြန်မာသူငယ်ချင်းစုဆုံ၍ မြန်မာသင်္ကြန်အမှတ်တရအဖြစ် သင်္ကြန်သီချင်းများ ဖွင့်လှစ်နားထောင်ကာ စိတ်ဖြေကြရသည်။ မြန်မာပြည်က သင်္ကြန်ပွဲအား အင်တာနက်ကကြည့်၍ အလွမ်းဖြေကြရသည်။

“မြန်မာပြည်မှာ နေခဲ့တုန်းကတော့ ကျွန်တော့်အတွက် သင်္ကြန်ဆိုတာ ပျော်စရာပိုကောင်းတယ်။ မြန်မာပြည်မှာက သင်္ကြန်ချိန်ဆို ဘုရားကျောင်းကန်တွေ သွားကြတယ်။ တခြားနိုင်ငံမှာက အဲ့ဒီလို ဖြတ်သန်းလို့ မရဘူး။ အခု သင်္ကြန်ပြန်လာတာကတော့ ရိပ်သာဝင်ဖို့အစီအစဉ် ရှိတယ်။ ရိပ်သာခုနစ်ရက်လောက်ဝင်မယ်” ဟု မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ ခုနစ်နှစ်ကြာ အလုပ်လုပ်ကိုင်ပြီး ပထမဆုံးအကြိမ်အဖြစ် မြန်မာပြည်သို့ အလည်ပတ်ပြန်လာသည့် ကိုမောင်မောင်က ဆိုသည်။

နှစ်စဉ်သင်္ကြန်ရောက်သည်နှင့် မြန်မာပြည်သို့ ပြန်လာလေ့ရှိပြီး ရန်ကုန်ရှိ နေအိမ်၌ ပိတ်ရက်ရှည်ရရှိထားသည့် မိဘဆွေမျိုးသားချင်းများနှင့်အတူ သင်္ကြန်ကာလကို ကျော်ဖြတ်တတ်သည့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ အထည်ချုပ်လုပ်ငန်းတွင် ရှစ်နှစ်ကြာ အလုပ်လုပ်ကိုင်နေသူ မလှလှမြတ်တစ်ယောက်ကတော့ ယခုလို ပြောသည်။

“ဒီနှစ် သင်္ကြန်ကိုတော့ ကျိုက်ထီးရိုးဘုရားဖူးသွားဖို့ စီစဉ်ထားတယ်။ ငယ်ငယ်တုန်းကတော့ ကားတွေ ဘာတွေနဲ့ လည်ခဲ့ဖူးတယ်။ အခုနောက်ပိုင်းတော့ မလည်တော့ဘူး။ ပြန်လာရတဲ့ အချိန်ကလည်း ရက်တို၊ အချိန်တိုလေး။ ဒါပေမယ့် သင်္ကြန်ဆိုတာကြားရင် မြန်မာတစ်ယောက်အနေနဲ့ စိတ်ထဲမှာ ပျော်နေတာပဲ” ဟု ဆိုသည်။

မွေးရပ်မြေသို့ ခေတ္တပြန်လာကြသည့် မြန်မာများအတွက် သင်္ကြန်ပွဲတော်သာမကဘဲ မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်ကလည်း ရင်ခုန်စိတ်လှုပ်ရှားစေသည်။

စင်ကာပူ၌ နေထိုင်နေသည့် မသဲသဲအတွက် ရွေးကောက်ပွဲကာလတွင် မြန်မာပြည်သို့ ပြန်လာ၍ ကိုယ်တိုင်မဲပေးခဲ့သော အစိုးရသစ်အပေါ် “နိုင်ငံအပြောင်းအလဲပေါ်မှာ အများကြီး မျှော်လင့်ထားပါတယ်။ ကျွန်မလို ခဏလေးကျောင်းတက်ပြီး အလုပ်ဆက်လုပ်နေရတာတောင် မနေချင်တော့ အကြာကြီးနေနေရတဲ့သူတွေဆိုရင် ကိုယ့်နိုင်ငံကို အလွန်ပြန်လာချင်မှာပါ။ အပြောင်းအလဲတွေအများကြီးဖြစ်လာဖို့ မျှော်လင့်ထားတယ်” ဟု သူကိုယ်တိုင် မဲပေးခဲ့သည့် အစိုးရနှင့်ပတ်သက်၍ ပြောသည်။

သင်္ကြန်ရာသီရောက်တိုင်း အင်တာနက်စာမျက်နှာများမှသာ မြန်မာနိုင်ငံ၏နှစ်သစ်ကူးကို ဆင်နွှဲနေခဲ့ရသည့် မလေးရှားနိုင်ငံ၌ နေထိုင်နေသည့် ကိုမောင်မောင်က အမိမြေသို့ ခြေချမိသည်နှင့် အစိုးရသစ်အပေါ် ၎င်း၏ မျှော်လင့်ချက်အား ယခုကဲ့သို့ ပြောကြားသည်။

“မြန်မာပြည်ကနေထွက်ခွာပြီး အလုပ်တွေ မလုပ်ရအောင် ကိုယ့်ပြည်တွင်းမှာပဲ အလုပ်အကိုင်တွေကို ဖန်တီးပေးနိုင်ဖို့ အစိုးရကို တောင်းဆိုချင်တယ်။ မြန်မာပြည်မှာပဲပြန်လာပြီး အလုပ်လုပ်ကိုင်နိုင်ဖို့ ကျွန်တော် မျှော်လင့်နေမိတယ်” ဟု ဆိုသည်။

တန်ခူးလရောက်တိုင်း မြန်မာပြည်သို့ နိုင်ငံရပ်ခြားမှ နေ၍ အရောက်ပြန်လာနေကြသော မြန်မာလူမျိုးများရှိနေသော်လည်း မြန်မာနိုင်ငံအတွင်း၌ နေထိုင်အလုပ်လုပ်ကိုင်နေရင်းနှင့်ပင် မွေးရပ်ဇာတိမြေ မိဘဆွေမျိုးများထံ မပြန်နိုင်သူ၊ အပျော်ခရီးမထွက်နိုင်သူ၊ သင်္ကြန်ပွဲတော်ကို မဆင်နွှဲနိုင်သူအချို့လည်း ရန်ကုန်မြို့ပြ၌ ရှိနေကြသေးသည်။

“ဒီနှစ် သင်္ကြန်တော့ ရွာကို မပြန်နိုင်တော့ဘူး။ ကား လက်မှတ်ရော ရထားလက်မှတ်ပါ ဝယ်လို့မရဘူး။ သီတင်းကျွတ်ကျမှပဲ ပြန်တော့မယ်။ သင်္ကြန်မှာ ရန်ကုန်မြို့ထဲက မဏ္ဍပ်တွေလျှောက်ကြည့်မယ်” ဟု တောင်ဒဂုံမြို့နယ် (၆၉) ရပ်ကွက်၌နေထိုင်သူ ကိုထက်အောင်က ပြောသည်။

သင်္ကြန်သည် ပျော်ရွှင်မှုသက်သက်ဖြင့် ဖြတ်သန်းရသည့်အရာတစ်ခုတော့ မဟုတ်ခဲ့ပေ။ သင်္ကြန်ကြောင့် ရန်ကုန်မြို့ပြ၏ဆင်ခြေဖုံး၌ နေထိုင်ကြသည့်လက်လုပ်လက်စားမိသားစုတချို့ကမူ သင်္ကြန်ကြောင့် အလုပ်ရက်များနားကြရပြီ။ တစ်နေ့လုပ်မှ တစ်နေ့စားရသည့် ၎င်းတို့အတွက်ကတော့ အလုပ်အကိုင်မရှိသော သင်္ကြန်ကာလတွင် ဝမ်းရေးကိုဖြေရှင်းနိုင်ရန် ကြိုတင်စုဆောင်းထားရသည်။ ကြိုတင်စုဆောင်းခြင်းမပြုနိုင်များမှာ သင်္ကြန်တွင်း တစ်ဝမ်းစာအတွက် ရှိတာလေးတွေ ကြိုတင်ပေါင်နှံထားကြရသည်။

အသက် ၄၉ နှစ်အရွယ်ရှိ ခေါင်းရွက်ဗျပ်ထိုးဈေးသည် ဒေါ်သန္တာကမူ ၎င်းမျှော်လင့်ဖြတ်သန်းရမည့် သင်္ကြန်ကာလအပေါ် ယခုလို ညည်းတွားပြောဆိုသည်။

“အိုးပေါင် ခွက်ပေါင်ပဲပေါ့။ ပေါင်တယ်ဆိုတာလည်း သင်္ကြန်တွင်းမှ အပေါင်ဆိုင်သွားလို့ မရဘူးလေ။ ကြိုတင်ပြီး ပေါင်နှံထားရတာ။ အပေါင်ဆိုင်ဆိုတာလည်း ရပ်ကွက်ထဲက နီးစပ်ရာအချင်းချင်း အပေါင်ခံကြတာ။ များသောအားဖြင့်တော့ အပေါင်ဆုံးသွားကြတာပဲများတယ်” ။ ။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်တွင် လာရောက်စောင့်ဆိုင်းနေသူများ

# ငြိမ်းချမ်းရေးသင်္ကြန်

ဆူးငှက်



**“ဂြိုဟ် သင်္ကြန် တစ်ထောင်သုံးရာကိုးခုနှစ် ပြာသိုလဆုတ် ကိုးရက် တနင်္ဂနွေနေ့အား ငါတို့မြန်မာပြည်လုံးဝလွတ်လပ်က အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ် ကောင်းစွာရောက်သတည်း”**

ဤသို့ လွတ်လပ်ရေးကြေညာအပြီး တစ်နှစ်ကျော်အကြာ ၁၉၄၉ ခု မတ်လ ၁၁ ရက်နေ့ ညနေ ၃ နာရီအချိန်မှာပင် ပြည်တွင်းစစ်ကြောင့် မန္တလေးသည် တိုင်းရင်းသားလက်နက်ကိုင် ကေအင်ဒီအိုတပ်များ အောက်သို့ ကျရောက်ခဲ့ရသည်။ တစ်ပြည်လုံးအတိုင်းအတာအရလည်း ပြည်တွင်းစစ်မီးကတောက်လောင်နေ၏။ မန္တလေးမြို့၏ အုပ်ချုပ်ရေး ရုံးအချို့၊ စစ်ကိုင်းသို့ ဆုတ်ခွာရုံးထိုင်ကြရသည်။ ဗိုလ်မှူးကြင်ဦးစီးသော မန္တလေးအခြေစိုက်အစိုးရတပ်ပေါင်းစုက စစ်ကိုင်းတွင်အင်အားပြန်လည် စုစည်းပြီး မန္တလေးမြို့သိမ်းတိုက်ပွဲဆင်နွှဲရပြန်သည်။ ၁၉၄၉ ခု ဧပြီလ ၆ရက်နေ့တွင် မန္တလေးကို ပြန်လည်ရရှိခဲ့သည်။

ဗိုလ်မှူးကြင်၊ ဗိုလ်မှူးအေးမောင်၊ ဗိုလ်မှူးထွန်းစိန်အစရှိသော တပ်မှူးများဦးဆောင်သည့် တပ်ပေါင်းစုက မန္တလေးကို ပြန်လည်အုပ်စီးခဲ့သည်။ မြို့သိမ်းတပ်၏ရှေ့တန်းကွပ်ကဲရုံးက လက်ဆည်ကန်အရပ်ရှိ နဂါးဒေါ်ဦးတိုက်၌ ဖွင့်လှစ်ထားရသည်။ ဧပြီ ၈ ရက်တွင် မန္တလေးမြို့ သိမ်းအခမ်းအနားကြီးကျင်းပခဲ့၏။ နံနက် ၇ နာရီတွင် မန္တလေးစစ်ရဲ ဌာနချုပ်၌ တပ်ပေါင်းစုံစုရုံးပြီး ၈ နာရီထိုးသည်နှင့် စည်တော်ကြီးရွမ်းကာ ရဟန်းသံဃာများနှင့် မြို့သိမ်းတပ်က တပ်အခမ်းအနားဖြင့် ချီတက်သည်။ ချီတက်ရာလမ်းတစ်လျှောက် လွတ်လပ်သော ပြည်ထောင်စုမြန်မာ နိုင်ငံတော်အလံက ကြယ်ငါးပွင့်နှင့်အတူ ရဲရဲနီနေသည်။ ပရိသတ်များကား လမ်းဘေးတစ်ဖက်တစ်ချက်တိုးမပေါက်ခဲ့ . . .။ ဧပြီ ၈ ရက်ဆိုတော့ မကြာမီရက်ပိုင်းအတွင်း၌ပင် သင်္ကြန်ကျတော့မည်။ မြို့လူထုနှင့် အေးအတူ ပူအမျှရင်အုပ်မကွာရှိခဲ့သော မြို့မတူရိယာအသင်းကလည်း တပ်ပေါင်းစုံနှင့် အတူ လိုက်ပါလာကာ အေဝမ်းဆရာညွှာ၏ “ပြည်တော်ဝင်” သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ခဲ့သည်ဆို၏။ တစ်ကြော့ပြန် “ပြည်တော်ဝင်” . . .

**“မေ့မေ့ပျောက်ပျောက် …၊ အောက်မေ့လို့နေ**
**တိုက်တာအိမ်ခြေ၊ စည်းစိမ်ရှင်တွေ**
**လူကြုံရင်ခံနိုင်ဘူး၊ အထူးပင်မှတ်ကြစေ**
**အရင်လိုပျော်ပျော်ရွှင်ရွှင်နေ …**
**မြို့မအသင်းကပြောမလေ …” တဲ့။**

မည်သို့ပင် “အရင်လိုပျော်ပျော်ရွှင်ရွှင်နေကြပါ။ တက်ခေတ် လူငယ်များ အားအင်တောင့်တင်းခိုင်မာပါစေ” ဟုဆိုငြား . . .၊ ကိုယ်ကျိုး အတ္တများဖြင့် ဒေါသတကြီးလောင်မြိုက်ခဲ့သော ပြည်တွင်းစစ်မီးကြီးက အရှိန်မသတ်နိုင်သေး . . .။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ကာလအထိ မန္တလေး အနီးတစ်ဝိုက်မှာပင် တံတားဦးမှာ၊ ကျောက်ဆည်မှာ၊ မတ္တရာမှာ၊ ပြင်ဦးလွင်လမ်း ၂၀ မိုင်မှာ . . .စသည်ဖြင့် တိုက်ပွဲတွေကျိုးကျားဖြစ် နေဆဲပင်။ တပ်မင်းဗိုလ်မှူးကြီးချစ်မြိုင်၏ တပ်မဟာ (၆)က မန္တလေး နန်းတွင်းမှာ အခြေစိုက်သည်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး တန်ယုဆိုင်နှင့် ဒုတပ်ရင်းမှူး ဗိုလ်မှူးချစ်ခိုင်တို့၏ ခလရ (၈)ကလည်း နန်းတွင်း၌ပင် တပ်ထိုင်ကာ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကျောက်မြောင်းနှင့် တံတားဦး၊ ကျောက်ဆည်၊ မြင်းခြံတြိဂံနယ်မြေသို့ စစ်ဆင်သည်။ လွတ်လပ်ရေးရပြီး နှစ်နှစ်ကျော်ကြာသော်လည်း မအေးချမ်းနိုင်သေး . . .။ ညရေးညတာ ခေါင်းပြားအောင် မအိပ်နိုင်သေး . . .။ ကောင်းရောင်းကောင်းဝယ်မလုပ် နိုင်သေး . . .။ လက်နက်အားကိုးဖြင့် ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟူသော စိတ်ယုတ်ကို မပယ်ဖျောက်နိုင်သေး . . .။ တစ်တိုင်းပြည်လုံးလူများစု၏ ဆန္ဒက “ငြိမ်းချမ်းရေး” ဖြစ်နေကြသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်ကာ “ငြိမ်းချမ်းရေး” အတွက် ဘက်ပေါင်းစုံတွင် ညှိနှိုင်းတောင်းဆို နေကြပြီ။ သို့သော် . . . ကျွဲပါးစောင်းတီး။

သည်လိုနှင့် ဆင်နွှဲနေကျ သင်္ကြန်ကာလ ကျရောက်လာပြန်သည်။ တကယ် တော့ သင်္ကြန်ဟူသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော ပွဲတော်ကြီးဖြစ်သည်။ အယုတ်အလတ်အမြတ်မရွေး အတန်းအစားမခွဲ တစ်သားတည်း ပျော်ပါး လွတ်လပ်စွာ ဆင်နွှဲခဲ့ကြသည့်ပွဲတော်ဖြစ်သည်။ အမိန့်အာဏာတစ်စုံတစ်ရာဖြင့် အတင်းအကျပ်စေခိုင်းပျော်ပါးစေသည့် ပွဲမဟုတ်၊ ကိုယ်ကျိုးစီးပွား အဖွဲ့အသင်း စီးပွားဖြင့် မျက်နှာစာတစ်ခုတည်းကြည့်၊ မချိသွားဖြဲရယ်ကျဲကျဲဖြင့် ပျော်ဟန်နွှဲ ခြင်းလည်းမဟုတ်။ ပူဇော်၊ ပသ၊ ခစား၊ အတန်းအစားခွဲခြားသည့် ပျော်တော် ဆက်ပွဲလည်းမဟုတ်. . .။ နိုင်ငံသူနိုင်ငံသားမှန်သမျှ အခွင့်အရေးကိုယ်စီဖြင့် ကိုယ်ပိုင်ဆုံးဖြတ်တည်ထောင်စီမံပိုင်ခွင့်ဖြင့် မျှဝေခံစားပျော်ရွှင်ကြသည့် ပွဲတော်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြရာ၌ တပ်မတော်သားပါသည်။ တက္ကသိုလ်ကျောင်းသားပါသည်။ ရုံးသူရုံးသား ပါသည်။ ကျောင်းသူကျောင်းသားပါသည်။ စျေးသူစျေးသားပါသည်။ ဆေးလိပ် သမပါသည်။ မော်တော်ကားဒရိုင်ဘာပါသည်။ ပါဝင်ဆင်နွှဲသည်ဆိုသည်ကလည်း ရေပက်ရုံ၊ ရေပက်ခံရုံမျှ မဟုတ်. . . .၊ အနုပညာကို ထုတ်ဖော်ကွန့်မြူးကာ အားလုံးကိုယ်စီသီချင်းရေးစပ်၊ သီချင်းသီဆို၊ ကိုယ်တိုင်ပါဝင် တီးမှုတ် ကခုန်ကြခြင်းဖြစ်ပါ၏။ ဂီတသုခုမပညာရှင်များကလည်း ကိုယ့်အနုပညာကို အများနှင့်မတူ ထုတ်ဖော်ကြသည်။ ပန်းချီပန်းပုပညာရှင်များကလည်း ကိုယ့်စိတ်ကူးစိတ်သန်းဖြင့် သင်္ကြန်ကို အလှဆင်ကြသည်။ ရှေးဟောင်း သုတေသန ပန်းချီဆရာဦးအုန်းမောင်က မြန်မာ့ရိုးရာရုပ်လုံးပညာဖြင့် ဟင်္သာ ရုပ်ကြီး ချိုးကာပန်းကနုတ်အပြင်အဆင်များဖြင့် “မဟာနွယ်” အလှုပြယာဉ်ကို ပြင်ဆင်ပေးသည်။ ပန်းချီဆရာကြီး ဦးဘသက်က ခေတ်သစ်နှင့်ရိုးရာ အချိုးညီပေါင်းစည်းသည့် အပြင်အဆင်ဖြင့် “ထီလာမောင်” အလှုပြယာဉ်ကို ဖန်တီးပေးသည်။ ပန်းချီဆရာကြီး ဦးလှပေါ်က ပြင်ဦးလွင်-မန္တလေးပြေး MMTA မော်တော်ယာဉ်အသင်းအတွက် ကြီးမားလှပသော ဟင်္သာရုပ်လုံး ကြီးကိုပင် ချိုးပေးခဲ့သည်။

“ထီလာရေသဘင်”က ကရဝိက်ရုပ်လုံးကြီး၊ “ဘုရင့်မောင်” က ရှင်ဘုရင် ရုပ်လုံး၊ ရွှေမန်းမောင်က “ချိုးဖြူရုပ်”၊ ခင်တို့မောင်က “ကြိုးကြာ”၊ ကြယ်နီရောင်က ငါးမြှောင့်ကြယ်ကြီးနှင့် ဥဒေါင်းနှစ်ကောင်၊ တက္ကသိုလ် မောင်၊ ချစ်သွေးညီနှင့် နေပြည်တော်ကလည်း “ခွပ်ဒေါင်းရုပ်ကြီး” များ . . .။

ခြသေ့ရုပ်လုံးကြီးများဖြင့် ပြင်ဆင်ထားသောအသင်းများက မန္တလေး ဗဟိုအမျိုးသားကျောင်းမှ “ကျောင်းတော်ဗဟို”၊ “ပျိုတို့မောင်”နှင့် “ဈေးချို မောင်” တို့ဖြစ်သည်။ ရွှေနန်းတော်က “ငွေခရု”၊ ရွှေစဉ်မောင်က “တိုက် သင်္ဘော”၊ ပုလဲမောင်က “ငါးရုပ်”၊ နန်းမြင့်မောင်က “ကျုံးမြို့ရိုးနှင့်နန်းမြင့်”၊ နန်းရှေ့မောင်က “အမြောက် ၄ လက်”နှင့် “တိုက်သင်္ဘော”၊ ပြည်ထောင်စု နန်းရှေ့လှေတော်ယာဉ် က ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် လှေကြီး. . .။ ဥတ္တရတိုင်းစစ်ဌာနချုပ်က “ကျားခေါင်းကြီး” . . . တို့ဖြင့် ပြင်ဆင်ကာ နွှဲပျော်ကြသည်။ ဤသို့ဖြင့် ထိုနှစ်သင်္ကြန်တွင် မန္တလေးတစ်မြို့လုံး အလှုပြယာဉ်အသင်းပေါင်း ၄၀ ကျော်နှင့် အမျိုးသမီးရေသဘင်အဖွဲ့ ၅၀ ကျော်တို့ပါဝင်ကာ ဆင်နွှဲကြခြင်းဖြစ်သည်။

“ငြိမ်းချမ်းရေး” ဆန္ဒဟူသော ဒီရေက နေ့စဉ်လို စက္ကန့်မလပ်မို့ ရိုးရာသင်္ကြန်ပွဲတော်ကြီး၌ပင် “ငြိမ်းချမ်းရေး” လွှမ်းခြုံနေသည်။ ၁၉၅၀ ပြည့် (ကောဇာသက္ကရာဇ် ၁၃၁၁ ခုမှ ၁၃၁၂ ခုနှစ်အကူး) သင်္ကြန်ကို မန္တလေးမှာ “ငြိမ်းချမ်းရေး” သင်္ကြန်ဟု ကမ္ပည်းတင်သည်။ ထိုစဉ်က နိုင်ငံတော် သမ္မတကြီး စဝ်ရွှေသိုက်ကိုယ်တိုင်ပါဝင်ဆင်နွှဲကြ၏။ သို့သော် ထိုနှစ်က ထူးထူးခြားခြား မန္တလေးမြို့မအသင်းသားတွေက ရန်ကုန်သင်္ကြန်၌ ဆင်နွှဲကြ၏။ ရန်ကုန်ရောက် “မန္တလေးမြန်မာကုန်သည်များအသင်း”၏ အစီအစဉ်ဖြင့် “ရွှေမန်းရေယာဉ်” ဟုအမည်ပေးကာ ငွေငန်းရုပ်အလှဆင် ရေသဘင် ကားကြီး ဆင်သည်။ ထို့နောက် ရုပ်ရှင်နောက်ခံဂီတအသံ သွင်းရန်ကိစ္စအတွက် ရန်ကုန်ရောက်နေသော ဆရာမြို့မငြိမ်းကိုယ်တိုင် “ရွှေမန်းရေယာဉ်” ဖြင့်လိုက်ပါပြီး သင်္ကြန်ပွဲဆင်နွှဲသည်။ မန္တလေးတွင်ရှိ စဉ်ကာလတစ်လျှောက်လုံး မြို့မငွေငန်းယာဉ်ပေါ်တွင် လိုက်ပါလေ့မရှိသော ဆရာမြို့မငြိမ်းက ရန်ကုန်သင်္ကြန်တွင် ကိုယ်တိုင်ပါဝင်ဆင်နွှဲသဖြင့် ထူးခြား နေသည်။ “ရွှေမန်း ရေယာဉ်”တွင် ၁၉၄၇ ခုနှစ်က ရေးစပ်ခဲ့သော “ရွှေမန်း တောင်ရိပ်ခို” သီချင်းကို ၁၉၅၀ ပြည့်နှစ် ရန်ကုန်သင်္ကြန်၌ ဆရာမြို့မ ငြိမ်းကိုယ်တိုင် ပြန်လည်သစ်ဆန်းခဲ့သောအခါ အထူးနှစ်သက်ခဲ့ကြသည်။ နာမည်ကျော် ဘီတီဘရားသားအုပ်စုကလည်း ထိုနှစ်တွင် ထိုသီချင်းကို တက်ယူပြီး သူတို့၏ကော်ဖီကြော်ငြာရုပ်ရှင်ကားပိုင်းတို၏ သင်္ကြန်အစီ အစဉ် နောက်ခံသီချင်းအဖြစ် ကိုအံ့ကြီးက သီဆိုအသံသွင်းခဲ့၏။ ဘီတီဘရားသား တီးဝိုင်း၏ ဧည့်ခံပွဲတိုင်း ထိုသီချင်းကခေတ်စားခဲ့သည်။ “ရွှေမန်းတောင် ရိပ်ခို”အပြင် သီချင်းသစ်အဖြစ် ဆရာမြို့မငြိမ်းက “ငြိမ်းချမ်းရေး ရေသဘင်” သီချင်းကို ရေးစပ်ခဲ့သည်။ သမိုင်းနောက်ခံဖြင့် ထင်ရှား စေခဲ့သော သီချင်းဟုဆိုသော် လွန်အံ့မထင် . . .၊ နားဆင်ကြည့် ကြပါဦး။

**“(သဘာဝရွှင်မြူး၊ နှစ်ကူးဗမာ့(မြန်မာ့) ရေသဘင်ခါ**
**ရေစင်လန်းကြည်ရွှင် အေးစေချင်ချမ်းတယ်ခင်**
**စိမ့်စိမ့်ချမ်းချမ်း … အေးအေးလောင်းပေ**
**လောင်းလေအေးလေ၊ အေးလေလောင်းလေတွေမို့**
**ချစ်မိတ်ဆွေဖြစ်ကြောင်း အခွင့်ကောင်းကြုံလို့ပင်)၂**
**(ရွှေဂုန်သူမို့ ဖျတ်လတ်ဖြူစင် ရှင်းကြော့ယဉ်ယဉ်**
**မာပါစေဆုထူးဆင်)၂**
**ပိတောက်တွေဝေဝေလွှင်လွှင် ရွှေရည်လူး၊ ဖူးပွင့်တဲ့**
**ဒီအချိန်တွင် … ဗမာ (မြန်မာ) ပြည်၊ ငြိမ်းချမ်းရေး**
**ရွှက်သစ်နုနု ခါတော်ရေစင်ဖျန်းလို့ ဝေစီလွှင် …**
**ငွေငန်းဆုတောင်း … အောင်ကြောင်းကိုပင်**
**ခါတော်ရေသဘင် …”တဲ့လေ …။**

အခုလည်း “အောင်စည်ရွှန်းသံကြားရပြီထင့် ပြည်တော်ဝင်မယ် လေ. . .” ဟု သမိုင်းသစ်စာမျက်နှာ ဖွင့်လှစ်ခဲ့ကြပြီးနောက် နှစ်သစ်နှစ်ကူး အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်း ငြိမ်းချမ်းရေး ရွက်သစ်ရွက်နုတွေဝေဝေစီ လန်းစေချင်ပါဘိ။

**■ သင်္ကြန်ဟူသည် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော ပွဲတော်ကြီးဖြစ်**

**■ အယုတ်အလတ်အမြတ်မရွေး အတန်းအစားမခွဲ တစ်သားတည်း ပျော်ပါးလွတ်လပ်စွာ ဆင်နွှဲခဲ့ကြသည့်ပွဲတော်ဖြစ်**

## အမ်းမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

**အမ်း ဧပြီ ၁၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သီရိပျံ့ချီ ဦးသိန်းဆွေနှင့်ဇနီး ဒေါ်မြသင်္ဂီတို့ကကြီးမှူး၍ အမ်းမြို့နယ်အတွင်း အသက် ၇၅နှစ် နှင့်အထက် အဘိုးအဘွားတို့အား (သတ္တမ)အကြိမ်မြောက် သက်ကြီး ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်က အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက သက်ကြီးပူဇော်ပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အဘိုး အဘွား ၁၀၀ ခန့်ကို ကန်တော့ကြပြီး အလှူငွေနှင့်ကန်တော့ပစ္စည်းများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် တောင်ပေါ်ဒေသ ပလောင်တိုင်းရင်းသားများရှိရာ ကျောက်တောကျေးရွာအုပ်စု ရပ်ငယ်ကျေးရွာ၌ ဧပြီလပထမပတ်က အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး ဦးဆောင်၍ ဝန်ထမ်းများအဖွဲ့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့စဉ်။

ကိုမျိုး(ရွှေပေါက္ကံ)

# သတ်မှတ်နယ်မြေကျော်လွန်ဝင်ရောက်လာသည့် SSA (ဝမ်ဟိုင်း) အဖွဲ့အား တပ်မတော်က လိုက်လံရှင်းလင်းစဉ် တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် ဧပြီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း လွယ်လတ်၊ မန်ပိုင်၊ လွယ်တန်နှင့် မုံးပေါ်ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ရှမ်းတိုင်းရင်းသား လူမျိုးများကို KIA၊ TNLA အဖွဲ့များက အဓမ္မ လူသစ်စုဆောင်းခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသည်ဟုအကြောင်းပြကာ ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် ကျေးရွာများမှဆက်ကြေး၊ ရိက္ခာကောက်ခံခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယင်းလုပ်ဆောင်ချက်များကို ကာကွယ်ပေးရန်အကြောင်းပြ၍ ယခုနှစ် နှစ်ဆန်းပိုင်းတွင် SSA (ဝမ်ဟိုင်း)အဖွဲ့သည် နယ်မြေကျော်လွန် ဝင်ရောက်လှုပ်ရှားလာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် တီးမားကျေးရွာနှင့် မုံးပေါ်ကျေးရွာအကြား ထိတွေ့တိုက်ပွဲလေးကြိမ်၊ ပန်းနားကျေးရွာအနီးတွင် တစ်ကြိမ် စုစုပေါင်း ငါးကြိမ် ဖြစ်ပွားခဲ့ကာ SSA(ဝမ်ဟိုင်း)အဖွဲ့များ ဆုတ်ခွာထွက်ပြေးခဲ့ပြီး အလောင်း သုံးလောင်းနှင့် ၎င်းတို့ယာယီအခြေပြု နေထိုင်ခဲ့သော ပစ်ကျင်းများ ပတ်ပတ် လည်တူးထားသည့် ယာယီတဲများအား သိမ်းဆည်းရမိခဲ့သည်။



ဧပြီ ၂ ရက်မှ ၄ ရက်အထိ တပ်မတော်က ဖော်ထုတ်သိမ်းဆည်းရမိသော လက်နက်မျိုးစုံ ၄၈ လက်နှင့် ခဲယမ်း၊ မိုင်း၊ လက်ပစ်ဗုံး၊ ကျည်အိမ်၊ ဆက်သွယ်ရေးစက်နှင့် စာရွက်စာတမ်းများကို တွေ့ရစဉ်

ဆုတ်ခွာသွားသော SSA(ဝမ်ဟိုင်း)အဖွဲ့အား လိုက်လံပိတ်ဆို့ရှင်းလင်းရာ မတ် ၃၀ ရက်မှ ဧပြီ ၅ ရက်အထိ SSA (ဝမ်ဟိုင်း)အဖွဲ့မှတပ်ဖွဲ့ဝင် ၂၀ အား ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့အားစစ်ဆေးမေးမြန်းခဲ့ပြီး ထွက်ဆိုချက်များအရ သိုဝှက်ထားသောနေရာများမှ လက်နက်မျိုးစုံ ၄၉ လက်၊ ကျည်အိမ်မျိုးစုံ ၁၀၉ ခု၊ ကျည်မျိုးစုံ ၄၁၂၀၊ မိုင်းမျိုးစုံ ၃၆ လုံး၊ ဗုံးသီးမျိုးစုံ ၅၅ လုံး၊ လက်ပစ်ဗုံးရှစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ ဘိန်းဖြူမှုန့်အနည်းငယ်နှင့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ လမ်းလျှောက်စကားပြောစက်များ၊ ဖုန်းများ၊ SSA ဘတ်တံဆိပ်ပါ ယူနီဖောင်းများ၊ ရိက္ခာများ၊ ငွေကြေးတချို့နှင့် အခြားအသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တိုက်ပွဲများဖြစ်ပွားနေစဉ် မူဆယ်၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်မြို့များနှင့် ပြည်ထောင်စုလမ်းမကြီးပေါ်၌ SSA (ဝမ်ဟိုင်း) အဖွဲ့က ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် တပ်မတော်စစ်ကြောင်းများက ပိတ်ဆို့ရှင်းလင်းမှုပြုလုပ်ခဲ့ရာ မတ် ၃၀ ရက် ည ၁၁ နာရီခန့်တွင် မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ပန်လုံ ၄ လမ်းထိပ်နေရာ၌ ဖောက်ခွဲဖျက်ဆီးရန်ရောက်ရှိနေသော SSA (ဝမ်ဟိုင်း)အဖွဲ့ဝင်တစ်ဦးအား ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ ကျည်အိမ်တစ်ခု၊ ဖောက်ခွဲရေးပြုလုပ်ရာတွင်အသုံးပြုသော ယမ်းနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

SSA (ဝမ်ဟိုင်း)အဖွဲ့များအနေဖြင့် နယ်မြေကျော်လွန်ဝင်ရောက်လာခြင်းကြောင့် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ကချင်ပြည်နယ်၌ ဖမ်းဆီးရမိသစ်လုံးများ လေလံအောင်သဖြင့် ရန်ကုန်သို့ရထားဖြင့်ပို့ဆောင်

**မော်လူး ဧပြီ ၁၀**

ကချင်ပြည်နယ်၌ ဖမ်းဆီးရမိသည့် သစ်လုံးများလေလံအောင်သဖြင့် မြစ်ကြီးနားဘူတာမှ အမှတ် ၉၃၄ အစုန်မီးရထားတွဲ(၁)တွဲဖြင့် ချိတ်ဆွဲတင်ဆောင်လာကြောင်း သိရသည်။

ယင်းတင်ဆောင်လာသည့် သစ်လုံးရထားသည် မော်လူးဘူတာသို့ ဧပြီ ၁၀ ရက် နံနက် ၉ နာရီခန့်က ဆိုက်ရောက်ရပ်နားပြီး ယနေ့ညနေ ၅ နာရီ ၄၉ မိနစ်တွင် ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါသစ်လုံးများကို ရန်ကုန်သို့ပို့ဆောင်မည်ဖြစ်ကြောင်း သစ်များတင်ဆောင်ခဲ့သည့် အမှတ် ၉၃၄ မီးရထား၌ လိုက်ပါလာသည့် တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

**ခင်မောင်ဆွေ(မော်လူး)**

# ဖြူးမြို့နယ် သာစုကန်ကျေးရွာအုပ်စု ပြည်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးရန် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ဖြူး ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သာစုကန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးပါရ်ဆူရမ်း၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဦးဘာရီရမ်းနှင့် အဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများနှင့် အသိပညာရှင်များ၊ ကျေးရွာပြည်သူ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုဥက္ကဋ္ဌက ဆယ်အိမ်စုမှူးများ၏ တာဝန်ဝတ္တရားများနှင့် လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာမီးလင်းရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ငန်းစဉ်စီမံချက်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အသေးစိတ်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ဆယ်အိမ်စုမှူးများက မိမိကျေးရွာခွဲများအလိုက် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# မိုးကြိုးပစ်ခံရသဖြင့် လူတစ်ဦး သေဆုံး သုံးဦး ဒဏ်ရာရ

**သရက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေဘွက်ကျေးရွာအုပ်စု တောမွန်ကျေးရွာ၌ ဧပြီ ၈ ရက် ညနေ ၄ နာရီခန့်က လေပြင်းများတိုက်ပြီး မိုးရွာ၍ ရုံးပင်အောက်၌ မိုးခိုနေစဉ် မိုးကြိုးပစ်ခံရသဖြင့် လူတစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ရေဘွက်ကျေးရွာအုပ်စု တောမွန်ရွာနေ ဦးအောင်မင်းပိုင်ဆိုင်သော ပဲခင်းပျက်အတွင်း တောမွန်ရွာနေ မျိုးမောင်မောင်၊ မသောင်း၊ မစု(ခ)မရင်ရင်ဌေး၊ သားစိုး(ခ)ညီဇော်သက်တို့လေးဦး နွားကျောင်းနေစဉ် ညနေ ၄ နာရီခန့်က လေပြင်းများတိုက်ပြီး မိုးရွာသွန်းသောကြောင့် ရုံးပင်အောက်၌ မိုးခိုနေကြစဉ် မိုးကြိုးပစ်ချရာ မျိုးမောင်မောင်(၂၃ နှစ်)၊ မသောင်း(၃၅ နှစ်)၊ မစု (ခ) မရင်ရင်ဌေး(၃၃ နှစ်)တို့မှာ (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကာ သားစိုး(ခ) ညီဇော်သက်(၁၄ နှစ်)မှာ သေဆုံးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# အမွေကိစ္စစကားများရာမှ မီးရှို့မှုဖြစ်ပွားပြီး အိမ် ၂၉ လုံးမီးလောင်

**တာချီလိတ် ဧပြီ ၁၀**

မိသားစု အမွေကိစ္စစကား အချေအတင်ဖြစ်ရာမှ ဒေါသမထိန်းနိုင်သော ထိုင်းနိုင်ငံသားတစ်ဦး၏ ရက်စက်သည့်လုပ်ရပ်ကြောင့် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားစွာ လာရောက်လေ့လာကြသော တာချီလိတ်မြို့ရှိ တိုင်းဝေါင်းရွာလေးမှာ မိနစ်ပိုင်းအတွင်း ပြာပုံဘဝသို့ ရောက်ရှိခဲ့ရသောဖြစ်စဉ်တစ်ရပ် ဧပြီ ၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဖာသက်ရပ်နေ အိုက်တွတ်(ခ) စိုင်းအောင်သန်း(ခ) အောင်အောင်သန်းသည် ယမန်နှစ်က သေဆုံးသွားသည့်ဇနီးဖြစ်သူ၏ အစ်မဖြစ်သူ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ရှမ်းစု(တိုင်းဝေါင်း)ရွာနေ ဒေါ်နန်းလတ်ထံမှ ဇနီးဖြစ်သူ၏ အမွေကို ပေးရန် လာရောက်တောင်းဆိုရာမှ စကားအချေအတင်ဖြစ်ကာ ဒေါသကို မထိန်းနိုင်ဘဲ ဦးအိုက်ပေါက်-ဒေါ်နန်းလတ်တို့၏ ၁၀ ပေ ပတ်လည် အကျယ်အဝန်းရှိ သွပ်မိုးထရံကာ ပျဉ်ခင်းနေအိမ်အား ဓာတ်ဆီဖြင့် လောင်း၍ မီးရှို့ရာမှ အနီးပတ်ဝန်းကျင်ရှိ နေအိမ်များသို့ပါ ကူးစက်လောင်ကျွမ်းသွားခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် စုစုပေါင်း နေအိမ် ၂၉ လုံး မီးလောင်ဆုံးရှုံးသွားခဲ့သည်။

မီးလောင်မှုကို တာချီလိတ် တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်း ဦးဆောင်သည့် တပ်မတော်သားများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများက တာချီလိတ်၊ မိုင်းဖြတ်၊ တာလေ မီးသတ် စခန်းများမှ မီးသတ်ယာဉ်များ၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ မီးသတ်ယာဉ်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း မီးငြိမ်းသတ်ကြရာ ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် မီးညွန့်ကျိုးသွားပြီး ည ၁၀ နာရီ ၁၅ မိနစ် တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးဘေးသင့် ပြည်သူများအား မဟာမြတ်မုနိ ဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြုစုစောင့်ရှောက်ထားကာ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ စေတနာရှင်များက အစားအသောက်၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းနှင့် အလှူငွေများ လာရောက်ကူညီထောက်ပံ့ပေးလျက်ရှိပြီး သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကူညီထောက်ပံ့ရေး အစီအစဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ပြစ်မှုကျူးလွန်၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူ ထိုင်းနိုင်ငံသား အိုက်တွတ်(ခ) စိုင်းအောင်သန်း(ခ) အောင်အောင်သန်း (၃၆ နှစ်)ကို ဖမ်းဆီးရရှိနိုင်ရေးအတွက် ထိုင်းနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မူဆယ်မြို့၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**မူဆယ် ဧပြီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် စွမ်စော်ရပ်ကွက် ၄ လမ်းနှင့် ၅ လမ်းကြားရှိ အိမ်အမှတ် (စစ/၁၀၄) အိမ်ငှားအဖြစ် နေထိုင်သည့် နေအိမ်တစ်လုံး ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်သည့် နေအိမ်သည် ဦးစိုင်းအိုက်ဆမ်၏ နေအိမ်ဖြစ်ပြီး အိမ်ငှား ဒေါ်လီဇင်းမြင့် (၂၉ နှစ်)နေအိမ်ရှိ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းနှင့် လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ငှား ဒေါ်လီဇင်းမြင့်ကို မူဆယ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# မိုင်းတုံမြို့မဈေးရှေ့ ဆိုင်ခန်းငါးခန်း မီးလောင်ကျွမ်းမှုဖြစ်

**မိုင်းတုံ ဧပြီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့မဈေးရှေ့ ဈေးဆိုင်တန်း၌ ဧပြီ ၉ ရက် ည ၈ နာရီ မိနစ် ၄၀ က ဆိုင်ခန်းအမှတ်(၂၄၊၂၅၊၂၆) ဆိုင်ခန်းပိုင်ရှင် ဦးစိုင်းစံထွန်း၏ အဝတ်အထည်ဆိုင်မှ ဆိုလာအင်ဗာတာမီး ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား၍ ဘေးဆိုင်ခန်း ၂၃ နှင့် ၂၇ သို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ နယ်မြေခံတပ်မတော်သားများနှင့် ဦးကျော်သူလွင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ည ၉ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ပြီး ဆိုင်ခန်းငါးခန်း မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးစိုင်းစံထွန်းအား မိုင်းတုံမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မောင်မောင်(ပြန်/ဆက်)**



# ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**မြင်းမူ ဧပြီ ၁၀** - မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး မန္တလေး-မြင်းမူ-မုံရွာကားလမ်း မိုင်တိုင်(၅၂/၇ နှင့် ၅၃/၀) အကြားတွင် ဧပြီ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က မန္တလေးဘက်မှ ယာဉ်မောင်း သန်းထွန်းဝင်း မောင်းနှင်သည့် 1I/---- ALL STAR ခရီးသည်တင်ယာဉ်နှင့် မုံရွာဘက်မှ ယာဉ်မောင်း ဦးမြင့် မောင်းနှင်သည့် YGN/------ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ယာဉ်မောင်း ဦးမြင့်မှာ မြင်းမူဆေးရုံအရောက်၌ သေဆုံးသွားကာ ယာဉ်ပေါ်ပါသူများ ဒဏ်ရာရရှိခဲ့ကြသည်။ ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါခရီးသည်များအနက် ယာဉ်မောင်းအပါ ကိုးဦး ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မောင်း သန်းထွန်းဝင်းနှင့် ဦးမြင့်တို့ကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(ဝ၇၇)


သမီးငွေးနှင့်ရောင်းရင်းများ ၏ မဟာသင်္ကြန်ခရီးစဉ်များ
☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ (အဆင့်မြင့်ခရီးစဉ်)
အဆင့်မြင့် Hotel တည်းခိုး Restaurant မှာစား SCANIA ကားဖြင့် (12-4-2016) ထွက်မည်
☆ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက် (11-4-2016)
☆ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ စစ်တွေ၊ ငပလီ (၈)ရက် (12-4-2016)
☆ ထားဝယ်နယ်စပ်-ထီးခီး၊ ကန်ချနာပူရီ၊ မြဘုရား (၇)ရက် (12-4-2016)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-241863, 01-380141, 09-43043109

ဖခင် အမည်မှန်
အထက၊ မိုင်းယောင်း အဌမတန်းမှ မဆောင်းနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးလောက်ဆီး ၁၃/ကလတ(နိုင်)၀၂၀၉၇၇ ဖြစ်ပါကြောင်း။ ဦးလောက်ဆီး ၁၃/ကလတ(နိုင်)၀၂၀၉၇၇

မြန်မာ့ရိုးရာနှစ်သစ်အတာသင်္ကြန်အတွက် တီးဝိုင်းနှင့် အဆိုတော်များ လိုအပ်ပါက
ဆက်သွယ်နိုင်ပါသည်
UAB Music Entertainment
UAB Sound Studio @Max Studio
UAB Music Production & Distribution
အမှတ်(၈၆)၊ ၁၂၄ အပေါ်လမ်း၊ မင်္ဂလာဈေးကျောဘက်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၈၅၀၄၀၂၃၅၊ ၀၉-၉၇၅၀၄၀၂၃၅

တစ်ချက်တည်းကျင်းဝင်
ဦးညွန့်စိန်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ၂-၄-၂၀၁၆ ရက် ၀၉း၃၂ နာရီအချိန် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၅ ၌ ၁၅၆ ကိုက်အကွာမှ Srixon No.1 ဘောလုံးကို Honma No.8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဗိုလ်ချုပ်သိန်းအောင်၊ ဦးဝင်းလှိုင်အောင်၊ ဦးထွန်းအေး တို့အတူ ကစားလျက်ရှိပါသည်။

GOLDEN STAR Travels & Tours
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပဒုတ္တမ္ Apr-11,12,17
❖ ရွှေစက်တော်-ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Apr-12
❖ မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Apr-11
❖ တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Apr-9,11,12,17
❖ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr-11,12
❖ တောင်ကြီး-အင်းလေး-ပင်းတယ-လွိုင်ကော် Apr-12
❖ ငွေဆောင်(Hotel + Car) Apr-11,12,13,14
Ph;09-5081580, 09-5036640, 09-5080860, 703448

အမြန်ရောင်းမည်။(ပွဲစားမလို)
၁။ အောင်ဇေယျအိမ်ယာမြေ၊ 1sqft ၄၀၀၀ဝိ/-နှုန်း
၂။ ဒဂုန်ဆိပ်ကမ်းမြို့နယ်နှင့်မျက်နှာချင်းဆိုင်ပဲခူးမြစ်ကမ်းဘေးရှိဆိပ်ခံတံတားလုပ်ရန်ကောင်းသည့်မြေ တစ်ဧက (၂၅၀) သိန်း
၃။ ပုလဲ(၃)ရှိ 68'x73' မြေပေါ်ရှိ RC (၂)ထပ်တိုက်
၀၉-၅၁၅၀၇၅၀ /၀၉-၅၁၁၂၄၀၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် 4E/5984, KIA BONGO III, P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သင်း ၁၂/ရပသ(နိုင်)၀၆၆၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း
ယာဉ်အမှတ် 1E/1421, Nissan Cabster JNS 4F, L/T (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှေစင် ၁၄/ညတန(နိုင်)၀၉၄၉၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

# အင်းလေးသားတို့ထံ သောင်တူးစက် လွှဲပြောင်းပေးမည်




**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ရှိ အင်းလေးကန်ကြီး တိမ်ကောပပျောက်မှု လျော့နည်းကင်းဝေးစေရေးအတွက် အင်းလေးကန်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ဝယ်ယူထားသော Bell 250 သောင်တူးစက်အမျိုးအစားကို UMG Myanmar ကုမ္ပဏီမှ မေ ၈ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်း သောင်တူးစက်သည် အနက်နှစ်ပေထိ သဲနုန်းနှင့် နွံများကို စုပ်ယူဖယ်ရှားပေးနိုင်ရန် ဒီဇိုင်းပြုလုပ်ထားပြီး ဂျာမနီနိုင်ငံ Dcutz ကုမ္ပဏီမှ ထုတ်လုပ်သည့် မြင်းကောင်ရေ 460 HP ရှိသော အင်ဂျင်ကိုသုံး၍ အီလက်ထရွန်နစ်နှင့် ကွန်ပျူတာစနစ်တို့ဖြင့် ထိန်းချုပ်မောင်းနှင်ခြင်းဖြစ်သည်။ အင်းလေးကန်အောက်ခြေရှိ သဲနုန်းနှင့် နွံများကို တစ်နာရီလျှင် 130M3 မှ 200M3 အထိ စုပ်ယူဖယ်ရှားပေးမည်ဖြစ်ပြီး စုပ်ယူရရှိသော သဲနုန်းနှင့် နွံများကို ပေ ၄၀၀၀ အကွာအဝေးအထိ ၁၀ လက်မအချင်းရှိ စတီးပိုက်များ အသုံးပြုကာ ဖယ်ရှားပေးမည်ဖြစ်သည်။ သောင်တူးစက်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများသည် ၂၀၁၆ ခုနှစ် မတ်လ နောက်ဆုံးပတ်အတွင်း အင်းလေးကန်ဒေသသို့ ရောက်ရှိလာကာ ဧပြီလပထမပတ်အတွင်း ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာများ၊ နယ်သာလန်နိုင်ငံ Bell ကုမ္ပဏီမှ အင်ဂျင်နီယာများ၊ UMG Myanmar မှ အင်ဂျင်နီယာများ ပူးပေါင်းပြီး အောင်မြင်စွာ တပ်ဆင် ရေချစမ်းသပ်နိုင်ခဲ့ကြောင်း၊ အင်းလေးကန်စိုပြည်သာယာရေးအတွက် ခေတ်မီသော သောင်တူးစက် GRACE INLAY ကို မကြာခင် အင်းလေးသူ၊ အင်းလေးသားတို့ လက်တွင်းသို့ လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း UMG ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သောင်တူးစက် လွှဲပြောင်းပေးအပ်ပွဲကို ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်းကျေးရွာဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်ဘုန်းကြီးကျောင်းဝင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ UMG ကုမ္ပဏီ Managing Director ဒေါ်မာလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက အမှာစကားပြောကြားကာ လွှဲပြောင်းလက်ခံခြင်းမှတ်တမ်းတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် UMG ကုမ္ပဏီ Managing Director တို့က လက်မှတ်ရေးထိုးကြ၍ သောင်တူးစက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တာချီလိတ်မြို့တွင် သောက်သုံးရေပြတ်လပ်သောရပ်ကွက်များသို့ ရေလှူဒါန်း

**တာချီလိတ် မေ ၁၀**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ သောက်သုံးရေပြတ်လပ်နေသောရပ်ကွက်များသို့ မီးသတ်ဦးစီးဌာနက မီးသတ်ရေယာဉ်နှစ်စီးဖြင့် ရေဂါလန် ၈၀၀၀ ကို မေ ၈ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကိုကို ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးဖြင့် ပုန်းထွန်ရပ်ကွက်ရှိ ကျောက်တောင်တွင် ရေလှောင်ကန် နှစ်ကန်နှင့် အာခါ(၃)တွင် ရေလှောင် ကန်တစ်ကန်တို့ကို ဖြည့်ဆည်းပေးခဲ့ပြီး ရပ်ကွက်လမ်းဆုံ၌ လူနေအိမ်များမှ ရေပုံးများကို တန်းစီစနစ်ဖြင့် ဖြည့်ဆည်းပေးခဲ့သည်။ **(အောက်ဝဲပုံ)**




တာချီလိတ်မြို့၌ သောက်သုံးရေသုံးစွဲရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ ပေးဝေသော ရေပေးဝေရေးစနစ်နှင့် တောင်ပေါ်စိမ့်စမ်းရေများမှ ရေဦးရေဖျား အရပ်ဒေသများမှ သွယ်ယူသောစနစ်များဖြင့် သောက်သုံးရေကိုသုံးစွဲကြသည်။ တာချီလိတ်မြို့နယ်အတွင်း ဧပြီလနှင့် နောက်ပိုင်းကာလများတွင် ရေရှားပါးမှုကြုံတွေ့နိုင်မည့် ကျေးရွာများတွင် လက်ရှိရေရရှိသုံးစွဲနေမှုအခြေအနေ၊ ရေရှားပါးပါက လတ်တလော ဖြေရှင်းနိုင်မည့် အစီအမံများအပြင် ကျေးရွာရေဖူလုံမှုရှိစေရန်အတွက် ရေရှည်ဆောင်ရွက်မည့် အစီအမံများဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေဦးစီးဌာနမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေစကြိုမြို့နယ် ကျေးရွာအချို့တွင် အိမ်တိုင်ရာရောက်ရေမီတာစနစ်ဆောင်ရွက်

**ရေစကြို မေ ၁၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသောကျေးရွာများတွင်ပါဝင်သည့် ကြက်ဆူကျင်းကျေးရွာ၊ တောင်စင်ကျေးရွာ၊ နှင့် အောင်နန်းကျေးရွာတို့တွင် အိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးရေးစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ယူနီဆက်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာမှပြည်သူတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများမှ ပိုက်လိုင်းဒီဇိုင်းနှင့် ပိုက်လိုင်းအရှည်ပုံထုတ်ခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ ပိုက်လိုင်းအတွက် မြေတူးခြင်း၊ ရေမီတာဝယ်ယူခြင်းနှင့် ပိုက်ဆက်ပစ္စည်းများဝယ်ယူခြင်းတို့ကို ကျေးရွာမှ ဆောင်ရွက်ရမည်ဖြစ်ရာ ပိုက်လိုင်းဒီဇိုင်းနှင့် ပိုက်လိုင်းအရှည်ပုံထုတ်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်တင်တင်စိုးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အိမ်တိုင်ရာရောက်ရေမီတာသုံးရေပေးရေး စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက ကြက်ဆူကျင်းကျေးရွာ၊ အောင်နန်းကျေးရွာနှင့် တောင်စင်ကျေးရွာတို့တွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုပေါင်း ၄၀၀ အတွက် သောက်သုံးရေ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ္မန်ဆွေ(ရေစကြို)**

# မီးဘေးသင့်သူများအား နေအိမ် ၁၁ လုံး လွှဲပြောင်းပေး

**ရမည်းသင်း မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့မရပ်ကွက်ကြီး ရွှေကူရပ်ကွက် မီးဘေးသင့်နေအိမ် ၁၁လုံး လွှဲပြောင်းပေးခြင်းနှင့် အလှူရှင်အား ဂုဏ်ပြုရှင်မှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို မေ ၈ ရက် က ရွှေကူရပ်ကွက် ရှင်မာလဲဘုရားဓမ္မာရုံ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မီးဘေးသင့်နေအိမ် ၁၁ လုံး ကာယကံရှင်များအား နေအိမ်ပေးအပ်လွှာများကို ပေးအပ်သည်။

ထို့နောက် မီးဘေးသင့်နေအိမ် ၁၁ လုံး ပြန်လည်ဆောက်လုပ်လှူဒါန်းသော အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုလီမိတက်အား အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်းသိရသည်။

**အတ်ကလေး (ရမည်းသင်း)**

# ရေရှားပါးသည့်ကျေးရွာသို့ ရေလှူဒါန်း

**မန္တလေး မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် သောတာပန်အုပ်စု ထွင့်ခေါင်ကျေးရွာသည် စစ်ကိုင်းတောင်နှင့် မင်းဝံတောင်ကြား၌တည်ရှိသည့် ကျေးရွာ တစ်ရွာဖြစ်သည်နှင့်အညီ နွေရာသီရောက်တိုင်းသောက်သုံးရေရှားပါးမှု ကြုံတွေ့နေရကာ ယခုနှစ်တွင် အယ်နီညိုရာသီဥတု ထူးခြားစွာခံစားနေရသဖြင့် အဆိုပါထွင့်ခေါင်ကျေးရွာသို့ နယ်မြေခံတပ်မဌာနချုပ်နှင့် နယ်မြေခံတပ်ရင်းတို့မှ ဧပြီလ ပထမပတ်က သောက်သုံးရေသန့်များ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် မိုးတွင်းရာသီ မိုးရေများ စုဆောင်းထိန်းသိမ်းရန်မြေသားရေလှောင်ကန်မရှိသဖြင့် နှစ်စဉ်နွေရာသီရောက်တိုင်း သောက်သုံးရေအတွက် အခက်အခဲဖြစ်လျက်ရှိရာအမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၁၃)ခြေမြန်တပ်ရင်းတို့မှ သောက်ရေ သန့်လီတာ ၂၀ ဘူးကြီးအလုံး ၇၀ ၊ ရေဂါလန် ၁၂၀၀ ဆံ့ရေသယ်ယာဉ်တစ်စီး၊ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း နှစ်စီးဖြင့် ထွင့်ခေါင်ကျေးရွာသို့ ဖြန့်ဝေလှူဒါန်းပေးခြင်းဖြစ်သည်။

ဆက်လက်၍နယ်မြေခံတပ်မဌာနချုပ်အနေဖြင့် သောက်သုံးရေအခက်အခဲဖြစ်လျက်ရှိသည့် အခြားကျေးရွာများသို့ ဆက်လက်ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရေသယ်ယာဉ်ဝယ်ယူရေး အလှူငွေပေးအပ်

**သာစည် မေ ၁၀**

သောက်သုံးရေ၊ သုံးစွဲရေ အခက်အခဲဖြစ်နေသည့် ကျေးရွာများသို့ ရေများစဉ်ဆက်မပြတ် ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဇေယျသုခရေလှူအသင်းကြီးသို့ ရေဂါလန်၁၂၀၀ ဆံ့ ရေသယ်ယာဉ် ကားတစ်စီးဝယ်ယူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေ ၈ ရက်က သမဝါယမဘဏ်လီမိတက် (CB Bank)ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျသုခရေလှူအသင်းကြီး၏ အကျိုးတော်ဆောင်နာယက ဦးဟန်ခင်က အသင်းကြီး၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဇေယျသုခ ရေလှူအသင်းကြီးသို့ ရေသယ်ယာဉ်ဝယ်ယူနိုင်ရေးအတွက် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံယူကြသည်။

ဇေယျသုခ ရေလှူအသင်းကြီးသည် မတ် ၁ ရက်မှစပြီး မေ ၇ ရက် အထိ မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်မှုရှိနေသည့် ကျေးရွာပေါင်း ၂၁ ရွာသို့ ရေဂါလန်ပေါင်း ၆၄၀၀၀ ကို ဖြန့်ဝေလှူဒါန်းနိုင်ခဲ့ကြောင်းနှင့် ယခုအခါ ရေလှူအသင်းကြီးတွင် အလှူရှင်များ၏လှူဒါန်းမှုကြောင့် ရေသယ်ယာဉ်သုံးစီးကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

# ကျွန်တော်နဲ့အောင်မြင်သော ပြောင်းလဲမှုစီမံခြင်း



ပါမောက္ခ ဒေါက်တာ
အောင်ထွန်းသက်

**ကျွန်တော်ဟာ ပြောင်းလဲမှုစီမံခန့်ခွဲမှုကိုဘာသာရပ်တစ်ရပ်အနေဖြင့် လေ့လာခဲ့ပါတယ်။ အခုလိုအခွင့်အရေးရခဲ့တာဟာလည်း ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူခဲ့စဉ်က ဖြစ်ပါတယ်။ ဒီတုန်းက အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်စတင်ဆောင်ရွက်ခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းပြုပြင်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေဖို့ သင်ရိုးညွှန်းတမ်းတွေရေးဆွဲပြီး သင်တန်းတွေပို့ချခဲ့ရပါတယ်။ အခုလို လေ့လာရင်း "ငါ့ရဲ့ ဒိန်ခဲကို ဘယ်သူ့ရွှေ့သလဲ" ဆိုတဲ့ စာအုပ်ကိုဖတ်ခဲ့တယ်။ ဒီစာအုပ်က တိုတိုလေးပေမယ့် အတော်အဓိပ္ပာယ်ရှိတာ။ ဝင်္ကပါထဲမှာ ကြွက်နှစ်ကောင်နဲ့ လူနှစ်ဦး…။ ထူးဆန်းတာက ဒီလူနှစ်ဦးဟာ ကြွက်အရွယ်လောက်သာရှိတယ်တဲ့။ ကြွက်နှစ်ကောင်နဲ့လူနှစ်ဦးဟာ ဝင်္ကပါထဲသွားရင်း ဒိန်ခဲတွေကို ရှာဖွေတဲ့ပုံပြင်လေးတစ်ခုဖြစ်တယ်။ ဝင်္ကပါဆိုတာဟာ လူ့ဘဝကိုရည်ညွှန်းပြီး ဒိန်ခဲကတော့ လူတိုင်းတမ်းတကြတဲ့အောင်မြင်မှုဖြစ်ပါတယ်။ ဒီပုံပြင်ကလေးကို အသေးစိတ်မတင်ပြတော့ဘဲ သင်ခန်းစာ(၇) ရပ်ကိုသာ အကျဉ်းချုံးပြီး တင်ပြချင်ပါတယ်။**

၁။ ပြောင်းလဲမှုဟာအစဉ်ဖြစ်နေမှာဖြစ်တယ်။
၂။ ဒါကြောင့်ပြောင်းလဲမှုကို အမြဲကြိုတင်ပြီးခန့်မှန်းထားရမယ်။
၃။ ပြောင်းလဲမှုကိုလည်း မျက်ခြည်မပြတ်အောင် ဆန်းစစ်နေရမယ်။
၄။ ဖြစ်ပေါ်လာတဲ့ပြောင်းလဲမှုကို အဆင်ပြေ လိုက်လျောညီထွေစွာ ရင်ဆိုင်နိုင်ရမယ်။
၅။ ပြောင်းလဲမှုကိုရဲရဲဝံ့ဝံ့ရင်ဆိုင်ရမယ်။
၆။ ပြောင်းလဲမှုကို ကျေနပ်စွာပျော်စရာတစ်ခုအနေနဲ့ လက်ခံရမယ်။
၇။ အမြဲတမ်းပြောင်းလဲမှုကို ရင်ဆိုင်နိုင်အောင်ပြင်ဆင်ထားရမယ်။

ဒီသင်ခန်းစာတွေဟာ အခုလိုပြောင်းလဲမှုအကြီးအကျယ်ရင်ဆိုင်နေကြရတဲ့အချိန်မှာစဉ်းစားစရာတွေသာ ဖြစ်ပါတယ်။

သတင်းစာဂျာနယ်တွေမှာဝန်ကြီးဌာနတွေအနေနဲ့ ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ရက်(၁၀၀)စီမံချက်တွေဖော်ထုတ်နေကြတာကို ဖတ်ရတယ်။ အားရစရာပါပဲ။ ဒါပေမယ့် ပြောင်းလဲမှုဟာ ဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ဖြစ်ရပ်မဟုတ်ဘူးဆိုတာ သတိပြုရမှာဖြစ်တယ်။ ဥပမာအားဖြင့် အင်မတန်လှပတဲ့ လိပ်ပြာတစ်ကောင်ဟာ အလွန်အကျည်းတန်တဲ့ ပိုးတုံးလုံးကတစ်ဆင့် ချက်ချင်းပြောင်းလဲလာတာမဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် တရွေ့ရွေ့ပြောင်းလဲလာခဲ့တာဖြစ်တယ်။ ပြောင်းလဲမှုကိုဖြစ်စဉ်တစ်ရပ်လိုသဘောထားလိုက်ရင် အဆင့်သုံးဆင့်ရှိကြောင်းတွေ့ရပါတယ်။ ဒါတွေကတော့ လက်ရှိအခြေအနေရယ်၊ ပြောင်းလဲတဲ့အနေအထားရယ်၊ အနာဂတ်မျှော်လင့်ချက်ရယ် ဖြစ်ပါတယ်။

လက်ရှိအခြေအနေဟာ မျက်မှောက်ခေတ်ရဲ့လှုပ်ရှားမှုတွေဖြစ်တယ်။ အလုပ်တွေ လုပ်ကြတဲ့အခါ ကျင့်သုံးတဲ့ အစဉ်တရားတွေ၊ အပြုအမူတွေ၊ နည်းပညာတွေ၊ အဖွဲ့အစည်းတွေဖြစ်တယ်။ ပကတိ အနေအထားဟာ အကောင်းဆုံး မဟုတ်ပေမယ့် ဒီအခြေအနေကို ရင်းနှီးမှုရှိတယ်။ နားလည်သဘောပေါက်တယ်။ ဒုတိယအဆင့်က ပြောင်းလဲတဲ့အနေအထား မရေရာမှုတွေများတယ်။ မသေချာမှုတွေရှိတယ်။ စိုးရိမ်စိတ်တွေ၊ ပူပန်မှုတွေများတယ်။ ဒါပေမယ့် ဒီအဆင့်ကိုဖြတ်ကျော်မှမိမိလိုချင်တဲ့ တတိယအဆင့်ကို ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ အနာဂတ်အဆင့်ဟာ လက်ရှိအခြေအနေထက်သာရမယ်။ ပြောင်းလဲမှုကို စဉ်းစားရာမှာ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ပတ်သက်သလို အဖွဲ့အစည်းအဆင့်မှာလည်းလိုအပ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ လက်ရှိအခြေအနေက မိမိတမ်းတ မျှော်လင့်တဲ့အနာဂတ်အဆင့်ရောက်ဖို့ အခြေခံငါးရပ်ကို စဉ်းစားရမှာဖြစ်တယ်။ ပထမအခြေခံ လူပုဂ္ဂိုလ်တစ်ဦးချင်း ပြောင်းလဲမှုလိုအပ်တာကိုသိရမှာဖြစ်တယ်။ ဒုတိယအခြေခံက သိရုံသက်သက်မဟုတ်ဘဲပြောင်းလဲမှုမှာပါဝင်ပြီး ကူညီပံ့ပိုးဖို့လိုအပ်တယ်။ တတိယအခြေခံကတော့ ပြောင်းလဲမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့ အသိပညာတွေ စုဆောင်းထားဖို့ လိုအပ်ပါတယ်။ စတုတ္ထအခြေခံကတော့ပြောင်းလဲမှုကို အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ကျွမ်းကျင်မှုတွေ၊ အပြုမူအသစ်တွေ စုဆောင်းကျင့်သုံးရမယ်။ နောက်ဆုံးအခြေခံက ပြောင်းလဲမှုတည်တံ့ခိုင်မြဲစေရန် အစဉ်အားဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဒီအခြေခံတွေအပေါ် အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုကို တည်ဆောက်သွားရမှာသာ ဖြစ်ပါတယ်။ တစ်ခုတော့ သတိပြုရမှာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦးပြောင်းလဲမှုကို လက်ခံပုံချင်း မတူညီကြပါ။ တချို့က အလွယ်တကူလက်ခံနိုင်သလို တချို့ကတော့ လက်ခံဖို့ ခက်ခဲကြမှာသာဖြစ်တယ်။

အဖွဲ့အစည်းအဆင့်မှာ အကောင်အထည်ဖော်တဲ့ ပြုပြင်ပြောင်းလဲမှုကို အောင်အောင်မြင်မြင်အကောင်အထည်ဖော်နိုင်ဖို့ အဆင့်သုံးဆင့်ကို ဖြတ်ကျော်ရမှာဖြစ်ပါတယ်။ ပထမအဆင့်ကတော့ ပြုပြင်ပြောင်းလဲမှုအတွက် မိမိအဖွဲ့အစည်းကို အဆင်သင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခြင်း၊ ဒုတိယအဆင့်မှာတော့ ဒီပြုပြင်ပြောင်းလဲမှုကို ထိရောက်စွာ စီမံခန့်ခွဲခြင်းနဲ့ တတိယအဆင့်မှာတော့ ပြုပြင်ပြောင်းလဲမှုအခွန့်ရှည်ရန် အားပေးအားမြှောက်ခြင်းတွေသာ ဖြစ်ပါတယ်။ ပြောင်းလဲမှုကို ပြောပြောချင်း တွဲဖက်ပါလာတဲ့ စကားလုံးက ဆန့်ကျင်မှုပဲဖြစ်တယ်။ ပြောင်းလဲမှုကို လူတိုင်းလက်ခံကြမှာ မဟုတ်ပါဘူး။ မကျေနပ်တာ သက်သက်၊ ကျေနပ်တာသက်သက်မဟုတ်ဘဲ ဆန့်ကျင်ရတဲ့ အကြောင်းရင်းတွေရှိနိုင်ပါတယ်။ ဒီအကြောင်းအချက်တွေ သိနိုင်အောင် ကြိုးစားရမှာသာ ဖြစ်တယ်။ ဒီလိုဆောင်ရွက်နိုင်မှသာ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှု ရနိုင်မှာ ဖြစ်ပါတယ်။ ပြောင်းလဲမှု လိုအပ်ချက်မသိတာလို့ ဆန့်ကျင်မှုရှိနိုင်ပါတယ်။ ပြောင်းလဲမှုကြောင့် လက်ရှိအနေအထား ထိခိုက်မှာစိုးလို့လည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က မှန်တယ်ဆိုတာ တစ်ခုတည်းနဲ့ ကျေနပ်နေလို့ မဖြစ်ပါဘူး။ ပြောင်းလဲမှုကို အောင်မြင်ဖို့အတွက် ပါဝင်ပတ်သက်သူတွေအားလုံးရဲ့ လက်ခံမှု၊ သဘောတူမှု ရဖို့လိုအပ်ပါတယ်။

ဒါကြောင့်လည်း အောင်မြင်တဲ့ ပြောင်းလဲမှုရဖို့ ပြောင်းလဲမှုစီမံခန့်ခွဲပညာကို သဘောပေါက်နားလည်ဖို့လိုအပ်ပါတယ်။ အမှန်တော့ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှု ဖြစ်နိုင်ဖို့ အဆင့်ရှစ်ဆင့်ကို ဖြတ်ကျော်ရမှာ ဖြစ်တယ်။ ဒီအဆင့်ရှစ်ဆင့်ကို အပိုင်းနှစ်ပိုင်းခွဲခြားပြီး သတ်မှတ်နိုင်မှာ ဖြစ်တယ်။ ပထမအဆင့်လေးဆင့်က ပြောင်းလဲမှုဖြစ်ပေါ်စေဖို့လိုအပ်တဲ့ အခြေခံတွေ ဖန်တီးခြင်းဖြစ်တယ်။ ပထမအဆင့်ကတော့ ပြောင်းလဲမှုလိုအပ်တယ်။ ပြောင်းလဲမှုဟာအရေးကြီးသလို အရေးပေါ်တစ်ရပ်ဖြစ်တာကို သိအောင် လုပ်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆေးလိပ်ဖြတ်ချင်တဲ့သူ ဆေးလိပ်တွေ ဆက်သောက်ရင် အဆုတ်ရောဂါဝေဒနာခံစားရမှာ မုချသိပြီး မပြတ်ရင် ရင်ဆိုင်ရမယ့် အန္တရာယ်ကို စိုးရိမ်ပြီး ဆေးလိပ်ဖြတ်တာဖြစ်ပါတယ်။ ဒုတိယ အဆင့်က အောင်မြင်တဲ့ပြုပြင်ပြောင်းလဲမှုရရှိအောင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ဖန်တီးလို့ မရပါဘူး။ မဟာမိတ်တွေဖွဲ့ရမယ်။ မိမိနဲ့စိတ်တူ၊ သဘောတူရှိသူတွေကို စည်းရုံးပြီး အောင်မြင်အောင်လုပ်ရမှာဖြစ်တယ်။ တတိယအဆင့်ကတော့ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်လို့ ပေါ်ပေါက်လာမယ့် အနာဂတ်အခြေအနေနဲ့ပတ်သက်ပြီး ကြည်လင်ပြတ်သားတဲ့ ရူပါရုံဖော်ထုတ်ရမှာဖြစ်တယ်။ ပြောင်းလဲမှုနဲ့ပတ်သက်တဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေကို ဖော်ထုတ်သတ်မှတ်ရမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ဒီရူပါရုံကို ပါဝင်ပတ်သက်သူတွေ အားလုံးသိရှိအောင် ဆက်သွယ်ဆက်ဆံဖို့ လိုအပ်ပါတယ်။ ရရှိနိုင်မယ့် အနာဂတ်အနေအထားကို ကြားသိအောင် ကြိုးစားရမှာသာဖြစ်ပါတယ်။

အခုလို အဆင့်လေးဆင့်ကျော်ဖြတ်ပြီးချိန်မှာ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အလေ့အကျင့်အသစ်တွေကို စတင်ကျင့်သုံးရမှာဖြစ်တယ်။ ဒါကြောင့် အဆင့်ငါးဆင့်အနေနဲ့ ပြောင်းလဲမှုတွေ အကောင်အထည်ဖော်နိုင်ဖို့ လုပ်ပိုင်ခွင့်တွေပေးရမှာဖြစ်တယ်။ အဆင့်ခြောက်ကတော့ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်မပျက်စေဖို့ Quick wins လို့ခေါ်တဲ့ လွယ်လွယ်ရနိုင်တဲ့ အောင်မြင်မှုတွေကို ဖော်ထုတ်ပေးဖို့ လိုအပ်ပါတယ်။ အသီးတွေကို ခူးတဲ့နေရာမှာ လက်လှမ်းမီတဲ့ အသီးတွေကို ခူးတဲ့သဘောဖြစ်ပါတယ်။ နောက်ဆုံးကတော့ရလာတဲ့ ပြောင်းလဲမှုအရှိန်ကို မလျော့ကျစေဖို့ ထိန်းသိမ်းသွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆင့်ခုနစ်မှာ စိတ်မလျှော့ဖို့၊ စိတ်ဓာတ်မကျဖို့ အရေးကြီးပါတယ်။ ပြောင်းလဲမှုကိုဆောင်ရွက်ရင်း အခက်အခဲ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရမှာ မုချမလွဲပါ။ ဒါပေမယ့် ဇွဲရှိဖို့အရေးကြီးတယ်။ မဖြစ်မနေဇောက်ချလုပ်နိုင်ဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအဆင့်ရှစ်ကတော့ ပြောင်းလဲမှုကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယနေ့ကြုံတွေ့နေရတဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ အင်မတန်မှ သိမ်မွေ့ပါတယ်။ လေးနက်ပါတယ်။ အောင်မြင်တဲ့ပြုပြင်ပြောင်းလဲမှုရစေဖို့ အတိတ်ကဖြစ်ရပ် အာရုံစိုက်မယ့်အစား အနာဂတ်ကို ဖန်တီးပေးဖို့ အရေးကြီးလှပါတယ်။ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ အပြောင်းအလဲဟာ အရေးကြီးလှပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အရေးအကြီးဆုံးကတော့ စိတ်ထားတွေပြောင်းလဲဖို့ ဖြစ်ပါတယ်။ လူတိုင်းပြောနေတဲ့ (mindset change) စိတ်ထားစိတ်ဓာတ်တွေ ပြောင်းဖို့ပဲဖြစ်တယ်။

ပြောင်းလဲမှုကို အောင်မြင်စေဖို့ စိတ်ထားတွေဟာ ဖွင့်ထားဖို့ လိုအပ်ပါတယ်။ လူတစ်ယောက်ရဲ့စိတ်ဟာ လေထီးနဲ့ တူပါတယ်။ လေထီးဟာ ဖွင့်မှ အလုပ်လုပ်သလို လူရဲ့စိတ်ကလည်း အမြဲတမ်းဖွင့်ထားရမယ်။ ဆိုလိုတာက သင်ယူခံယူချင်စိတ်ရှိတဲ့ ပညာဆည်းပူးမှုပဲဖြစ်ပါတယ်။ ပညာကိုအခြေခံပြီး ကျွန်တော်က ရွှေ့ရတော့မှာဖြစ်တယ်။ အနာဂတ်ကာလဟာ နည်းပညာကို အခြေခံတဲ့၊ ပညာကိုအခြေခံတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးဟာ ပဓာနကျပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအသစ်ဟာ ပညာရေး ပြုပြင်ပြောင်းလဲမှုကို အာရုံပြုရလိမ့်မယ်လို့ယုံကြည်မိပါတယ်။ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ဖော်ထုတ်ရာမှာ အတိတ်ကာလမှာ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို သင်ခန်းစာယူဖို့ လိုအပ်တယ်။ လွတ်လပ်ရေးရပြီး ချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့် အတန်းဟာအာရှတစ်ခွင်မှာ တင့်တယ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဟာ ထင်ရှားခဲ့တဲ့ ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်ခဲ့တယ်။ စင်ကာပူ ခေါင်းဆောင်က ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ချင်တဲ့ ဆန္ဒမပြည့်ဝခဲ့ဘူးလို့ သိခဲ့ရတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း၊ နိုင်ငံရေးချဉ်းကပ်မှုနဲ့ မဖြေရှင်းဘဲ ပညာရေးအဖြေတွေ ထုတ်ခဲ့တယ်။ ပညာရေးကျဆင်းလာတာက တစ်ချိန်က နာမည်ကြီးလှတဲ့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ်ကို အစားထိုးပြီး အင်္ဂလိပ်အခေါ်အဝေါ် Institute တွေနဲ့ အစားထိုးခဲ့တယ်။ ဒါကတော့ ဆိုရှယ်လစ်ပုံစံအဖွဲ့အစည်းတွေ။ နောက်ပိုင်းမှာတော့ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ ပုံစံယူပြီး ဒေသကောလိပ်တွေ ထောင်ပြန်တယ်။ အဆိုးဆုံးကတော့ တက္ကသိုလ်ကြီးတွေကို ပိတ်ပြီး ဝေးလံခေါင်းပါးလှတဲ့နေရာတွေမှာ တက္ကသိုလ်လို့ အမည်တပ်ပြီး အဖွဲ့အစည်းတွေ တည်ထောင်ခဲ့ခြင်းဖြစ်တယ်။ ဒီလုပ်ရပ်တွေအားလုံးဟာ နိုင်ငံရေးပြဿနာတွေကိုပေးတဲ့ ပညာရေးဆောင်ရွက်ချက်တွေဖြစ်တယ်။ ဒီအထဲမှာ အဝေးသင်ပညာရေးကို ဖော်ထုတ်ခဲ့ပြန်တယ်။ အမှန်တော့ နိုင်ငံတကာမှာ အဝေးသင်ပညာရေး စနစ်တွေရှိကြပါတယ်။ နာမည်အကြီးဆုံးက ဗြိတိန်နိုင်ငံက OpenUniversity ဖြစ်တယ်။ ဒါပေမယ့် ဒီအဝေးသင်တွေက ပညာရေးဦးတည်ချက်ရှိတဲ့ အဖွဲ့အစည်းတွေ ဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ တည်ထောင်ခဲ့တဲ့ အဝေးသင်က ကျောင်းသားတွေစုမှာ စိုးရိမ်လို့ တစ်နှစ်မှာ ၁၀ရက် အနီးကပ်သင်တန်းတွေပေးပြီး စာမေးပွဲစစ်တဲ့စနစ်ကို တီထွင်ခဲ့ပြန်တယ်။ ဘွဲ့လက်မှတ်တွေကို စိတ်ကြိုက်ထုတ်ပေးခဲ့သလို ဖြစ်ခဲ့ပြန်တယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဖို့ကြိုးစားခဲ့ပေမယ့် အခြေခံစေတနာတွေကြောင့် ကျောင်းသားထုနဲ့ အခင်းပွားခဲ့တယ်။ ပညာရေး ပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လာရင် ကျောင်းသားသမဂ္ဂနဲ့ပတ်သက်လာရင် အပြင်အယူအဆက အစွန်းရောက်ခဲ့ပါတယ်။ သမဂ္ဂဆိုတဲ့ အသုံးအနှုန်းကို မနှစ်သက်ကြတာတွေ့ရတယ်။ သမဂ္ဂဖွဲ့စည်းမှုဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ကြတယ်။ ကျောင်းသားတွေ နိုင်ငံရေး မလုပ်ရဘူးဆိုတဲ့ အတွေးအခေါ်တွေက လွှမ်းမိုးခဲ့တယ်။ ဒီလို တွေးမြင်ကြတာက ကိုယ့်နိုင်ငံရဲ့ သမိုင်းကို မေ့ဖျောက်တာဖြစ်တယ်။ နိုင်ငံရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေကို ကျောင်းသားတွေက ဦးစီးခဲ့ပြီး ကျောင်းသားသမဂ္ဂတွေက အဓိကကျတဲ့အခန်းမှာ ပါဝင်ခဲ့ကြတယ်။ နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေဟာ ကျောင်းသားသမဂ္ဂဘဝက စတင်ခဲ့တာကို မေ့နေကြတယ်ထင်ပါရဲ့။

စာမျက်နှာ (၁၇) သို့

# ကန့်ဘလူမြို့နယ်တွင် ချောင်းခြားချောင်းကူးတံတား တည်ဆောက်ပြီးစီး

**ကန့်ဘလူ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ ကန့်ဘလူ-ကျွန်းလှ-ကောလင်းမြို့နယ်ချင်းဆက် နတလ လမ်းပေါ်ရှိမိုင်တိုင်အမှတ်(၄/၂-၄/၃) ကြား တံတားအမှတ်(၁/၅) ချောင်းကူးတံတားသည် ချောင်းခြားကျေးရွာအဝင်၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ဒေသခံပြည်သူများအဆင်ပြေစွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)** ချောင်းခြားချောင်းကူးတံတားသည် ကန့်ဘလူ-ကျွန်းလှ-ကောလင်း လမ်းပေါ်တွင် ချောင်းခြားချောင်းကို ဖြတ်ကူးတည်ဆောက်ထားသည့် ဒေသတွင်းအဓိကကျသည့် တံတားတစ်စင်းဖြစ်ပြီး ချောင်းခြားချောင်းသည် မိုးရာသီနှင့် ရေဝေရေလဲချောင်းအထက်ပိုင်းဒေသ မိုးများပါက လမ်းကြောင်းပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ဒေသခံပြည်သူများ အခက်အခဲဖြစ်ကြရသည်။

အဆိုပါ တံတားသည် အရှည်ပေ ၃၅၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီဖြစ်ပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၃၀ ဖြင့် ကျွန်းလှမြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ချင်းတွင်းမြစ်ကူးတံတား(ကလေး၀) ၇၃ ရာခိုင်နှုန်းပြီးစီး



**ကလေး၀ ဧပြီ ၁၀**
လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသကုန်စည်စီးဆင်းမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ချင်းတွင်းမြစ်ကို ဖြတ်၍ တတိယမြောက် ချင်းတွင်းမြစ်ကူးတံတား(ကလေး၀)ကို စစ်ကိုင်းတိုင်းဒေသကြီး ကလေး၀မြို့နယ် ရေဦး-ကလေး၀ လမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၀၅/၄)တွင် တည်ဆောက်လျက်ရှိရာ လက်ရှိအချိန်တွင် တံတားတစ်စင်းလုံး ၇၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**(အပေါ်ယာပုံ)**

"တမူး - ကျီကုန်း - ကလေး၀ လမ်းကနေ ချင်းတွင်းမြစ်ကူး(ကလေး၀)တံတားကို ဖြတ်ကူးကာ တန့်ဆည် - ရေဦး - ခင်ဦး - ရွှေဘိုလမ်းကနေတစ်ဆင့် မန္တလေးမြို့သို့လည်းကောင်း၊ တန့်ဆည် - ရေဦး-မုံရွာမြို့တွေအထိ လည်းကောင်း၊ တန့်ဆည်-ရေဦး-ခင်ဦး-မြစ်ကြီးနားမြို့တွေအထိ တိုက်ရိုက်သွားလို့ရတယ်။ မုံရွာ-ယာကြီး-ကလေး၀လမ်းနဲ့စာရင် ဒီချင်းတွင်းတံတား(ကလေး၀)ကို ဖြတ်ကူးတဲ့လမ်းကရာသီမရွေးသွားလို့ရမှာပါ။ ဒီတံတားကြီးပြီးသွားရင် မြန်မာပြည်အောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေကကုန်စည်တွေကို နယ်စပ်ဒေသအထိ အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်သလို အိန္ဒိယနိုင်ငံက ကုန်ပစ္စည်းတွေကို တမူးမြို့ကနေ မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့အထိ တိုက်ရိုက် သယ်ယူပို့ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားကို ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၀၉၂၅ သန်းဖြင့် အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်ပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ၇၅ တန် ဝန်ခံအားရှိမည်ဖြစ်သည်။

လက်ရှိအချိန်တွင် တံတားအပေါ်ထည်လုပ်ငန်းများသာ ဆောင်ရွက်ရန် ကျန်ရှိပြီး ပင်မတံတားအတွက် တံတားသံပေါင် P-6 မှ P-5 သံပေါင် တစ်ခန်း တပ်ဆင်ပြီး P-5 မှ P-4 သံပေါင်တစ်ခန်းဆက်လက်တပ်ဆင်လျက်ရှိကာ ချဉ်းကပ်တံတားအတွက် သံပေါင်ရက်မ Plate Girder များတင်ပြီး ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ကို ဖြတ်ကူးတည်ဆောက်ထားသည့် တံတားကြီးများအဖြစ် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတား၊ မုံရွာမြို့နယ်ရှိ ချင်းတွင်းတံတား(မုံရွာ)တို့ တည်ဆောက်ပြီးစီး၍ အသုံးပြုနေပြီး ချင်းတွင်းမြစ်ကူးတံတား(ကလေး၀)မှာ တည်ဆောက်နေဆဲ ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သီပေါ-နမ့်ပေါ့ချောင်းကူးတံတား တည်ဆောက်ပြီးစီး

**သီပေါ ဧပြီ ၁၀**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် လွန်ခဲ့သော ဇူလိုင်လအတွင်းက ရွာသွန်းခဲ့သော မိုးနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေါ့ချောင်းတို့ ရေလျှံကာ သီပေါနှင့် နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များသို့ ဆက်သွယ်ပေးသည့် နမ့်ပေါ့ချောင်းကူးတံတားကြီး ကျိုးကျပျက်စီးသွားသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ အဆိုပါ တံတားပေါ်၌ ဧပြီ ၆ ရက် ညနေတွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ကောသလ အရှင်သူမြတ်အမှူးပြုသော ဆရာတော် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး ဧပြီ ၁၀ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။



"ဒီကျိုးကျပျက်စီးသွားတဲ့ နမ့်ပေါ့ချောင်းတံတားနဲ့ပတ်သက်ပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့တာ အခုနှစ် မတ်လကုန်မှာ ပြီးစီးခဲ့ပါတယ်။ တံတားအရှည်မှာ ပေ ၁၈၀ ရှိပြီး ငွေကျပ် ၄၂၆ သန်းကုန်ကျခဲ့ပါတယ်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနဲ့ လူသွားလမ်းတစ်ဖက် သုံးပေစီရှိပြီး ခေတ်မီ သံကူကွန်ကရစ်တံတားကြီးဖြစ်ပါတယ်"ဟု တံတားအထူးအဖွဲ့(၄)အင်ဂျင်နီယာ ဦးမောင်မောင်တာက ပြောသည်။

**စိုင်း(သီပေါ)**

# ရေလိုအပ်သည့် ကျေးရွာများသို့ ရေများဖြန့်ဝေ

**ရေကြည် ဧပြီ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်မြို့နယ်အတွင်းရှိ ရေလိုအပ်သည့် ကျေးရွာများသို့ ဧပြီ ၈ ရက်အထိ မီးသတ်ကားဖြင့် ရေဂါလန် ၃၄၀၀ ဖြန့်ဝေပြီးဖြစ်သည်။

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မိဿလင် ကျေးရွာအုပ်စု ဆင်သေကျေးရွာတွင် အိမ်ခြေ ၆၄ အိမ်၊လူဦးရေ ၂၀၈ ဦးအတွက် ဖြန့်ဝေသည့် ရေဂါလန် ၁၈၀၀ ဖြန့်ဝေပေးခဲ့ပြီး မိဿလင်ကျေးရွာအုပ်စု ဒရယ်ကုန်ကျေးရွာတွင် အိမ်ခြေ ၁၃၂ အိမ် လူဦးရေ ၄၃၃ ဦးအတွက် ရေဂါလန် ၁၆၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြစ်ဝိုင်းရောင်ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**စလင်း ဧပြီ ၁၀**
မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဧပြီလပထမပတ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ရန်လျာထားသော လမ်းတံတားလုပ်ငန်းနှင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အမှန်တကယ်လိုအပ်မှုရှိသော ကျေးရွာများတွင် ရေရရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများအတွက် စလင်းမြို့နယ်အောက်လှိုင်းကျေးရွာအုပ်စု အောက်လှိုင်းရွာ၊ အရှေ့ကန်ဘောင်ကျေးရွာ၊ ကြို့ဝန်းကြီးကျေးရွာ၊ ပုခတ်တိုင်ရွာများသို့ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းထွဋ်နှင့် ဝန်ထမ်းများ၊ ကျေးရွာအထောက်ကူပြုကော်မတီဝင်များ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

*စာမျက်နှာ ၁၆ မှ*

ကျွန်တော်က လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ သဘာပတိအနေနဲ့ ဒေါက်တာကျော်သူနဲ့အတူ တွဲဖက်ပြီး တာဝန်ယူခဲ့ပါတယ်။ ရှုထောင့်က အမျိုးမျိုးနဲ့ တင်ပြခဲ့ကြတာတွေကို ကြားသိခဲ့ရပါတယ်။ လူကြီးတွေရဲ့စိုးရိမ်မှုကို နားလည်သလို ကလေးတွေရဲ့ဆန္ဒတွေကိုလည်း သဘောပေါက်ပါတယ်။ အတတ်နိုင်ဆုံး (win win) အခြေအနေရအောင် ကြိုးစားခဲ့ပါတယ်။ အားလုံးသဘောတူညီမှုရပြီး လက်မှတ်ရေးထိုးမှုတွေကို မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ ဝမ်းနည်းစရာကောင်းတဲ့ဖြစ်ရပ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လာရင် စောစောက ကျွန်တော် တင်ပြခဲ့တဲ့ အဆင့်ရှစ်ဆင့်ကို ပြန်ပြီးသတိပေးချင်ပါတယ်။ ပညာရေးစနစ်ကို မပြောင်းလို့မဖြစ်ဘူး။ အရေးကြီးသလို အရေးပေါ်တစ်ရပ်အနေနဲ့ စဉ်းစားအလေးပေးရမှာဖြစ်တယ်။ ပညာရေးစနစ်ကို မပြောင်းလို့ မဖြစ်တော့ဘူးလို့ လက်ခံဖို့လိုအပ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့တော့ ပြုပြင်ပြောင်းလဲတဲ့အခါ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းမဟုတ်။ ပညာရေးစနစ်တစ်ခုလုံးနဲ့ ပါဝင်ပတ်သက်နေသူတွေကို စည်းရုံးဖို့ လိုအပ်ပါတယ်။ ပညာရေးဝန်ထမ်းတွေသာမက ကျောင်းသားမိဘတွေကိုလည်း ပါဝင်စေဖို့ လိုအပ်ပါတယ်။ အလုပ်ရှင်များကိုလည်း စည်းရုံးရမှာဖြစ်တယ်။ အထူးသဖြင့် အလေးထားရမယ့်သူကတော့ ကျောင်းသား ကျောင်းသူတွေဖြစ်တယ်။ သူတို့ရဲ့ တမ်းတမှုတွေ၊ သူတို့ရဲ့ လိုအပ်ချက်တွေကို သိနားလည်အောင် ကြိုးစားစေချင်ပါတယ်။ တတိယအဆင့်မှာတော့ ပညာရေးစနစ်နဲ့ ပတ်သက်တဲ့ ရူပါရုံကို ဖော်ထုတ်ဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းကို ဘယ်လိုမျှော်မှန်းသလဲ၊ ၅ နှစ် ၁၀ နှစ်အတွင်း ဘယ်ပုံစံမျိုးနဲ့ တိုးတက်ဖွံ့ဖြိုးစေသလဲဆိုတာကို ဖော်ထုတ်သွားရမှာဖြစ်တယ်။ ဒေသအဆင့် ကမ္ဘာ့အဆင့်မီအောင် မျှော်မှန်းရမှာဖြစ်တယ်။ အဆင့်အတန်းမီ၊ မမီဆိုတာက သတ်မှတ်ချက်ပေတံတွေရှိနေပြီမို့ ဒီပေတံတွေအတိုင်း မီနိုင်အောင် ကြိုးစားရုံပဲဖြစ်ပါတယ်။ ပညာရေးစနစ်ရဲ့ ရူပါရုံကို လူတိုင်းသိနားလည်အောင် ဆက်သွယ်ဆက်ဆံရမှာဖြစ်ပါတယ်။ အခုလိုလုပ်နိုင်မှ အများရဲ့ပါဝင်ပတ်သက်မှုကို ရနိုင်မှာသာဖြစ်ပါတယ်။

အဆင့်ငါးမှာတော့ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေလုပ်ကိုင်ခွင့်ပေးရမှာဖြစ်တယ်။ တစ်ချိန်တုန်းက နိုင်ငံခြားပညာသင်လွှတ်မှုနဲ့ပတ်သက်ပြီး ပါမောက္ခဌာနမှူးက ဆုံးဖြတ်ခွင့်ရှိခဲ့တယ်။ နောက်ပိုင်း ဒီရွေးချယ်မှုကို ဝန်ကြီးလုပ်တဲ့သူကိုယ်တိုင် ဝင်ရောက်လုပ်ခဲ့တယ်။ အမှန်တော့ အဆင့်ဆင့်တာဝန်ပေးပြီး တာဝန်ခံစေသင့်တယ်။ ဗဟိုချုပ်ကိုင်မှုတွေ ဖြေလျှော့ပြီး အဆင့်ဆင့် တာဝန်ခွဲဝေပေးစေချင်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုကိုဆောင်ရွက်ရာမှာ ချက်ချင်းရနိုင်မယ့် ရလဒ်တွေရအောင် ဖန်တီးသင့်ပါတယ်။ ရက် ၁၀၀ အတွင်း ပညာရေးစနစ်ကြီးအခြေခံက စပြင်နိုင်အောင် လုပ်နိုင်တာတွေ အများကြီးရှိပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုဟာ မလွယ်ကူလှပါဘူး။ ခေတ်အဆက်ဆက် ပျက်စီးယိုယွင်းခဲ့တာကို နေ့ချင်းညချင်းပြင်ဖို့ မလွယ်လှပါဘူး။ ဒါပေမယ့် စေတနာ မှန်မှန်နဲ့သာဆောင်ရွက်ရင် ဖြစ်နိုင်ပါတယ်။ အထူးသဖြင့်နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းပြီး ပညာအဖြေတွေကို မသုံးသင့်ပါဘူး။ အခက်အခဲတွေကိုကျော်လွှားနိုင်တဲ့ ခိုင်မြဲတဲ့ဖွဲ့သတ္တိရှိဖို့လိုအပ်ပါတယ်။ ကျောင်းသားတွေကို ရန်သူအဖြစ်သဘောမထားဘဲ သူတို့နဲ့အတူအဖြေရှာသင့်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ပညာရေးပြုပြင်ပြောင်းလဲမှု အမြစ်စွဲအောင် အားထုတ်ရမှာဖြစ်ပါတယ်။

မျက်မှောက်ခေတ်ကာလမှာ ပညာရေးဟာ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်တာကို အသိမှတ်ပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပုဂ္ဂလိကတက္ကသိုလ် ပညာရေး ဥပဒေဟာလည်း အလွန်အရေးကြီးလှပါတယ်။ တက္ကသိုလ်ကောလိပ်တွေနဲ့ပတ်သက်လာရင် လွတ်လပ်တဲ့အဖွဲ့အစည်းများအဖြစ် အသွင် ပြောင်းဖို့လိုအပ်ပါတယ်။ ပါမောက္ခချုပ်တွေကို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ပေးပြီး အုပ်ချုပ်ရေးတာဝန်တွေလျှော့ပြီး ပညာရေး တာဝန်တွေကို အာရုံစိုက်စေချင်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့ တာဝန်တစ်ရပ်က ပညာရေးအဖွဲ့အစည်းတွေရဲ့ အရည်အသွေးထိန်းချုပ်မှုဖြစ်ပါတယ်။ အခုဆိုရင် စီးပွားရေးကို အခြေခံပြီး လုပ်စားတဲ့ပညာရေးအဖွဲ့အစည်းတွေ အမြောက်အမြားပေါ်ပေါက်နေတာတွေ့ရပါတယ်။ သူတို့ပေးတဲ့ ဘွဲ့ဒီဂရီ တွေဟာဘယ်အထိ ယုံကြည်ရသလဲ၊ စိတ်ချရသလဲဆိုတာကို စီစဉ်ပေးဖို့လိုအပ်ပါတယ်။ ကြိုက်သလို ကြော်ငြာပြီးဘွဲ့အတုတွေကိုရောင်းစားနေကြတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ပညာစနစ်ရဲ့အခြေခံဟာ သိက္ခာသမာဓိပဲဖြစ်ပါတယ်။ စစ်မှန်တဲ့ တန်ဖိုးရှိတဲ့ ပညာရေးအရည်အသွေးတွေကိုဖော်ထုတ်ပေးဖို့သာဖြစ်တယ်။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှာရှိခဲ့တဲ့ အခြေခံအလယ်တန်း၊ အထက်တန်းနဲ့တက္ကသိုလ်ပညာရေး အဆင့်အတန်းတွေကို ပြန်လည်ဖော်ထုတ်သွားရမှာဖြစ်ပါတယ်။ လုပ်နိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။ ။

# နာမည်ကြီးထမင်းငတ် မြန်မာကျပ်ငွေ

စောနိုင်
(အသုံးချဘောဂဗေဒ)

**ယခု မြန်မာကျပ်ငွေဖြင့် ဝယ်ယူရာတွင် မည်သည့်ကုန်ပစ္စည်းကို ကျဈေးဖြင့် ဝယ်ယူနိုင်သနည်း။ ကျပ်ငွေဖြင့် ဝယ်ယူနေကျ ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် တူညီသော ကျပ်ငွေပမာဏဖြင့် ယခင်ကထက် ပိုမိုသော ကုန်ပစ္စည်းပမာဏ ရရှိလာပါသလား။ မေးခွန်းများကို စာဖတ်သူကိုယ်တိုင် မိမိကိုယ်မိမိမေး၍ ဖြေဆိုကြည့်ပါ။**

လူသိများ၊ ထင်ထင်ရှားရှားရှိသော်လည်း ထိုအခြေအနေနှင့် လျော်ညီစွာ အများထင်ထားသကဲ့သို့ အဆင်မပြေ၊ အလုပ်မဖြစ်ဟု အဓိပ္ပာယ်မျိုးထွက်သည့်အရပ်ထဲတွင် မကြာခဏ သုံးလေ့ရှိသော "နာမည်ကြီး ထမင်းငတ်" ဟူသော အရပ်သုံးစကားကိုသတိရ၍ ဤခေါင်းစဉ် တပ်ဖြစ်သွားခြင်း ဖြစ်သည်။

ယခုရက်များအတွင်း ကျပ်ငွေတန်ဖိုး မြင့်လာကြောင်း သတင်းစကားကြားရဖန်များသဖြင့် တွေးစရာများ ရလာ၏။ ကျပ်ငွေနှင့်ဒေါ်လာလဲရာတွင် ကျပ်ငွေပမာဏ တလိမ့်လိမ့်ကျလာသည်မှာ အစိုးရသစ်၏ ဒုတိယအကြိမ် လွှတ်တော်ခေါ်ချိန်နောက်ပိုင်း ပို၍ သိသိသာသာရှိလာသည်။ နိုင်ငံခြားငွေလဲလှယ်ရေး ဈေးကွက်ထဲ၌ ဒေါ်လာမှ ကျပ်ငွေသို့ဖြစ်စေ၊ ကျပ်ငွေမှ ဒေါ်လာသို့ဖြစ်စေ လဲလှယ်သည့်အခါ ကျပ်ငွေပမာဏ လျော့နည်းသွားခြင်းဖြစ်သည်။ ဒေါ်လာနှင့်ယှဉ်ပါက ကျပ်ငွေတန်ဖိုး ပြန်လည်မြင့်တက်လာသည်ဟုဆိုရမည်။ ထိုအခြေအနေသည် အစိုးရသစ် တာဝန်ယူရသည့် ကနဦးကာလများအတွင်း အချိန်ကာလတစ်ခုအထိ ဖြည်းဖြည်းလေးနှင့် ငြိမ့်ငြိမ့်လေး ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု မှန်းဆနိုင်သည်။ အချိန်ကာလတစ်လျှောက်လုံး အကျဘက်သို့ ဦးတည်လျက် ကျပြီးရင်းကျ အခြေအနေမျိုးတော့ မဖြစ်နိုင်ပေ။ ကုန်ထုတ်လုပ်မှုကဏ္ဍအားကောင်းစေရန် အစီအမံများ၊ အခင်းအကျင်းများ ပီပြင်စွာ မစသေးသည့်အခြေအနေမျိုး၌ ယခင်အစိုးရလက်ထက်က အလွန်အမင်းထိုးတက်ခဲ့သော မတန်တဆအခြေအနေမှ ဖြစ်သင့်သော ဈေးနှုန်းအဆင့်တစ်ခုသို့သာ ဖြည်းဖြည်းချင်း ပြန်လည် ကျဆင်းနေခြင်းသာ ဖြစ်ပေလိမ့်မည်။

ငွေလဲနှုန်းအပြောင်းအလဲဖြစ်ပေါ်မှုများသည် များသောအားဖြင့် ငွေဖောင်းပွမှုနှုန်း အတက်အကျ၊ အတိုးနှုန်း အပြောင်းအလဲ၊ ကုန်သွယ်မှုရှင်းတမ်းလိုငွေပိုငွေ၊ ပြည်သူကြွေးမြီအတိုးအလျော့၊ နိုင်ငံရေးတည်ငြိမ်မှု အခြေအနေ၊ ပြည်တွင်းသုံးငွေကြေး၏ ဝယ်နိုင်စွမ်းအား၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှု၊ နိုင်ငံခြားငွေ ဝယ်လိုအား၊ ပြည်တွင်းသုံးငွေကြေး ဝယ်လိုအား၊ ပြည်တွင်းသုံးငွေကြေးအပေါ် ယုံကြည်မှုတို့ပေါ်တွင် မူတည်သည်ကို သတိပြုမိသည်။

ယခုဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်း အပြောင်းအလဲဖြစ်နေခြင်းကို ထိုအကြောင်းများနှင့် ဆက်စပ်မှန်းဆကြည့်နိုင်သည်။ မည်သည့်အကြောင်းများကြောင့် ဖြစ်နေသနည်း။ ၂၀၁၅ နိုဝင်ဘာလ ရွေးကောက်ပွဲပြီး ကာလအလွန်ကတည်းက အတက်အကျမရေရာ၊ မတည်မငြိမ်ဖြစ်နေခဲ့သော ကျပ်-ဒေါ်လာလဲနှုန်းသည် ဒုတိယအကြိမ် လွှတ်တော်သစ် စချိန်ကတည်းက သိသာသော ကျဆင်းကို ကြုံတွေ့လာခဲ့ခြင်းဖြစ်သည်။ ထို့နောက် မတ်လတစ်လျှောက်လုံးတွင်လည်း ဆက်လက်ကျဆင်းလာရာ တစ်ဒေါ်လာလျှင် ၁၂၀၀ ကျပ် အနီးသို့ပင် ဖြစ်လာခဲ့၏။ ဧပြီလ ပထမပတ် အကုန်တွင် ၁၂၀၀ အောက်သို့ပင် ဆင်းသွားခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း (FDI inflow) ထက် အစိုးရသစ်ကိုကူညီရန် ရောက်ရှိလာသည့် နိုင်ငံခြားငွေကြေးများ (Foreign Aid)ကို သတိပြုမိကြလိမ့်မည်။ ပြည်တွင်းသုံးကျပ်ငွေ ဝယ်လိုအား (Demand for Domestic Currency) ထက် နိုင်ငံခြားငွေဒေါ်လာ ရောင်းလိုအား (Supply of Hard Currency Dollar) ကို မှန်းဆနေကြမည်။ ဒေါ်လာအသုံးပြု ပြည်တွင်းဈေးကွက်အမျိုးမျိုးတို့၏ မသေချာမှုအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု အားကောင်းလာနိုင်ခြေတို့ကိုလည်း စိတ်ဝင်တစားဖြင့် ကြိုတင်ပြင်ဆင်နေကြလိမ့်မည်။ ထိုအခြေအနေများက ကျပ်-ဒေါ်လာ လဲလှယ်မှုတွင် ကျပ်ငွေဈေးမြင့်လာစေသော အနေအထားသို့ ဦးတည်သွားစေသည့် အဓိကအကြောင်းများအဖြစ် ရှိနေသည်။

ယခင်အစိုးရ ရွေးကောက်ပွဲရှုံးပြီးသည့် 



အချိန်မှ အစိုးရသစ် လွှတ်တော်ခေါ်ချိန်အထိ နှစ်လသုံးလတာ ကာလ၊ အစိုးရသစ် နိုင်ငံ့တာဝန်ယူနိုင်ရေး အစိုးရအဖွဲ့ ဖွဲ့စည်းရုံသာ ရှိသေးချိန်အထိ လေးလတာကာလအတွင်း အခြေအနေကိုကြည့်ပါက ခတ်ကွင်းပြင်နေတုန်းအချိန်၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ထိထိရောက်ရောက် လှုပ်ရှားမှုများ မမြင်ရသေးသည့် အချိန်တွင် ကျပ်-ဒေါ်လာ လဲလှယ်နှုန်း ပြောင်းလဲမှုကို ကိုးကားလျက် ကျပ်ငွေတန်ဖိုးမြင့်လာသည်ဟု ဆိုကြသည်။ ဖြစ်ပေါ်လာသော ဒေါ်လာနှင့်ယှဉ်၍ ကျပ်ငွေဈေးမြင့်မားလာသည့်အပေါ် ကျပ်ငွေ ဒေါ်လာငွေနှင့် ပတ်သက်သော၊ ဒေါ်လာငွေနှင့် ငွေပေးငွေယူ ပြုလုပ်နေကြသော နိုင်ငံရပ်ခြားလုပ်ငန်းများ၊ ကုန်သွယ်မှုများနှင့် ပတ်သက်နေသူများမှလွဲ၍ အခြားသူများ မည်သို့မျှမပတ်သက်သလို အခြေအနေမျိုးဖြင့် ရှိနေ၏။ ကျပ်ငွေဖြင့်သာ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးစသဖြင့် နေ့စဉ်အရေးကိစ္စများကို ဖြေရှင်းနေရသည့်သူများမှာ ကျပ်ငွေနှင့် ပတ်သက်၍ အပြောင်းအလဲ၊ အတိုးအလျော့ မည်သည့်အလှုပ်အရှားကိုမှ မခံစားရ၊ မသိရပေ။ အထူးသဖြင့် ကျပ်ငွေ၏ ဝယ်နိုင်စွမ်းအား (Purchasing power) အပြောင်းအလဲမရှိ။ အရပ်စကားဖြင့်ဆိုရလျှင် ၎င်းတို့လက်ထဲရှိ ကျပ်ငွေဖြင့် နေ့စဉ် ဝယ်ယူနေရသည့် မည်သည့်ကုန်ပစ္စည်း၊ မည်သည့်အရာမျှ ဈေးနှုန်းများ ကျဆင်းလာခြင်းမရှိ၊ သက်သာလာခြင်းမရှိ၊ ယခင်ကထက် မည်သည့်ကုန်ပစ္စည်းမှ ပမာဏ ပိုမရခဲ့၊ အရင်အတိုင်း မည်သည့်အပြောင်းအလဲမှ မရှိခဲ့ပေ။

ကျပ်ငွေတန်ဖိုးမြင့်လာလျှင် ကျပ်ငွေ၏ ဝယ်နိုင်စွမ်းအားမြင့်လာမည်။ ဝယ်နိုင်စွမ်းအားမြင့်လျှင် ဈေးကွက်ထဲရှိ ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ ကျဆင်းနေလိမ့်မည်။ သို့သော် ယခုအခြေအနေ၌ နိုင်ငံတွင်းရှိ အခြေခံ လူတန်းစားတို့မှာ မည်သည့် ဈေးနှုန်းကျဆင်းမှုကိုမှ မခံစားရသေး၊ ကုန်ဈေးနှုန်းများသည် ပိုနေမြဲ ကျားနေမြဲ မြင့်နေဆဲ။ နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းများစွာသော ဝင်ငွေနည်းလူတန်းစားများ၊ ပုံမှန်ဝင်ငွေရ လူတန်းစား၊ ပျံကျအလုပ်သမား လူတန်းစား၊ ကျေးလက်တောရွာများမှ ဆင်းရဲသားလူတန်းစားများ၏ နေ့စဉ် ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားမှုများမှာလည်း ပိုနေမြဲ၊ ကျားနေမြဲ ခက်ခဲနေဆဲပင်။ နိုင်ငံတစ်နိုင်ငံ၏ ငွေကြေး တန်ဖိုးကို နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း၊ ဝယ်နိုင်စွမ်းအားဖြင့် လည်းကောင်း၊ နိုင်ငံခြားသီးသန့်ရန်ပုံငွေ ပိုင်ဆိုင်မှုပမာဏဖြင့်လည်းကောင်း စသဖြင့် ရှုထောင့်အမျိုးမျိုး၊ အယူအဆ အမျိုးမျိုးဖြင့် တိုင်းတာကြသော်လည်း ငွေကြေးဖြင့်ဝယ်ယူနိုင်သည့် ကုန်ပစ္စည်းပမာဏဖြင့် တိုင်းတာခြင်းသည် အခြေခံအကျဆုံးနှင့် အခြေအနေအမှန်ကို အသိရှိနိုင်ဆုံးနည်း ဖြစ်မည်။

ဘောဂဗေဒသမိုင်းထဲရှိ ငွေကြေးဆိုင်ရာ အတွေးအခေါ် ဂုရုကြီးများ၏ ငွေကြေးတန်ဖိုးဆိုင်ရာ အယူအဆများသည် ယနေ့တိုင် ကိုးကားအသုံးပြုနိုင်ဆဲ။ ၂၁ ရာစုခေတ်သစ် ငွေကြေးအတွေးအခေါ်သမားများမှာလည်း သက်သေပြချက်အမျိုးမျိုးဖြင့် ငွေကြေးတန်ဖိုးအယူအဆကို ဆက်လက်ရှာဖွေနေကြဆဲပင်။ မည်သို့ပင်ရှိစေကာမူ နိုင်ငံတကာ ကုန်သွယ်မှုအခန်းကဏ္ဍ ပိုမိုအားကောင်းလာသည့် အခြေအနေတွင် ငွေကြေးတန်ဖိုးသည် ဈေးကွက်အင်အားစုများဖြစ်သည့် ငွေကြေးဝယ်လိုအား၊ ငွေကြေး ရောင်းလိုအား (ငွေကြေးပမာဏ) အပေါ် မူတည်၍ ပြောင်းလဲမှုများ ဖြစ်နေကြသည်ကို အားလုံးက လက်ခံကြသည်။ ငွေကြေးတစ်ရပ်၏ ဝယ်လိုအားနှင့် ရောင်းလိုအား အပြောင်းအလဲတို့သည် စီးပွားရေး အဆောက်အအုံအတွင်း ထုတ်လုပ်နေသည့် ကုန်စည်ပမာဏအပေါ် မူတည်သည်။ ကုန်စည်ပမာဏကို ဝယ်ယူနိုင်သည့် စွမ်းရည်သည်သာ ငွေကြေး၏ ဝယ်နိုင်စွမ်းအား ဖြစ်၏။ ထိုဝယ်နိုင်စွမ်းအားသည် ငွေကြေး တစ်ရပ်၏တန်ဖိုးကို ညွှန်းဆိုလျက်ရှိနေသည်။ ဝယ်နိုင်စွမ်းအား တက်လာခဲ့လျှင် ကျပ်ငွေတန်ဖိုး အမှန်တကယ်မြင့်လာသည်ကို မည်သည့်ရှုထောင့်ကမှ ငြင်းခုံစရာရှိမည် မဟုတ်ပေ။

ယခု မြန်မာကျပ်ငွေဖြင့် ဝယ်ယူရာတွင် မည်သည့်ကုန်ပစ္စည်းကို ကျဈေးဖြင့် ဝယ်ယူနိုင်သနည်း။ ကျပ်ငွေဖြင့် ဝယ်ယူနေကျ ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် တူညီသော ကျပ်ငွေပမာဏဖြင့် ယခင်ကထက် ပိုမိုသော ကုန်ပစ္စည်းပမာဏ ရရှိလာပါသလား။ မေးခွန်းများကို စာဖတ်သူကိုယ်တိုင် မိမိကိုယ်မိမိမေး၍ ကျပ်ငွေ၏ဝယ်နိုင်စွမ်း မြင့်လာမှု အခြေအနေကို ဖြေဆိုကြည့်ပါ။ ကျပ်ငွေတန်ဖိုး အမှန်တကယ်မြင့်တက်လာမှု ရှိ၊ မရှိ လက်တွေ့ကျကျအဖြေကို သိလာပါလိမ့်မည်။

မည်သို့ဖြစ်စေ ဒေါ်လာကိုင် ဈေးကွက်အင်အားစုများကြားတွင် ကျပ်ငွေတန်ဖိုး မြင့်လာသည့်အခြေအနေကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်လျက်ရှိနေကြသည်။ အခြေအနေသည်ကား ဆက်လက်ဖြစ်ပေါ်လျက်ရှိ၏။ မတ်လအကုန်လောက်ကပင် ယခင်တစ်ဒေါ်လာ ၁၂၀၀ ကျပ်ကျော်ရှိခဲ့ပြီး ယခု ဧပြီလ ပထမပတ် အလွန်တွင် ၁၂၀၀ အောက်သို့ပင် ရောက်ရှိသွားခဲ့လေပြီ။ ကျပ်ငွေတန်ဖိုးမှာ လူသိရှင်ကြား တကယ်ပင် မြင့်လာနေခဲ့ပြီဖြစ်သည်။

သို့သော် ကျပ်ငွေတန်ဖိုး မြင့်လာသည့်အခါ ခံစားရမည့် ကျပ်ငွေဝယ်နိုင်စွမ်းအား မြင့်တက်လာမှုကိုမူ စီးပွားရေးအဆောက်အအုံအတွင်းရှိ မည်သည့်ဈေးကွက်ထဲတွင်မှ မမြင်ရသေးပေ။ ကျပ်ငွေကို အားကိုးအားထားပြုနေကြသော ဝင်ငွေနည်းနှင့် ပုံမှန်ဝင်ငွေရ ဈေးကွက် အင်အားစုများမှာလည်း ယခင်ကျပ်ငွေ ပမာဏနှင့် ယခင်ဝေဒနာအတိုင်း ခံစားနေရဆဲ။ ကျပ်ငွေတန်ဖိုး မြင့်တက်လာမှုသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော်လည်း တကယ် လက်တွေ့ အခြေအနေတွင် အလုပ်မဖြစ်သေး။ အထောက်အကူမဖြစ်သေး။ နာမည်ကြီး ထမင်းငတ်အခြေအနေမျိုးသာ ဖြစ်နေဆဲ ဖြစ်၏။ ။

## တနင်္သာရီကမ်းလွန်လုပ်ကွက် လုပ်ငန်းဆောင်ရွက်မည့် ဧရိယာအတွင်း ရေယာဉ်ဖြတ်သန်းသွားလာခြင်းနှင့် ငါးဖမ်းခြင်းမပြုရန် အသိပေးကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို MV POLARCUS ASIMA ဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey လုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point B1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B5 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B6 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B7 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် ၃၃ ဒသမ ၀၀ စက္ကန့်နှင့် Point B8 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်တို့အတွင်း၌ ဖြစ်သည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ASIMA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို ဘယ်အသင်းတွေ တက်မလဲ

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဧပြီ ၁၃ ရက်နဲ့ ၁၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ အသင့်ဖြစ်နေကြပြီ ဖြစ်ပါတယ်။ နောက်တစ်ဆင့် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ရေးအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာမို့ ရေကုန်ရေခန်းယှဉ်ပြိုင်ကြတော့မှာ ဖြစ်ပါတယ်။ နာမည်ကြီး ရီးရဲမက်ဒရစ်တို့အတွက် အိမ်ကွင်းမှာ အနိုင်ရလဒ်ပြတ်သားမှ နောက်တစ်ဆင့် တက်လှမ်းနိုင်မှာဖြစ်သလို မန်စီးတီးနဲ့ပီအက်စ်ဂျီတို့ရဲ့ ထွက်ပေါ်လာမယ့်ရလဒ်က စိတ်ဝင်စားစရာပါ။ ပထမအကျော့မှာ ရလဒ်မပြတ်သားခဲ့တဲ့ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာတို့အတွက်ကလည်း ဒီပွဲဟာ ကြီးမားတဲ့စိန်ခေါ်မှု မလွဲမသွေဖြစ်လာမှာ အမှန်ပါပဲ။




**ရီးရဲမက်ဒရစ်နှင့် ဝုဖ်ဘတ်**

ပထမအကျော့ အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ ရီးရဲမက်ဒရစ်တို့ဟာ အခုပွဲမှာ ဂိုးပြတ်သွင်းမှုရမယ့်အခြေအနေဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်က လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာကို အနိုင်ကစားခဲ့ရလို့ ပွဲပန်းပြီး ဝုဖ်ဘတ်ကို ရှုံးနိမ့်ခဲ့ရတာဖြစ်တယ်လို့ ဖြေရှင်းပေမယ့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေက အဆုံးသတ်မသေချာမှုတွေနဲ့ စိုးရိမ်စိတ်များနေမှုကြောင့် ရှုံးခဲ့ခြင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ ချန်ပီယံလိဂ်အိမ်ကွင်း နောက်ဆုံး ခြောက်ပွဲကစားခဲ့ရာမှာ ပေးဂိုးမရှိဘဲ ရလဒ်ကောင်းအောင်ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ နောက်ဆုံးငါးပွဲရလဒ်ကို ကြည့်ရင် ဝုဖ်ဘတ်ကိုသာ ရှုံးခဲ့ပြီး ကျန်ပွဲတွေအားလုံး နိုင်ပွဲရခဲ့ပါတယ်။ ဝုဖ်ဘတ်တို့က ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ် နောက်ဆုံးလေးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားခဲ့ပါတယ်။ ဝုဖ်ဘတ်မှာ ဘက်စ်ဒေါ့စ် ဒဏ်ရာရရှိနေပေမယ့် ရီးရဲမက်ဒရစ်မှာတော့ ဒဏ်ရာရကစားသမားမရှိပါဘူး။ ဒီပွဲမှာ တိုက်စစ်ကိုမြင့်ခြေကုန်ဖွင့်ပြီး ဂိုးပြတ်ချေမှုန်းနိုင်ရေး ရီးရဲမက်ဒရစ် တိုက်စစ်မှူးတွေဖြစ်တဲ့ ဘင်စီမာ၊ ရော်နယ်ဒိုနဲ့ ဂါရတ်ဘေးလ်တို့ အစွမ်းကုန်အားထုတ်တော့မှာဖြစ်ပါတယ်။ အကြိုက်က ရီးရဲမက်ဒရစ်ပါပဲ။

**မန်စီးတီးနှင့် ပီအက်စ်ဂျီ**

ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့အတွက် နှစ်သင်းစလုံး အကောင်းဆုံးကစားသမားတွေ ခင်းကျင်းပြီး အနိုင်ရရေးကြိုးစားပါလိမ့်မယ်။ မန်စီးတီးနဲ့ ပီအက်စ်ဂျီတို့ရဲ့ ကစားသမားနဲ့ စွမ်းဆောင်မှုတွေက တူညီနေတာမို့ ဒီပွဲဟာ ပြင်းထန်တဲ့ ရင်ဆိုင်မှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ မန်စီးတီးတို့က ချန်ပီယံလိဂ်အိမ်ကွင်းကစားခဲ့တဲ့နောက်ဆုံး လေးပွဲကိုကြည့်ရင် ဂျူဗင်တပ်ကိုသာ ရှုံးပြီး ကျန်သုံးပွဲနိုင်ထားပါတယ်။ ပီအက်စ်ဂျီတို့က ချန်ပီယံလိဂ်အဝေးကွင်း နောက်ဆုံးလေးပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ မန်စီးတီးမှာ ယာယာတိုရေး၊ စတာလင်းနဲ့ ကွန်ပနီတို့ ဒဏ်ရာတွေရရှိနေပြီး ပီအက်စ်ဂျီမှာတော့ ဒေးဗစ်လူဇ်က ဒဏ်ရာရရှိထားပါတယ်။ မန်စီးတီးတို့က ဒီနှစ်မှာ ချန်ပီယံလိဂ်ဖလားကို မျှော်လင့်ချက်ထားနေတာမို့ အခုပွဲ အိမ်ကွင်းအားနဲ့ နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဘင်ဖီကာနှင့် ဘိုင်ယန်မြူးနစ်**

ပထမအကျော့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ ဘင်ဖီကာဟာ အခုပွဲမှာ အိမ်ကွင်းအားနဲ့ အပြင်းအထန်တုံ့ပြန်ပါလိမ့်မယ်။ ဘင်ဖီကာရဲ့ချန်ပီယံလိဂ်အိမ်ကွင်းပွဲရလဒ်တွေကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဘင်ဖီကာတို့က ဂျာမနီကလပ်တွေကို အိမ်ကွင်းမှာ နောက်ဆုံးနှစ်ကြိမ်လက်ခံကစားခဲ့ရာမှာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့နိုင်ပွဲမရခဲ့ပါဘူး။ ဘိုင်ယန်မြူးနစ်တို့ကတော့ ချန်ပီယံလိဂ်အဝေးကွင်း နောက်ဆုံးလေးပွဲရလဒ်တွေကို ကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်တို့မှာ ဘက်စတူဘာနဲ့ ရာဖင်ဟာတို့ ဒဏ်ရာရရှိနေသလို ဘင်ဖီကာမှာလည်း လိုပက်ဇ်နဲ့တာလစ်ကာတို့ ဒဏ်ရာတွေရရှိထားပါတယ်။ ဒီပွဲမှာ ဘိုင်ယန်မြူးနစ်တို့က အဝေးကွင်းဆိုပေမယ့် တိုက်စစ်ကိုရဲရဲဖွင့်ကစားပြီး ဘင်ဖီကာကို ဂိုးပြတ်သွင်းကာ အနိုင်ရလဒ်ကို ပုံဖော်ဖို့ ကြိုးစားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့ပဲ နောက်တစ်ဆင့်တက်မယ့် ရလဒ်ကို သိမ်းပိုက်သွားဖို့ ရာနှုန်းများနေတာ အမှန်ပါပဲ။

**အက်သလက်တီကိုနှင့် ဘာစီလိုနာ**

ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တဲ့ ဘာစီလိုနာတို့အတွက် အခုပွဲက အက်သလက်တီကိုကွင်းမှာမို့ သတိကြီးကြီးထားပြီးကစားမှ အခြေအနေကောင်းပါလိမ့်မယ်။ အက်သလက်တီကိုဟာ ချန်ပီယံလိဂ်အိမ်ကွင်းနောက်ဆုံးလေးပွဲကစားခဲ့ရာ ဘင်ဖီကာကိုပဲ ရှုံးခဲ့ပြီး နောက်ပွဲတွေ နှစ်ပွဲနိုင်၊ သရေတစ်ပွဲဖြစ်ခဲ့ပါတယ်။ ဘာစီလိုနာတို့ကတော့ ချန်ပီယံလိဂ်အဝေးကွင်းနောက်ဆုံးလေးပွဲကစားခဲ့ရာမှာ သရေနှစ်ပွဲ၊ နိုင်ပွဲနှစ်ပွဲ ရရှိခဲ့ပါတယ်။ ဘာစီလိုနာမှာ ဗာမဲလ်လန်း ဒဏ်ရာရရှိနေသလို အက်သလက်တီကိုမှာလည်း တောရက်စ်ဒဏ်ရာရရှိနေပါတယ်။ အက်သလက်တီကိုတို့က ချန်ပီယံလိဂ်အိမ်ကွင်း နောက်ဆုံး ၂၈ ပွဲကစားခဲ့ရာမှာ နှစ်ပွဲသာ ရှုံးထားတာမို့ ဘာစီလိုနာတို့ ဒီပွဲမှာ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အသင်းလိုက်စွမ်းဆောင်မှုရော၊ တစ်ဦးချင်းစွမ်းဆောင်မှုပါ မြင့်မားတဲ့ ဘာစီလိုနာတို့ပဲ နောက်တစ်ဆင့် တက်သွားပါလိမ့်မယ်။ ။

## တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ရုန်းကန်နေရတဲ့ ဘင်နီတက်ဇ်



နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်လွတ်မြောက်ဖို့ အတော်လေး ရုန်းကန်နေရပြီလို့ ဆိုပါတယ်။ ဒီကိစ္စကိုပဲ နည်းပြဘင်နီတက်ဇ်က ဝန်ခံထားပါတယ်။ နယူးကာဆယ်အသင်း တန်းဆင်းလွတ်မြောက်ရေးဟာ ကစားသမားတွေရဲ့ ကစားကွက်ကို အမြန်ဆုံးပြောင်းရလိမ့်မယ်လို့ နည်းပြဘင်နီတက်ဇ်က ဆိုပါတယ်။ လက်ရှိကစားနေပုံ၊ လေ့ကျင့်နေတဲ့ အနေအထားအတိုင်းဆို တန်းဆင်းဖို့ သေချာနေတယ်လို့ နည်းပြက ဆိုပါတယ်။ နယူးကာဆယ်အသင်းဟာ လွန်ခဲ့တဲ့သီတင်းပတ်က အနီးကပ်ပြိုင်ဘက် နော့ဝှစ်ချ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်သွားပြီးတဲ့နောက် ခြောက်မှတ်ပြတ်ကျသွားခဲ့ပါတယ်။ လူတိုင်းကတော့ နယူးကာဆယ်ဟာ တန်းဆင်းလိမ့်မယ်လို့ပြောနေကြပါပြီ။ ဒါပေမယ့် ကစားသမားတွေရဲ့ ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်မှုကနေ နိုင်ပွဲတွေရအောင် ကစားနိုင်မယ်ဆိုရင် ပရီမီယာလိဂ်မှာ ဆက်ရှိနိုင်မယ်လို့ ဘင်နီတက်ဇ်က ဆိုပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးမှာ အောင်မြင်တဲ့နည်းပြဖြစ်ပြီး ချန်ပီယံလိဂ်ဖလားအထိ ရယူနိုင်ခဲ့သူဖြစ်ပါတယ်။

## ချယ်လ်ဆီးရဲ့ ဦးစားပေးဂိုးသမားဖြစ်လာနိုင်တဲ့ ဘီဂိုဗစ်

ချယ်လ်ဆီးအသင်းက ဂိုးသမားဘီဂိုဗစ်ကို ပြန်ခေါ်ယူကစားလာတာ တွေ့ရပါတယ်။ နည်းပြသစ် ကွန်တီမရောက်လာမီ လက်ရှိဂိုးသမား တီယာဘောက်ကော်တွိုက်စ်နဲ့ပတ်သက်ပြီး သံသယဖြစ်စရာပါပဲ။ အနာဂတ်မှာ နံပါတ်တစ်ဂိုးသမားနေရာမရဖို့ များနေပါတယ်။ အက်စ်မီယာဘီဂိုဗစ်ဟာ နည်းပြသစ်ကွန်တီလက်ထက်မှာ ပထမဦးစားပေးဂိုးသမားဖြစ်လာဖွယ်ရှိပါတယ်။ ဘီဂိုဗစ်ဟာ ဘယ်လ်ဂျီယံကိုပြန်သွားပြီးကတည်းက ချယ်လ်ဆီးအသင်းမှာ ပုံမှန်ကစားခွင့်မရခဲ့ပါဘူး။ ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ကစားဖို့ ခုနစ်ပွဲလိုအပ်နေပါတယ်။ ဒီပွဲမှာ ဂိုးသမားတွေရဲ့ အခန်းကဏ္ဍဟာ အတော်လေးပဲ အရေးကြီးနေတာပါ။ ဘီဂိုဗစ်ဟာ ပြီးခဲ့တဲ့နွေရာသီက စတမ်းဖို့ဒ်ဘရစ်သို့ ရောက်ရှိလာခဲ့ပါတယ်။ ရာသီအစမှာ ပါဝင်ကစားခဲ့ရပေမယ့် ဒဏ်ရာကြောင့် ကော်တွိုက်စ်ကို အစားထိုးခဲ့ရပါတယ်။ ယခုအခါမှာတော့ ဘီဂိုဗစ်ဟာ ချယ်လ်ဆီးအသင်းရဲ့ နံပါတ်တစ်ဂိုးသမားဖြစ်လာဖို့ ရှိနေပါတယ်။ နည်းပြသစ်ဖြစ်လာမယ့် ကွန်တီကလည်း ဘီဂိုဗစ်ကို ဦးစားပေးဖွယ်ရှိနေပါတယ်။







## ရွန်းနေဟာ အင်္ဂလန်အသင်းရဲ့ အကောင်းဆုံးတိုက်စစ်မှူးဖြစ်နေဆဲ

တိုက်စစ်မှူးရွန်းနေဟာ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းထက်သာလွန်ကောင်းမွန်တဲ့တိုက်စစ်မှူးအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း မန်ယူနည်းပြဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ ဒူးခေါင်းဒဏ်ရာကြောင့် နှစ်လကြာ ဘေးထွက်ထိုင်နေရတဲ့ ရွန်းနေဟာ ယူရို ၂၀၁၆ မှာ အင်္ဂလန်အသင်းကို ဦးဆောင်ကစားဖို့ရှိနေပါတယ်။ ရွန်းနေဟာ မကြာမီမန်ယူအသင်းမှာရော၊ အင်္ဂလန်အသင်းမှာပါ ပြန်ကစားနိုင်ဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ ရွန်းနေဟာ အင်္ဂလန်အသင်းအတွက် ဂိုးစံချိန်တင် သွင်းယူထားသူလည်းဖြစ်ပါတယ်။ ရွိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းမှာ ရွန်းနေ ဦးဆောင်ပြီး ဆက်လက်ရပ်တည်နေဦးမယ်လို့ ဆိုပါတယ်။ ဟယ်ရီကိန်းက ဒီနှစ်ရာသီမှာ ၂၅ ဂိုးသွင်းယူထားပါတယ်။ တိုက်စစ်မှူးရွန်းနေကတော့ ၁၄ ဂိုးသာသွင်းယူနိုင်ပါတယ်။ သို့ပေမယ့် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွန်းနေကိုပဲ ဆက်လက်အတည်ပြုရွေးချယ်ထားပါတယ်။ ယူရို ၂၀၁၆ မှာ ရွန်းနေရဲ့ ဦးဆောင်မှုနဲ့အတူ အင်္ဂလန်အသင်းကို တွေ့ရဖို့ရှိနေပါတယ်။

ကောင်းမြတ်သူ စုစည်းသည်။

## လိုင်စင်မဲ့ဆေး၊ မူးယစ်ဆေးများနှင့် တရားမဝင်ဆေးများ ရောင်းချခြင်းမရှိစေရန် စစ်ဆေး

**မြန်အောင် မေ ၁၀**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် လိုင်စင်မဲ့ဆိုင်ရာစိတ်ကြွဆေးများ၊ မူးယစ်ဆေးများနှင့် တရားမဝင်ဆေးများ ရောင်းချခြင်းမရှိစေရန် တာဝန်ရှိသူများ မေ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။
မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မျိုးထိုက်၊ မြန်အောင်မြို့မရဲစခန်းမှ ရဲအုပ်တင်ထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြန်အောင်မြို့မရဲစခန်း အပိုင်နယ်မြေအတွင်းရှိ ဆေးဆိုင်များ၊ တည်းခိုခန်းများနှင့် မြန်အောင်မြို့ နေခြည်ဈေးအတွင်းရှိ ဆေးဆိုင်များကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။
**ဝင်းမိုလ်(ပြန်/ဆက်)**




## ဖျာပုံမြို့မြောက်ပိုင်း၌ ရေးပေးဝေမှုမလုံလောက်၍ ပြည်သူများအခက်တွေ့နေ

**ဖျာပုံ မေ ၁၀**
ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မြောက်ပိုင်း အမှတ် (၃)ရပ်ကွက်မှ ပြည်သူများအနေဖြင့် ပုံမှန်ရေပေးဝေမှုကို မရတော့ဘဲ ရေအခက်အခဲဖြစ်နေကြောင်း သိရသည်။
"ကျွန်တော်တို့ မြောက်ပိုင်းချောင်းတွင်းလမ်းမကြီးတစ်လျှောက်က ပြည်သူတွေက ချောင်းတွင်းကျေးရွာ မိုးရေလှောင်ကန်က ပို့လွှတ်တဲ့ရေကို အားထားသုံးစွဲနေရတာပါ။ အရင်က တစ်ရက်ခြားရေပေးနေတာကနေ အခု နှစ်ရက်ခြား ပေးတယ်။ နှစ်ရက်ခြားပေးတော့ ရေရရင် တော်သေးတယ်။ ရေမရတော့ ပိုဆိုးတာပေါ့။ တော်တော်အခက်အခဲဖြစ်နေပါတယ်"ဟု အမှတ်(၃)ရပ်ကွက်မှ ပြည်သူတစ်ဦးက ပြောသည်။
ဖျာပုံမြို့တွင် ရေပေးဝေသော ရေပိုက်လိုင်းများ ပေါက်ခြင်း၊ အဆက်များ ပြုတ်ထွက်ခြင်း စသည်တို့ကို ပြန်လည်ပြုပြင်ရာတွင် ငွေကြေးအခက်အခဲကြောင့် ပြည့်စုံစွာ မပြင်ဆင်နိုင်ခြင်းနှင့် ရေမီတာတပ်ဆင်ခြင်းမရှိဘဲ လျှုဒါန်းထားသည့် သာသနာရေးဆိုင်ရာ နေရာများတွင် ရေကိုစိတ်တိုင်းကျဖွင့်သုံးနေခြင်းများကိုလည်း တာဝန်ရှိသူများက စစ်ဆေးပေးရန် လိုကြောင်း၊ ရေပေးဝေရာတွင် အချိန်မှန်ရန်နှင့် ပြည်သူများ အမှန်တကယ် ရေရရှိစေရန်အတွက် ရေပေးဝေနေသော မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးကာ လိုအပ်သလို ဆောင်ရွက်ပေးစေလိုကြောင်းလည်း ဒေသခံပြည်သူများက ပြောသည်။
ဖျာပုံမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တောင်ပိုင်းသို့ ကန်တော်ကြီးမိုးရေလှောင်ကန်မှရေကို ပေးဝေပြီး မြို့မြောက်ပိုင်း၌ ချောင်းတွင်းကျေးရွာအနီးရှိ မြေသားမိုးရေလှောင်ကန်မှရေကို ပေးဝေလျက်ရှိကာ မြို့မြောက်ပိုင်းရှိ ချောင်းတွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ အမှတ်(၁၆)၊ (၁၄)၊ (၁)နှင့် (၃)ရပ်ကွက်များမှ ပြည်သူများက ရေမီတာများတပ်ဆင်၍ ရေရယူအသုံးပြုနေကြသည်။
**ချမ်းသာ(ဖျာပုံ)**

## ချောင်းခြားချောင်းကူးတံတားကြောင့် ဒေသခံများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ

**ကန့်ဘလူ မေ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချောင်းခြားကျေးရွာအနီး ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပေါ်ရှိ ချောင်းခြားချောင်းကူး သံကူကွန်ကရစ်တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ရာ ယခုအခါတည်ဆောက်ပြီးစီး၍ ပြည်သူများ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။



ချောင်းခြားချောင်းသည် မိုးရာသီချောင်းရေကျချိန်တွင် ရေစီးသန်ပြီး နွေရာသီ ရေကျချိန်တွင်လည်း ရေရှိနေခြင်းကြောင့် ဒေသခံပြည်သူများအဖို့ ယခင်က သွားလာရေးခက်ခဲခဲ့ကြောင်း၊ ဒေသခံများစုပေါင်း၍ ယာယီတံတားထိုးကြသော်လည်း ချောင်းရေနှင့်ပါသွားသည့်အတွက် ချောင်းကူးရန်အခက်အခဲမျိုးစုံ ကြုံတွေ့ရကြောင်း၊ ယခု တံတားကြီးတည်ဆောက်ပြီးသဖြင့် ချောင်းခြားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ ကန့်ဘလူမြို့ပေါ်သို့ သွားလာရာတွင်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် အဆင်ပြေချောမွေ့လာကြောင်း ဒေသခံတစ်ဦးက ပြောသည်။
ချောင်းခြားချောင်းကူးတံတားသည် အရှည် ပေ ၃၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး သံကူကွန်ကရစ်တံတားဖြစ်ကာ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၈၃၀ ဖြင့် ကျွန်းလှမြို့နယ် လမ်းဦးစီးဌာန တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
**မျိုးဝင်းညို(ကျွန်းလှ)**

## သွေးနက်ကျေးရွာ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ချောက် မေ ၁၀**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သွေးနက်ကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စု ၁၁ စုအတွက် ထောက်ပံ့ပစ္စည်းများကို ကျေးရွာမဏ္ဍပ်၌ မေ ၈ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။
ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ မီးဘေးသင့်ပြည်သူများအတွက် သုံးရက်စာ ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ကျပ် ၈၅၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများလှူဒါန်းသော အဝတ်အထည်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် တစ်ကိုယ်ရေကျန်းမာရေးပစ္စည်း ၁၁ ပုံး၊ မိသားစုသုံးပစ္စည်းပုံး ၁၁ ပုံး၊ အိမ်ဆောက်ကိရိယာအိတ် ငါးအိတ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ထောက်ပံ့သောတန်ဖိုးကျပ် ၂၂၀၀၀၀ ရှိ ဆန်အိတ် ၁၁ အိတ်တို့ကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းနှင့် တာဝန်ရှိသူများက မီးဘေးသင့်အိမ်ထောင်စု ၁၁ စုမှ ပြည်သူ ၃၉ ဦးအတွက် ပေးအပ်ခဲ့ကြသည်။
**ဝင်းအိမွန် (ပြန်ဆက်)**



## မြန်မာ့အလင်း စာတည်းထံပေးစာများ

### အများသုံးကန်ရေကို ပိုက်ဖြင့် သွယ်တန်းအသုံးပြုနေ၍ ရေအခက်အခဲကြုံတွေ့နေရ

နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် ဘိုကုန်းနယ်မြေ(၂)၌ နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် အများပြည်သူသုံး ဘုံပိုင်ရေကန်တွင် ဒေသခံပြည်သူများအနေဖြင့် ရေလာရောက်သယ်ယူ၍ အသုံးပြုနေချိန်တွင် နေအိမ်အချို့မှာ ဘုံပိုင်ရေကန်တွင် ရေစုပ်ပန့်နှင့် ရေပိုက်များ အခိုင်အမာတပ်ဆင်ကာ မိမိတို့နေအိမ်များသို့ ပိုက်များဖြင့်ရေသွယ်ယူ၍ အသုံးပြုနေပါသည်။ ထို့ကြောင့် ဘုံပိုင်ရေကန်အတွင်း ရေပြတ်လပ်မှုများ မကြာခဏဖြစ်နေပြီး ဒေသခံပြည်သူများအတွက် ရေအခက်အခဲများဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးပါရန် စာတည်းထံပေးစာမှ တစ်ဆင့် တင်ပြအပ်ပါသည်။
**ရန်အောင်(၁)ရပ်ကွက်မှ ဒေသခံများ**



### လူသွားလမ်းပျောက်အောင် ဈေးရောင်းနေမှု ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ ဆင်မင်းလမ်းပေါ်တွင် ပုံတွင်မြင်တွေ့ရသည့်အတိုင်း လူသွားလမ်း (ပလက်ဖောင်း)ပေါ်နှင့် လမ်းမပေါ်၌ ဈေးသည်များ ဈေးရောင်းချနေသဖြင့် ခရီးသွားပြည်သူများမှာ လမ်းပေါ်မှသွားလာနေရပါသည်။ သို့ဖြစ်၍ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် အဆိုပါလမ်းပေါ်နှင့် လူသွားလမ်းပေါ်တွင် ဈေးရောင်းချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။
**ကိုတင်မောင်ဦး (အလုံ)**



### ဓာတ်အားအပြည့်အဝရရှိရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် (၆၉)ရပ်ကွက်အတွင်း၌ မြို့နယ်လျှပ်စစ်မှ တပ်ဆင်ပေးထားသော ထရန်စဖော်မာတစ်လုံးနှင့် ကိုယ့်အားကိုယ်ကိုးတပ်ဆင်ထားသော ၂၅၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးဖြင့် ဓာတ်အားအသုံးပြုလျက်ရှိရာတွင် (၆၉)ရပ်ကွက် အပိုင်(၄)ရှိ အိမ်ခြေ ၁၅၀ ကျော်မှာ ဓာတ်အားအပြည့်အဝမရရှိသည်မှာ ကြာမြင့်ပြီဖြစ်ပါသည်။ ထို့အပြင် ရပ်ကွက်အတွင်း နေအိမ်များသို့ ဓာတ်အားဖြန့်ဖြူးပေးရန် သွယ်တန်းပေးထားသည့် ဓာတ်အားလိုင်းများမှာလည်း လူတစ်ရပ်လွတ်ရုံသာရှိပြီး ဓာတ်ကြိုးများမှာ ရှုပ်ထွေးလျက်ရှိရာ လမ်းသွားလမ်းလာ ပြည်သူများမှာ မတော်တဆ လျှပ်စစ်အန္တရာယ်ဖြစ်ပွားမည်ကို နေ့စဉ် စိုးရိမ်နေရပါသည်။
သို့ဖြစ်ပါ၍ (၆၉)ရပ်ကွက် အပိုင်(၄)အတွင်း နေထိုင်သော ပြည်သူများ ဓာတ်အားပြည့်ဝစွာ ရရှိရန်နှင့် ဓာတ်ကြိုးသွယ်တန်းမှုများ အန္တရာယ်ကင်းစေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။
**(၆၉)ရပ်ကွက် အပိုင်(၄)မှ ပြည်သူများ**

## သတင်းတိုများ

### နွေရာသီကဗျာနှင့် ပန်းချီသင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ဖွင့်လှစ်ခဲ့သော နွေရာသီ ကဗျာသင်တန်းနှင့် ပန်းချီသင်တန်းဆင်းပွဲကို ကသာမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၉ ရက်က ကျင်းပခဲ့ပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ နွေရာသီကျောင်းပိတ်ချိန်တွင် ကျောင်းသား ကျောင်းသူများ ပန်းချီပညာနှင့် ကဗျာပညာများကို အခြေခံလေ့လာနိုင်ရန်အတွက် သင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှုအောင်(ကသာ)**

### စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန် ရောင်းချမှုမရှိစေရန် စစ်ဆေး

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးမှ ကုန်စုံဆိုင်များနှင့် သီရိရပ်ကွက်နှင့် ဇေယျာရပ်ကွက်များအတွင်းရှိ ကုန်စုံဆိုင်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားသည့် ရတနာအမှတ်တံဆိပ် ငပိများကို ဆက်လက်ရောင်းချခြင်း မရှိစေရေးအတွက် ဆောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်ထွန်းနှင့် သီရိရပ်ကွက်နှင့် ဇေယျာရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က ဧပြီ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## သကြ်န်အကြိုကာလ ယာဉ်စည်းကမ်းပညာပေးခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်လျက်ရှိ

**တနင်္သာရီ ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ သကြ်န်အကြိုကာလ ယာဉ်စည်းကမ်း ပညာပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သကြ်န်ကာလအတွင်း မော်တော်ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် အသံဆူညံသော ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်ခြင်း၊ အိတ်ဇောပိုက်ဖြုတ်၍ မောင်းနှင်ခြင်း၊ သတ်မှတ်ဦးရေ နှစ်ဦးထက်ပို၍ တင်ဆောင်မောင်းနှင်ခြင်းများ မပြုရန်အတွက် တနင်္သာရီမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဧပြီ ၈ ရက်မှစ၍ တနင်္သာရီမြို့မရဲစခန်းအရှေ့ သုခလမ်းနှင့် မင်္ဂလာငယ်လမ်းဆုံနေရာ၌ စစ်ဆေးမှုများ ဆောင်ရွက်ကာ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာမောင်းနှင်ကြရန် ပညာပေးဆွေးနွေးလျက်ရှိသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး လမ်းနှင့်တံတားများ ပြီးစီးသဖြင့် သွားလာရေးအဆင်ပြေ

**ကျောက်ပန်းတောင်း ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တွင်းဖြူးရွာအုပ်စု အင်ပင်ကြီးကျေးရွာ၌ ဒေသခံပြည်သူများစုပေါင်း၍ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ကြသည့် မြေသားလမ်းနှင့် ကွန်ကရစ်တံတား ဆောက်လုပ်မှုလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ လမ်းပန်းဆက်သွယ်သွားလာမှုအဆင်ပြေလျက်ရှိကြောင်းနှင့် လမ်းကို ပိုမိုကောင်းမွန်အောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအကူအညီဖြင့် ထပ်မံအဆင့်မြှင့်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

“လမ်းနဲ့တံတားကတော့ သွားလို့လာလို့ရအောင်လုပ်ပြီးသွားပြီ။ တံတားကို တန် ၆၀ ကျော်ကားတွေ ဖြတ်သန်းသွားနိုင်အောင် အခိုင်အမာလုပ်ပေးထားတာပါ။ လမ်းကတော့ လောလောဆယ် မြေသားလမ်းအဆင့်ပေ့ါ။ နောက်ထပ်တော့ ကျေးလက်ဖွံ့ဖြိုးရေးဌာနအကူအညီနဲ့ လမ်းအဆင့်မြှင့်လို့ရရင်လည်း မြှင့်မှာပေ့ါ။ သူတို့ဆီက အကူအညီမရရင်လည်း ကိုယ့်အားကိုယ်ကိုးပြီး နောက်တစ်ချီ ဂျင်းလမ်းအဆင့်လောက်တော့ ဖြစ်အောင်ထပ်ခင်းဦးမှာပါ။ ဘယ်နှစ်မှာလုပ်ဖြစ်မယ်တော့ မသိသေးဘူးပေ့ါ”ဟု လမ်းနှင့်တံတားလုပ်ငန်းများတွင် လူအားငွေအားပါ ပါဝင်၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည့် အင်ပင်ကြီးကျေးရွာဇာတိ မန္တလေးမြို့တွင်နေထိုင်သူ ဦးဝင်းမြင့်က ပြောသည်။

ခင်းထားပြီးသော မြေသားလမ်းမှာ အင်ပင်ကြီးကျေးရွာမှ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းပေါ်သို့ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး အရှည် ၂မိုင်နှင့် အကျယ် ပေ ၂၀ ရှိသည်။ လမ်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် မတ်လတွင် ပထမအကြိမ်နှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ တွင် ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ပြီး လမ်းဖောက်လုပ်ရာတွင် ယာမြေများနှင့် မလွတ်ကင်းသည့် နေရာများကို ကာလတန်ဖိုးဖြင့် ပေးချေဝယ်ယူခဲ့ရကြောင်း၊ လမ်းပေါ်တွင်ရှိနေသည့် ရေရိုးတစ်ခုကို ဖြတ်ကျော်ရန် အရှည် ၂၃ ပေ၊ အကျယ် ၂၁ ပေရှိ ကွန်ကရစ်တံတားတစ်စင်းကိုလည်း အခိုင်အမာ တည်ဆောက်ခဲ့ပြီး လမ်းနှင့်တံတားလုပ်ငန်းအားလုံး မတ် ၂၀ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**နေအောင် (ပြန် /ဆက်)**



## သီပေါမြို့တွင် နွေရာသီကာလ၌ ရဟန်းခံရှင်ပြုအလှူမင်္ဂလာပွဲများပြား

**သီပေါ ဧပြီ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ကာလ၌ ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာပွဲများကို ဘော်ကြိုဘုရားကြီးနှင့်ဘုန်းတော်ကြီးကျောင်းများ၌ ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

သာသနာ့ဘောင်သို့မဝင်မီ အလှူရှင်များအနေဖြင့် မြို့အနှံ့ရှင်လောင်းလှည့်ကာ သီပေါမြို့၏ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား လာရောက်ကန်တော့ကြပြီး တုံစင်းဘိုးဘိုးကြီးဒေဝါနန်းသို့ ဆက်လက်သွားရောက်၍အန္တရာယ်ကင်းစေကြောင်း အပ်နှံကြသည်။ ရဟန်းခံ၊ ရှင်ပြုပွဲများ၌လည်း ရှေးမူရှေးဟန်မပျက် ဝင်းခင်းခြင်းနှင့်အတူ ရတနာဆင်၊ မြင်းများခြံရံကာ ရဟန်း၊ သာမဏေလောင်းများတင်ဆောင်၍ ရှေးဟောင်းအမွေအနှစ်တစ်ခုကို ယနေ့လူငယ်၊ လူရွယ်များ ဆက်လက်သယ်ဆောင်သွားရန်ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အလှူရှင်တစ်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

## တတိယကြိမ် ဓမ္မရက္ခိတ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

**ချောက် ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သွေးနက်ကျေးရွာ၌ ဖွင့်လှစ်သော ဓမ္မရက္ခိတ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၏ တတိယအကြိမ် သင်တန်းဆင်းပွဲကို ဧပြီ ၉ ရက်က ကျင်းပခဲ့သည်။

ကလေးငယ်များ လိမ္မာယဉ်ကျေးသော လူတော်လူကောင်းများဖြစ်လာစေရန်နှင့် အပြောအဆို ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ရာ မတ် ၂၅ ရက်မှ ဧပြီ ၉ ရက်အထိ ၁၆ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းသို့ သွေးနက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၇၇ ဦး တက်ရောက်ပြီး ကျေးရွာမှ အလှူရှင်များက ကျောင်းသား ကျောင်းသူများ၏ အဝတ်အစား၊ စာအုပ်၊ ဘောပင်၊ ခြိုတဘက်၊ လက်ဆွဲအိတ်နှင့် နေ့စဉ်စားသောက်ရန် ထမင်း၊ အာဟာရများ လှူဒါန်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## မြေပဲနှင့် မြေပဲဆီ စားသုံးခြင်း၏ အကျိုးများ

မြန်မာနိုင်ငံတွင် နှမ်းနှင့် မြေပဲတို့ကို ဆီအဖြစ် အဓိကထား၍ စားသုံးကြသည်။ နှမ်းကို ဆီအဖြစ်လည်းကောင်း၊ လှော်ထောင်း၍ အမှုန့်ပြုကာ အသုပ်များသုပ်ရာတွင်လည်းကောင်း၊ မုန့်များနှင့် ရောနှော၍လည်းကောင်း စားသုံးကြသည်။ မြေပဲကိုမူ ဆီအဖြစ်လည်းကောင်း၊ မြေပဲဆန်အတိုင်း မြေပဲဆားလှော်အဖြစ်လည်းကောင်း၊ မြေပဲယို၊ မြေပဲလိပ်စသည်ဖြင့် မုန့်များအဖြစ်လည်းကောင်း၊ မြေပဲမှုန့်ကို မုန့်များဖြင့်ရော၍လည်းကောင်း နည်းအမျိုးမျိုးဖြင့် စားကြသည်။ မြေပဲသည် အာဟာရဖြစ်သည်ဟု မြန်မာလူမျိုးတို့ ယုံကြည်စွာ စားသုံးလျက်ရှိသည်။

မြေပဲတွင် မပြည့်ဝဆီ(မိုနိုအဆီ)ပါဝင်၍ သွေးအဆီဓာတ်ကို ကောင်းမွန်စေသည်။ မြေပဲတစ်အောင်စတွင် အဆီ ၁၃ ဂရမ်ခန့်နှင့် ကယ်လိုရီ ၁၈၀ ခန့် ပါဝင်သည်။ ကျန်းမာရေးလေ့လာချက်များအရ မြေပဲသည် နှလုံးရောဂါနှင့် သွေးကြောမာကျစ်သော ရောဂါများကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ မြေပဲစားခြင်းဖြင့် နှလုံးသန်စွမ်း၍ ကိုယ်အလေးချိန်ကိုလည်း ကျဆင်းစေနိုင်သည်။

မြေပဲသည် ဗီတာမင်ဘီဓာတ် ကြွယ်ဝသည်။ သံဓာတ်လည်းပါဝင်၍ အစာကြေစေခြင်း၊ ခံတွင်းကောင်းခြင်း၊ အရေပြားပေါ်ရှိ ဖြူနီကွက်များကို ပျောက်စေခြင်း၊ ထုံကျင်နာများ ပျောက်စေခြင်း၊ သွေးအားကောင်းစေခြင်း၊ သွေးလည်ပတ်မှုကောင်းစေခြင်း၊ နှလုံးအားကောင်းစေခြင်းစသော အကျိုးများ ရရှိနိုင်သည်။ ဆံကေသာတွင် လိမ်းပါက ဦးရေကို အေးစေကာ ဆံပင်များကို နက်မှောင်သန်စွမ်းစေသည်။ မျက်လုံးအရောင်တောက်ပစေသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် နှမ်းဆီကို အသုံးများသော်လည်း မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် မြေပဲဆီကို အသုံးများသည်။ မြေပဲဆီသည် ကြော်လှော်ရာတွင် အမြှုပ်မထွက်ဘဲ အကြော်ခံသောကြောင့် မြေပဲဆီကို အသုံးများကြသည်။ မြေပဲကြော်၊ မြေပဲလှော်များသည် စားထားလျှင် ထမင်းကဲ့သို့ အဆာခံနိုင်ပြီး အာဟာရလည်း ပြည့်ဝသည်။



မြေပဲနှင့် မြေပဲဆီများကို စားသုံးခြင်းဖြင့် ထုံနာ၊ ကျင်နာ၊ ဒူးနာ၊ ခါးနာ၊ နှလုံးရောဂါ၊ သွေးအားနည်းရောဂါ၊ သွေးကြောအဆီပိတ်ရောဂါများကို ကာကွယ်နိုင်သလို အသားအရေကြမ်းတမ်းသူများ၊ အသားခြောက်သွေ့သူများအတွက်လည်း သင့်တော်သဖြင့် မြေပဲနှင့် မြေပဲဆီ သန့်သန့်များကို အစာလည်းဆေး ဆေးလည်းအစာအဖြစ် သင့်တင့်မျှတစွာ စားသုံးသင့်ပါသည်။

**ခင်သန်းဦး(ဖန်ခါးမြေ)**

# ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေး

**ရေကြည် မေ ၁၀**
ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အတွင်း သောက်သုံးရေပြတ်လပ်သည့် အခက်အခဲနှင့် ကြုံတွေ့နေရသော မိဿလင်ကျေးရွာအုပ်စု ရယ်ခုန်ကျေးရွာနှင့် ဆင်သေကျေးရွာများသို့ သောက်သုံးရေများကို မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ရေသယ်ယာဉ်များဖြင့် မေ ၈ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ငါးသိုင်းချောင်းမြို့ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီး၊ ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးဖြင့် သောက်သုံးရေများကို ကျေးရွာသုံးရွာသို့ နှစ်ခေါက် သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျေးရွာများရှိ အိမ်ခြေ ၃၀၀ ခန့်အတွက် လတ်တလောအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးရွာများတွင် သောက်သုံးရေသိုလှောင်ထားရှိမှုအခြေအနေနှင့် အနီးစပ်ဆုံးရေရရှိနိုင်မည့်နည်းလမ်းများကိုလည်း တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသည် ရေကြည်မြို့နယ်နှင့် ရခိုင်ပြည်နယ်နယ်စပ် ဂွ-ငါးသိုင်းချောင်း တောင်ကြောလမ်းအရှေ့ဘက်တွင်ရှိပြီး နှစ်စဉ် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုကြုံတွေ့ရကြောင်း၊ ကျေးရွာများရှိ တောင်ကျချောင်းငယ်ရေများမှာလည်း ဆောင်းဦးကာလခန့်အထိသာရရှိကြောင်း၊ ရေတွင်းရေကန်တူးဖော်ရန်လည်း ရေကြောနှင့် မြေအမျိုးအစားကြောင့် အခက်အခဲရှိနေသဖြင့် လက်ရှိအချိန်အထိ နှစ်စဉ် ရေပြတ်လပ်မှုကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် နှစ်စဉ်နွေရာသီ ရေပြတ်လပ်သည့်အချိန်တွင် သုံးမိုင်ခန့်ကွာဝေးသော ကုန်းပြင်တိုက်နယ်မှ သောက်သုံးရေများ သွားရောက်သယ်ယူကာ သိုလှောင်ထားရကြောင်း၊ ယခုကဲ့သို့ ဌာနဆိုင်ရာအဖွဲ့အစည်းများက လတ်တလော သောက်သုံးရေအခက်အခဲကို ကူညီဖြေရှင်းပေးခြင်းအပြင် ရေရရှိနိုင်မည့် နည်းလမ်းများကိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေသဖြင့် ကျေးဇူးတင်ကြောင်း၊ နှစ်စဉ်ကြုံတွေ့နေရသော သောက်သုံးရေပြတ်လပ်မှုများကို အမြန်ဆုံးအဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# သင်္ကြန်ကာလအတွင်း မှုခင်းလျော့နည်းရေးအတွက် ဆေးဆိုင်များတွင် လိုင်စိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းရှိ မရှိ စစ်ဆေး

**မလှိုင် မေ ၁၀**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမှတ် (၄) ရပ်ကွက်နှင့် မြို့မဈေးပတ်ဝန်းကျင်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် လိင်စိတ်ကြွဆေးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ ရောင်းချခြင်းရှိ မရှိကို တာဝန်ရှိသူများက မေ ၇ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သန်း၊ မလှိုင်မြို့မရဲစခန်းမှူး ဒုရဲမှူးတင်မောင်သန်း၊ ကျန်းမာရေးဦးစီးဌာန (မြို့မနယ်မြေ)မှ တာဝန်ရှိဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသန်းစိုးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ခြင်းဖြစ်သည်။



မြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်သန်းက "သင်္ကြန်ပွဲတော်ကာလအတွင်းမှာ မလိုလားအပ်တဲ့ ပြဿနာများ မဖြစ်ပွားအောင်၊ သင်္ကြန်ရက်မတိုင်ခင်မှာ ခုလိုကြိုတင်စစ်ဆေးခြင်းဖြစ်ပါတယ်။ အထူးသဖြင့် သင်္ကြန်ပွဲတော်ကာလမှာလည်း စောင့်ကြည့်စစ်ဆေးသွားမှာပါ၊ ဥပဒေအရ တားမြစ်ထားသော ဆေးဝါးများကို ရောင်းချခြင်း မပြုဖို့ ကြားကာလတွေမှာလည်း အသိပေးပြောကြားထားပြီး ဖြစ်ပါတယ်" ဟု ပြောသည်။

စစ်ဆေးရေးအဖွဲ့သည် အမှတ် (၄) ရပ်ကွက်နှင့် မြို့မစည်ပင်သာယာဈေး ပတ်ဝန်းကျင်တွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသော နိုင်ငံခြားဆေးပစ္စည်း အရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ဥပဒေအရ တားမြစ်ထားသော ဆေးဝါးများကို ရောင်းချခြင်း မပြုလုပ်ရန်နှင့် စစ်ဆေးတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း ဆေးဆိုင်ရှင်များအား အသိပေး ပြောကြားခဲ့သည်။ **အောင်ဌေး(မလှိုင်)**

# သူငယ်တန်းသင် ဆရာဆရာမများလေ့ကျင့်ရေး ပြည်နယ်အဆင့် နည်းပြသင်တန်းဆင်း

**ဟားခါး မေ ၁၀**
အခြေခံပညာဦးစီးဌာနက ဦးစီးဖွင့်လှစ်သော သူငယ်တန်း( KG )သင် ဆရာဆရာမများအား လေ့ကျင့်သင်တန်းပေးရေး ပြည်နယ်အဆင့်နည်းပြသင်တန်း၏ သင်တန်းဆင်းပွဲကို ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ မေ ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးဦးမြင့်တင်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးသိန်းဆောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်ထံ ပေးအပ်သည်။ သင်တန်းသို့ ချင်းပြည်နယ်အတွင်းရှိ ပလက်ဝမြို့နယ်မှအပ ကျန်မြို့နယ်ရှစ်ခုမှ တစ်မြို့နယ်လျှင် ဆရာ ဆရာမ ၂၀ စီ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၂၂ ရက်မှ မေ ၇ ရက်ထိ ရက်သတ္တသုံးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



# ကော့သောင်းမြို့တွင် လိုင်စင်မဲ့အရက်ရောင်းချဆိုင်များ စစ်ဆေးအရေးယူ

**ကော့သောင်း မေ ၁၀**
မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကာလအတွင်း အရက်သေစာ သောက်စားမူးယစ်မှုကြောင့် မလိုလားအပ်သည့်မှုခင်းနှင့် ပြဿနာများ လျော့နည်းကျဆင်းရေးအတွက် မြို့နယ်အတွင်းရှိ လိုင်စင်မဲ့အရက်ဆိုင်များနှင့် လိုင်စင်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိသည့် အရက်အရောင်းဆိုင်များကို ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့က မေ ၈ ရက် ညပိုင်းက လှည့်လည်စစ်ဆေးခဲ့ပြီး လိုင်စင်မဲ့အရက်ရောင်းချသည့်ဆိုင်တစ်ဆိုင်ကို အရေးယူခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက်အတွင်း တရားမဝင်လိုင်စင်မဲ့အရက်များ ရောင်းချနေသည့် အရက်အရောင်းဆိုင်တစ်ဆိုင်၌ လိုင်စင်မဲ့ ပြည်တွင်းဖြစ်အရက်မျိုးစုံကို ရောင်းချနေသဖြင့် ယစ်မျိုးဥပဒေဖြင့် အရေးယူပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်အတွင်းမှ စားသောက်ဆိုင်နှင့် ကုန်မျိုးစုံအရောင်းဆိုင်လုပ်ငန်း လုပ်ကိုင်သူများအား ရပ်ကွက်တာဝန်ရှိသူများမှတစ်ဆင့် ခေါ်ယူတွေ့ဆုံကာ သောက်စားမူးယစ်မှုကြောင့် မလိုလားအပ်သည့်ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ပညာပေးပြောကြားခဲ့ပြီး လိုင်စင်မဲ့အရက်များ ရောင်းချခြင်းမပြုရန်လည်း သတိပေးမှုများ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# အယ်နီညိုရာသီဥတုဒဏ် ကာကွယ်ရေးနှင့် ရေကိုအကျိုးရှိစွာသုံးစွဲရေး ဟောပြော

**စဉ့်ကိုင် မေ ၁၀**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအနေဖြင့် အယ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေးအတွက် အသိပညာပေးဟောပြောပွဲကို စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လိုက်နာဆောင်ရွက်သင့်သည့်နည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးက အယ်နီညိုရာသီဥတုဖြစ်စဉ်များနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မာစန်းက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားသင့်သည့် အချက်များကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်တင်တင်ထွေးက အယ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ အပူဒဏ်ကာကွယ်ရေးနှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် အယ်နီညိုရာသီဥတုဒဏ် ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# (၇၇)နှစ်ပြည့် မွေးနေ့မင်္ဂလာ ဆုမွန်လွှာ
# နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက
# အနန္တဂိုဏ်းဝင် ကျေးဇူးရှင် “မိခင်ကြီးသုမင်္ဂလာ ဒေါ်ညွန့်ညွန့်”၏

မြန်မာသက္ကရာဇ် ၁၃၇၇ခုနှစ် တန်ခူးလဆန်း (၄)ရက်၊ ၁၁-၄-၂၀၁၆ရက် (တနင်္လာနေ့) တွင်ကျရောက်သော မွေးနေ့မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီးလျှင် လူမှုရေးအကျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ကျန်းကျန်းမာမာဖြင့် ဆောင်ရွက်နိုင်၍ သာယာချမ်းမြေ့သော မိသားစုဘဝခရီးလမ်းကို ချစ်သောခင်ပွန်း၊ သားသမီး၊ မြေးများနှင့်အတူ အသက်ထက်ဆုံးပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ခင်ပွန်း** - ဦးထွန်းဖေ (နာယက) နိုင်မိသားစု ကုမ္ပဏီလီမိတက်

**ချစ်သားသမီးများ** -
၁။ ဦးမြင့်နိုင်-ဒေါ်အေးအေးနိုင်
(Naing One Construction Materials Trading Co.,Ltd)
၂။ ဦးသက်နိုင်-ဒေါ်စောကေခိုင်
(Naing Mahar Mandalay Trading Co.,Ltd)
၃။ ဒေါက်တာအေးအေးနိုင်
(ကထိက-သမိုင်းဌာန၊ ဟင်္သာတတက္ကသိုလ်)
၄။ ဦးဝင်းနိုင်-ဒေါ်နှင်းလဲ့ကြည်ပြာ
[Yoon Iron Steel Trading Co.,Ltd
“ကိုဝင်းနိုင်”ကာလာစတီးလ်နှင့် သွပ်ပြားဖြန့်ချိရေး]
၅။ ဦးထွန်းထွန်းနိုင် (Managing Director)
(Nyunt Myint Mo Industrial Co.,Ltd)
၆။ ဒေါက်တာငွေငွေနိုင်
(လက်ထောက်ကထိက-ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)
၇။ ဦးမျိုးမင်းနိုင်
(Naing Seven Construction Materials Trading Co.,Ltd)
၈။ ဦးသန်းနိုင် (Managing Director)
[Naing Family Construction Materials Trading Co.,Ltd
“နိုင်မိသားစု” ကာလာစတီးလ်အမိုးနှင့် သွပ်ပြားဖြန့်ချိရေး]
၉။ ဦးမျိုးမြင့်-ဒေါ်သန္တာဝင်း
[Myo Naing Nine Int'L Trading Co.,Ltd
Naing-Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး]
၁၀။ ဦးဖြိုးဝေနိုင်-ဒေါက်တာနန်းခင်ဝတ်ရည်
(Naing New Generation Trading Co.,Ltd)

**ချစ်မြေးများ** - ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါးဂါး၊ ကူကူး၊ ကိုအုပ်၊ စနိုး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ဆုနဒီနိုင်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်။




ဆွေသဟာ ရဲ့ ၅၅ မိနစ် အခမဲ့ပြော အစီအစဉ်သည်
မိနစ် ၆၀ ဖုန်းခေါ်ဆိုမှုတိုင်းအတွက် ဖြစ်ပြီး အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ညနေ (၆) နာရီ နှင့် ည (၁၀) နာရီကြားမှလွဲ၍ ကြိုက်သည့်အချိန်တွင် ဤအစီအစဉ်အား အသုံးပြုနိုင်ပါသည်။
- ဖုန်းတစ်ခါခေါ်တိုင်း တစ်နာရီအတွင်းဆက်တိုက်ပြောဆိုမှုများအတွက် ပထမ (၅) မိနစ်စာအတွက်သာ ကျသင့်မည်ဖြစ်ပြီး နောက်ထပ် (၅၅) မိနစ်ထိ အခမဲ့ပြောဆိုနိုင်ပါသည်။
- မိနစ် ၆၀ ကျော်လွန်သွားပါက ပုံမှန်နှုန်း ၁မိနစ် ၂၃ ကျပ်ဖြစ်ပါသည်။
- ဤအစီအစဉ်သည် MPT ဖုန်းအချင်းချင်းခေါ်ဆိုရန် အတွက်သာဖြစ်ပါသည်။
- ဆွေသဟာကို အခမဲ့စာရင်း ပေးသွင်းဖို့ "SWE" ဟု 1332 သို့ SMS ပေးပို့လိုက်ပါ။

ဤအစီအစဉ်မှာ ၂၀၁၆ ခုနှစ်
ဧပြီလ (၁၆) ရက်နေ့အထိ ဖြစ်ပါသည်။

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

*၂၀၁၆ ဧပြီလ ၁ ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday

# တာမွေလမ်းဆုံခုံးကျော်တံတား ဦးချစ်မောင်လမ်းဘက်ခြမ်း မဟာသင်္ကြန်အကျနေ့တွင် စတင်ဖြတ်သန်းခွင့်ပြုမည်




သင်္ကြန်အကျနေ့တွင် စတင်ဖြတ်သန်းသွားလာခွင့်ပြုမည့် တာမွေလမ်းဆုံခုံးကျော်တံတား ဦးချစ်မောင်လမ်းဘက်ခြမ်းကို တွေ့ရစဉ်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရွှေတောင်ကုမ္ပဏီက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားပင်မလမ်းကြောင်း ဦးချစ်မောင်လမ်းဘက်ခြမ်း အပိုင်း(၁)ကို ဧပြီ ၁၃ ရက်(သင်္ကြန်အကျ)နေ့တွင် ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ရွှေတောင်ဆောက်လုပ်ရေးအနေဖြင့် တင်ဒါအောင်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ *စာမျက်နှာ ၇ ကော်လံ ၁* ❖

## မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ဖွင့်လှစ်ရောင်းချရန် စီစဉ်ထား

**ရန်ကုန် ဧပြီ ၁၀**

သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလ ဧပြီ ၉ ရက်မှ ၂၀ ရက်အတွင်း ပြည်သူများ ခရီးသွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၁ ဆိုင်ရှိသည့် အနက် ၃၅ ဆိုင်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေးမြို့၌ တစ်ဆိုင်နှင့် ပလိပ်မြို့၌တစ်ဆိုင် စုစုပေါင်း နှစ်ဆိုင်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်းမြို့၌ နှစ်ဆိုင်နှင့် ချောက်မြို့၌ တစ်ဆိုင် စုစုပေါင်း သုံးဆိုင်ကို လည်းကောင်း ပိတ်ရက်မရှိ နေ့စဉ်ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်နှင့် မန္တလေး မြို့တော်မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲများ မြန်မာ့ရုပ်မြင်သံကြား မှ တိုက်ရိုက် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၁၀**

ဧပြီ ၁၂ ရက်(သင်္ကြန်အကြိုနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ၊ ညနေ ၅နာရီတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ဧပြီ ၁၂ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ ကျင်းပမည့် မဟာသင်္ကြန် မြင်ကွင်းများကို မြန်မာ့ရုပ်မြင်သံကြား News Channel မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်

**နေပြည်တော် ဧပြီ ၁၀**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ဧပြီ ၁၀ ရက်ထုတ်ပြန်ချက်အရ အမြင့်ဆုံး အပူချိန်စံချိန်သစ်အဖြစ် ဟဲဟိုး၌ ၃၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး စခန်းဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၃၇ နှစ်အတွင်း အမြင့်ဆုံးအဖြစ် လည်းကောင်း၊ စစ်ကိုင်း၌ ၄၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး စခန်းဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၅၂ နှစ်အတွင်း အမြင့်ဆုံးအဖြစ်လည်းကောင်း စံချိန်တင်ခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

KBZ BANK
STRENGTH OF MYANMAR

- အခိုင်မာဆုံးနှင့် ယုံကြည်စိတ်ချရဆုံးဘဏ်
- ဝန်ဆောင်မှုအကောင်းဆုံးနှင့် ဆက်ဆံရေးအကောင်းဆုံးဘဏ်
- မိဘပြည်သူများအတွက် အားထားရဆုံးဘဏ်

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်